www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဒို့အရေး(၃)ပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုကြည့် ဘေးကင်းသည်

---

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

---

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး
- ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပေါ်ပေါက်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဦးမဏိဒီပါဒေဝတို့

စီစဉ်သူ

ဗိုဓိုးအိ

# ဇော်ထက်အောင်

## စဝ်ရှန်နိုင် နှင့် ဏုတ္ထိယသတ္တိ ၂

...ချက်အမှတ်-၁၀၁၆/၂၀၀၃(၇)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် -၁၀၈၃/၂၀၀၃(၉)၊
...အကြိမ်၊ ထုတ်ဝေသည့်ကာလ ၂၀၀၄-ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ ၅၀၀အုပ်၊
.../ မျက်နှာဖုံးပန်းချီ တင်ရွှေချို(စိန်နဂါး)၊ ထုတ်ဝေသူ ဦးခင်မောင်သိန်းဆွေ (၀၇၄၇)
...စာပေ၊ တိုက်-၂၄၀ အခန်း-၃၊ ဗေယျာသုခလမ်း၊ ၂၅-ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
...ပုံနှိပ်သူ ဒေါ်ခင်စီ(၀၂၅၀၇)၊ ပြည်ဦးအော့ဖ်ဆက်ပုံနှိပ်တိုက်၊ ၁၅၈၊ ၃၇လမ်း၊ ရန်ကုန်မြို့။
...ဖွယ်တော်၊ စာအုပ်ချုပ် (မောင်မောင်) မိုးဆမ်းပန်းစာပေ ၁၉/၂၁၊ ကျောင်းလမ်း၊
...ညွှန်း၊ တစ်ပြည်လုံးဖြန့်ချိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



( အမှာ‌င့် )



www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကောင်ဆိပ်ကမ်း တစ်နေရာ။

ရောမပင်လယ်ကူး သင်္ဘောကြီးကိုရယ်လ်ကွင်းသည် ထွက်ခွါဖို့ အဆင်သင့်ဖြစ်နေသည်။

သင်္ဘောကြီး၏ တတိယကုန်းပတ်ပေါ်မှာ ခရီးသည်တွေအားလုံးနီးပါး ထွက်ရပ်ကာလက်ပြ နှုတ်ဆက်ကြသူ ဆွေမျိုးမိတ်သင်္ဂဟတွေအား လက်ပြနှုတ်ဆက်နေကြသည်။

သင်္ဘောကြီးပေါ်က ပန်းလိပ်စက္ကူကြီးတွေ ပစ်ချကာ တစ်ဖက်စီကိုင်၍ နှုတ်ဆက်နေကြသည်။





ကိုရယ်လ်ကွင်းသည် ခရီးသည်တစ်ထောင်အထိတင်ဆောင်သော ရောမပင်လယ်ကူးအပျော်စီး ခရီးသည်တင်သင်္ဘောကြီးဖြစ်၏။

တင်းနစ်ကွင်း၊ ရေကူးကန်တို့ပင် ပါဝင်ပြီး ပန်းအိုးကြီးတွေအများအပြားတင်ထားရာ ရေပေါ်ပန်းခြံတစ်ခုပမာလည်းဖြစ်သည်။

ရေကြောင်းကျွမ်းကျင်သူတွေက ကိုရယ်ကွင်းသည် ကမ္ဘာပေါ်မှာ အလှဆုံးခရီးသည်တင် အပျော်စီးသင်္ဘောကြီးဖြစ်သည်ဟုယူဆကြပါသည်။

ကိုရယ်လ်ကွင်း သို့မဟုတ် သန္တာဘုရင်မသင်္ဘောကြီးကိုပိုင်ဆိုင်သည်မှာ ဟောင်ကောင်တွင်အခြေစိုက်သော အာရှသင်္ဘောကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

ယခု . . .

ကိုရယ်လ်ကွင်းသည် ဟောင်ကောင်မှ မြန်မာပြည်၏ အမည်ကျော် ငပလီဆိပ်ကမ်းအထိ အပန်းဖြေခရီးတွင် ခရီးသည်အများအပြား တင်လာခြင်းဖြစ်သည်။

သင်္ဘောပေါ်မှာပါသော တီးဝိုင်းဖျော်ဖြေရေးဂီတသံသာများ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



စတင် တီးမှုတ်ချိန်တွင် ကျောက်ဆူးကိုနုတ်ကာ ဆိပ်ကမ်းမှ ခွာလေပြီ။ သင်္ဘောလက်ရမ်းမှာ ရပ်နေသူတစ်ယောက်က စက်ဘ်ပူနိုင်ငံသား ဘယဆေးပညာရှင် မစ္စတာရက်ဂျက်လီ ဖြစ်သည်။

မစ္စလီတာလီသည် လူမှုရေးစိတ်ဓာတ်အပြည့်အဝရှိပြီး မြန်မာပြည်ကို စိတ်ဝင်စားသူလည်းဖြစ်ကာ ပေလီကအပြန် ရန်ကုန်မြို့မှ မိတ်ဆွေဆီဝင်လည်ဖို့ စဉ်းစားနေသည်။

သူ၏နဘေးက စီးကရက်ဘူးနံ့စူးစူးကြောင့် နှာခေါင်း မသိမသာရှုံ့ကာ လှည့်ကြည့်လိုက်တော့ ရောမလူတွေး တစ်ယောက်ဖြစ်သည်။

အဝတ်အစားက မသပ်မယပ် လူပုံကညှင်းသိုးသိုး နပန်းသမားတစ်ယောက်နှင့်တူသူ လူဝကြီးက မစ္စတာလီအား

"ဘာလဲ ကိုယ်လူက စီးကရက်နံ့မခံနိုင်ဘူးလား" မေ လှောင်ပြောင်သရော်လေ၏။

မစ္စတာလီက ယဉ်ကျေးစွာ "ရပါတယ် မိတ်ဆွေး ကျွန်တော်က စက်ဘ်ပူက ရက်ဂျက်လီပါ" ဟု မိတ်ဆက်ရင်း လက်ကမ်းပေး၏။





"အေး . . ငါက ချွန်း . . ဂါလာချွန်း၊ ဒါပေမယ့် ဆာကိုချွန်းလို့ လူသိများတယ်ကွ၊ ဟဲ . . ဟဲ . . ဟဲ"

ချွန်း ပြောဆိုရယ်မောရင်း မစ္စတာလီ၏ လက်ကိုဆွဲညှစ်လေရာ၊ ပစ္စတာလီ၏မှာ လက်ချောင်းကလေးတွေ ကျိုးကျေသွားပြီးလားဟုပင် ခံရလေသည်။ နာကျင်လွန်းသဖြင့် ဇောချွေးတွေ ပင်ပြန်လာရသည်။

ဂါလာချွန်းသည် လူကိုအသေသတ်သော ဆာကိုနပန်း ပညာရှင်ဟုသာသိလျှင် လန့်၍မေ့မျောပင်သွားနိုင်၏။

မစ္စတာလီနှင့် မလှမ်းမကမ်းမှာတော့ ဆံနွယ်ပိတုန်းရောင်၊ မျက်လုံးညိုညို၊ ဖြူဖွေးနေသော အသားအရောင်နှင့် ဥရောပသူဆန်ဆန်လှသည့် မိန်းမချောကလေးတစ်ယောက်သည် ကျစ်လစ်သော ကိုယ်နေဟန်နှင့် အရှေ့တိုင်းသူကလေး တစ်ဦးကို မိတ်ဆွေဖွဲ့နေလေသည်။

"ကိုယ်က ရီဘတ်ကာ၊ မင်းနဲ့ တစ်ခန်းထဲနေရမှာ မင်းကရော"

"ကိုယ်က အိမ့်မွန်တဲ့၊ မြန်မာပြည်ကပါ"

"အိုင်မွန်း ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



" အိမ့်မှန် "

" အိုင်မွန်းအေး မင်းတို့မြန်မာပြည်ကို ရောက်ဖူးတယ်၊ အလွန်သာယာလှပတဲ့ တိုင်းပြည်ပါကွာ . . "

နောက်တစ်နေရာမှာတော့ ဦးထုပ်ကို ခပ်ငိုက်ငိုက် စောင်းကာ နေကာမျက်မှန်တပ်ထားသူသည် သူလိုမဲရုပ်ဖျက် ထားသူနှင့် တီးတိုးစကားပြောနေသည်။

" အားလုံး အိုကေပဲလား ချူ "

" အိုကေပါတယ် ဆရာနတ် "

" မိုက်ကယ်လီတို့အားလုံး ပါတယ်နော် "

" ပါပါတယ် စိတ်ချပါ "

" ငါတို့ကို စောင့်ကြည့်နေသူ ရှိသေးသလား "

" မရှိပါဘူး ဆရာနတ် "

" စုထောက်တွေကို သတိထားကွ၊ အထူးသဖြင့် အာရှ ပုလိပ်အဖွဲ့ဝင်တွေကို သတိထား "

" ကောင်းပါပြီ "

ကိုရယ်လ်ကွင်းက ကမ်းမှခွာခဲ့လေပြီ၊ တစ်နာရီ ရေမိုင် သုံးဆယ်နှုန်းဖြင့် ခုတ်မောင်းနေပြီ။





သင်္ဘောသားနှစ်ယောက်သည် ကပ္ပိတန်အဒွမန် ဘာစိုးထွန်းထံလာ၍ အရေးတကြီး သတင်းပို့၏။

ကပ္ပိတိန်ကြီးက မြန်မာရေကြောင်းပညာရှင် မာစတာ ကြီးဖြစ်သည်။

" ဘာလဲကွ "

" ခရီးသည်တွေ ယူလာတဲ့ကြိမ်ခြင်းတစ်လုံးထဲက ဒါတွေ တွေ့တယ် ကပ္ပိတိန် "

စားပွဲခင်းတွေဖြင့် ထုတ်ယူလာသော ပစ္စည်းတွေကို ပြ၍။ မောင်းပြန်သေနတ် နှစ်လက်ဖြစ်နေသည်။

ဟေး . . ကပ္ပိတိန်ကြီး အထူးပင် မှုပန်စိတ်လှုပ်ရှား ရလေသည်။ နောက်တစ်နေ့တွင်တော့ ကပ္ပိတိန်ကြီးမာလိန်စင် ပေါ်မှာရှိနေစဉ် မောင်းပြန်သေနတ်တွေ ကိုင်ထားသော လူ ဆယ်ယောက်ဝင်လာ၏။

" ဟေ့လူတွေ၊ ခင်ဗျားတို့ ဘာတွေ . . . "

ကပ္ပိတိန်ကြီး စကားမဆုံးလိုက်ပါ။ သူ့ကို သေနတ်နှင့် ချိန်ထားခံလိုက်ရပြီ။ ဥရောပဝတ်စုံကို ဝတ်ဆင်ထားသူ တစ် ယောက်ထပ်ဝင်လာကာ . . .



www.burmeseclassic.com

www.burmeseclassic.com



" တည်တည်ငြိမ်ငြိမ်နေပါ ကပ္ပိတိန်၊ ကျုပ်တို့ ခင်ဗျားရဲ့ သင်္ဘောကို သိမ်းထားလိုက်ပါပြီ" ဟုဆိုလေသည်။

" ခင်ဗျားတို့ ဘယ်သူတွေလဲ "

" ရက်ဒ်ဝုဗ် ဝံပုလွေနီအဖွဲ့ "

" ဟာ "

ကပ္ပိတိန်ကြီးမှာ အံ့သြရပြန်၏။ အင်ဒိုချိုင်းနားပင်လယ်ပြင်မှာ အင်္ဂလားပင်လယ်အော်မှာ အထူးနာမည်ကြီးနေသော ပင်လယ်ဓားပြအဖွဲ့။

ဝံပုလွေနီတဲ့ . ။

သင်္ဘောဆက်သွယ်ရေး အရာရှိသည်လည်း မြန်မာနိုင်ငံဖွားဖြစ်၏။ သူက ဝံပုလွေတွေ သင်္ဘောပေါ်ပါလာကြောင်း သတင်းဖြန့်ပို့ထားစဉ် . . .

ဝံပုလွေနီအဖွဲ့သည် ပထမဆုံး ရက်စက်ပြလိုက်ပြီ။ ရေဒီယိုအရာရှိကို ထုဆောင်းရိုက်ပုတ်ကာ အခန်းတစ်ခန်းထဲ အချုပ်ပိတ်ထားလိုက်၏။

နောက် ဒုတိယကံဆိုးသူက သင်္ဘောဆရာဝန် ဆရာဝန်ကိုလည်း သူတို့ပြောသလို မလုပ်၍ဟုဆိုကာ ကျိုးပဲ့သွားအောင်





ရိုက်နှက်ပြီး ပိတ်လှောင်ထားလိုက်ပြန်၏။

နောက်ဆုံးတော့ ဝံပုလွေနီများသည် သင်္ဘောကြီးတစ်ခုလုံးကို စီးမိသွားသည်။ သို့သော် ခရီးသည်တွေ လုံးဝမသိသေး။ ဝံပုလွေတွေက ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရန် ဆက်သွယ်ရေးအရာရှိ အသစ်တောင်း၏။

သင်္ဘောသားတွေထဲမှာ ဆက်သွယ်ရေး ကျွမ်းကျင်သူမပါ။ ခရီးသည်တွေထဲက လိုက်ဖွေ၏။ နောက်ဆုံး မိန်းမချောကလေးတစ်ယောက်ထွက်လာသည်။

" ကျွန်မ ဆက်သွယ်ရေးစနစ် ကွန်ပျူတာဒေတာတွေကို ကိုင်တွယ်တတ်တယ်၊ ဘာ ကူညီရမလဲ "

" မင်း နာမည်က . . "

" ရီဘက်ကာ "

" မင်း ဘယ်တာလဲ "

" ဟောင်ကောင်ကပါလေ "

" အေး . . ဆက်သွယ်ရေးအရာရှိ နေမကောင်းလို့ သူ့ကိုယ်စား ဆက်သွယ်ပေးရမယ် "

" ရပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဒါပေမယ့် တို့ပြောမှ ခေါ်ရမှာကြားလား "

" နေပါဦး၊ ရှင်က သင်္ဘောအရာရှိလား၊ ဘာအဆင့်လဲ "

" ဒီမယ် ရီဘတ်ကာ မင်းဘာမှ မစပ်စုနဲ့၊ အေး . . ငါ့နာမည်မှတ်ထား ချူဟာဝမ်ကြီးတဲ့ "

" ကျွန်မကြားဖူးပါတယ်၊ ရှင်ဟာ နာမည်ကျော် ဘောက်ဆာတစ်ယောက်ပဲ "

" အေး . . မင်းပြောတာမှန်တယ်၊ ဒီမှာ ရီဘတ်ကာ ဝံပုလွေနီဆိုတာရော မင်းကြားဖူးလား "

" ကြားဖူးတယ်၊ နာမည်ကျော် ပင်လယ်ဓားပြတွေပဲလေ "

" အေး . . ငါဟာ ကစ်ဘောက်ဆာ၊ ပြီးတော့ ငါဟာ ဝံလုလွေနီပဲ "

" အို "

" ငါတို့ ဒီသင်္ဘောကြီးကို သိမ်းထားလိုက်ပြီ "

" ဘုရားရေ နေပါဦး၊ ရှင်က ခေါင်းဆောင်လား "

" မဟုတ်ဘူး၊ ငါ့ဆရာ ဆရာနတ်ဆိုတာ ရှိသေးတယ် "

" သြော် . . ဒဲ ပြော၊ ကျွန်မ ရှင်တို့အတွက် ဘာလုပ်





ပေးရမလဲ "

" ကိုရယ်လ်ကွင်းကို ဝံပုလွေနီတွေက စီးထားပြီဟု အသံလွှင့်လိုက်ကွာ "

" ကောင်းပြီ "

ရီဘက်ကာက သတ္တိခဲမလေးဖြစ်သည်။ တွေ့နေရသော ပြဿနာကို တည်ငြိမ်စွာရင်ဆိုင်ကာ ချူဟာဝမ် ပြောသည့်အတိုင်း ဆက်သွယ်ရေး ကွန်ပျူတာများအား ကိုင်တွယ်၍ နိုင်ငံတကာရေကြောင်း သတင်းပို့ချက်များအတိုင်း သတင်းရှိလေသည်။

" ဟဲလို . . ကျွန်မ ရီဘတ်ကာပါ၊ အမ်ဗွီကိုရယ်လ်ကွင်းကပါ၊ ခု ကျွန်မတို့ သင်္ဘောကြီးကို ဝံပုလေနီအဖွဲ့က ထိန်းသိမ်းချုပ်ကိုင် ထားလိုက်ပါပြီ၊ ကျွန်မတို့ကို အကူအညီ ပေးကြပါရှင် "

ရီဘတ်တာ၏ သတင်းပို့ချက်ကို ဖမ်းမိချိန်မှာ ကိုရယ်လ်ကွင်းသည် ဘင်္ဂလားပင်လယ်အော်ကြီးကို ဖြတ်သန်းနေပြီဖြစ်၏။ မြန်မာ့ရေကြောင်းမှတစ်ဆင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးအဖွဲ့ထံ သတင်းရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေလေတိုင်း မှိုင်းပြာရီလို့နေ၏။ တောင်ပြာတောင်ကြီးတွေက အထပ်ထပ်ဝန်းပတ်ကာ ရံလို့ထားသည်။

လွယ်မွေတောင်ကျော တစ်နေရာ . .။ လူသူအရောက်အပေါက် အလွန်နည်းလှပြီး မြို့ရွာတွေနှင့်လည်း အလှမ်းဝေးလှကာ ခေါင်လွန်းသောနေရာဖြစ်သည်။

ပင်လယ်ရေပြင်အထက် ပေရှစ်ထောင်ကျော်မြင့်သော တောင်ပေါ်ဒေသဖြစ်သဖြင့် တောင်ခိုးတွေဝေ၍နေလေသည်။ တောင်အရပ် လွင်ပြင်ဆီက ခွတ်၍တိုက်လာသော လေသည်





မရပ်မနားတဝူးဝူး အော်မြည်နေသည်။

လေအလျင်တွင် တောင်ခိုးတွေ လျင်မြန်စွာလွင့်ပါးမျောပါနေ၏။ တောင်စောင်းတစ်နေရာမှ ခြေလျင်သွားလမ်းကလေးမှာ တောင်ကမ်းပါးရံကို ကွေ့ဝိုက်ကာတက်၍ နေသည်။

ရွေ့လျားနေသော တောင်ခိုးတွေကြားမှာ တက်၍လာနေသော အရိပ်မည်းမည်းများကို မြင်လိုက်ရပြီး ချက်ချင်းဆိုသလို ပြန်၍ ပျောက်သွားပြန်သည်။

ဒုတိယအကြိမ်ပေါ်လာသောအခါ ပီပီသသ တွေ့လိုက်ရပြီ။ လူနှစ်ယောက် လားသုံးကောင် . .။ ပတ်ဝန်းကျင်ကို မရဲတရဲကြည့်ကာ အကဲခတ်၍ ခပ်ဖြည်းဖြည်းလာနေကြ၏။

ရှေ့ဆုံးကလျှောက်လာသူသည် အမ်ဆယ့်ခြောက်မောင်းပြန်ရိုင်ဖယ် အဟောင်းကြီးကိုထမ်းလာသည်။

ဂျင်းဘောင်းဘီ ကြမ်းကြမ်းကြီးနှင့် စုတ်ပြတ်နေသော သားရေဂျာကင်ကို ဝတ်ထား၏။ အရပ်မြင့်မြင့် ထွားကြိုင်းကျစ်လစ်သန်မာလှပုံမှာ သူရောက်နေသော ခရီးကြမ်းလမ်းကြမ်းနှင့်လိုက်ဘက်လှ၏။

သူ့နောက်က အထုပ်အပိုးတွေတင်ထားသော လားသုံး



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို ကြိုးဖြင့်ဆွဲလာသည်။

လားတွေနောက်မှ လူတစ်ယောက်ကပ်၍ လိုက်လာသည်။ ထိုသူသည်လည်း ရှေ့ကလူလောက် အရပ်မမြင့်သော်လည်း ကိုယ်လုံး အလွန်တောင့်သည်။ ကမ်းပါးရံကို ကွေ့ပတ်သွားနေသော လမ်းကလေးသည် တစ်နေရာတွင် ကိုင်းတောလွင်ပြင်တစ်ခုကို ဖြတ်၍တက်၏။

ခပ်မော့မော့တက်ရသော ကုန်းဖြစ်သဖြင့် လားတွေကို ရှေ့ကအတင်းဆွဲ နောက်ကအတင်း မောင်းတင်နေကြရစဉ် . . ရုတ်တရက် သူတို့နဘေးမှာ လူရိပ်တွေပေါ်လာသည်။ ကိုင်းတောထဲ ဝပ်ပုန်းနေရာက ထရပ်လိုက်ကြခြင်းဖြစ်၏။

လူအင်အားများသည်။ လူနှစ်ဆယ်ကျော်ကျော်လောက်ရှိမည်။ လားသုံးကောင်ဖြင့် တက်လာသူ၏ခါးကို မောင်းပြန်သေနတ်အသစ် ချပ်ချွတ်ဖြင့် ထောက်၍ချိန်ကာ သူ့ပခုံးပေါ်က အမ်ဆယ့်ခြောက် သေနတ်ဟောင်းကြီးကို ဆွဲယူသွားကြသည်။

သည့်နောက်တော့ သူတို့ကိုလမ်းကလေးပေါ်မှ ဆွဲခေါ်ချကာ ကိုင်းတောကြီးထဲ ထိုးဝင်စေ၏။

သူတို့နှစ်ယောက်ထက် အဆပေါင်းများစွာသာသော





အမိန့်ဖြစ်နေသဖြင့် သူတို့နှစ်ယောက် မငြင်းဆန်နိုင်ပါ။ အကျဉ်းသားဘဝချက်ချင်း ရောက်ကြရလေပြီ။

ဖမ်းဆီးသူတို့က ဘယ်နေရာ ခေါ်သွားသည်ကိုလည်း သူတို့မသိ။ အတော်မတ်စောက်သော တောင်ကြားတစ်ခုအတွင်း ခေါ်သွားနေကြောင်း တွေ့ရလေသည်။

ဆင်း၍သွားရင်းသွားရင်း တောအုပ်ထူထူကြီးတစ်ခုကို ရုတ်တရက် တွေ့လိုက်ရ၏။ တဂူးဂူးအော်မြည်သံတွေ ကြားနေရသည်။ တောင်ကတုံးပေါ်မှ တောင်ပေါ်သစ်တောကြီးထဲ ရောက်လာရခြင်းဖြစ်သည်။

ခဏကြာလျှင် ကျောက်တုံးတွေကြားက ဖြတ်စီးနေသော ချောင်းကိုတွေ့သည်။ စမ်းရေက အလွန်ကြည်လင်သော စမ်းရေ။ ဆောပတ်ပတ်လည်က သေနတ်ဝိုင်းရံကာ ဖမ်းဆီးခေါ်ဆောင်လာခြင်းခံရသူသည် သေနတ်သမားတွေကို ထိုးထွက်ကာ စမ်းချောင်းကလေးရှိရာကို ဖွတ်ဆင်းသွား၏။

သေနတ်သမားတွေ ဖြောင်းကနဲဖြောင်းကနဲ မောင်းတင်လိုက်ချိန်မှာ သူက ကျောက်တုံးတစ်ခုပေါ်မှ ဒူးထောက်ထိုင်ကာ စမ်းရေကြည်ကို လက်ခုပ်ဖြင့်ခပ်ယူပြီး သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ ဟော့ . . ဒါက ဘာလုပ်တာလဲ ”

သက္ကလပ်နှင့် သားရေရောစပ်ထားသော ဂျာတင်အကျႌကြီးကို ဝတ်ထားသူကမေး၏။ ထိုစဉ် ခပ်ကြောင်ကြောင်ငနဲသည် မောင်းပြန်သေနတ်မကိုင်၊ ပစ္စတိုလေးလေးကြီး တစ်လက်ကို ခါးစောင်းနေအောင် ချိတ်ဆွဲထားလေသည်။

“ ဟော့ . . မေးနေတယ်လေ၊ ဒါက ဘာလုပ်တာလဲလို့ ”

“ ဘာလုပ်ရမလဲ ရေသောက်နေတာ ကိုယ့်လူမမြင်ဘူးလား ”

“ အောင်မှာ လေသံကိုက ဂျစ်ကန်ကန်နဲ့ ဒီနေရာကနေ ရှေ့ဆက်မလိုက်ချင်ဘူး ထင်တယ် . . ဟင်း ”

ခေါင်းဆောင်နှင့်တူသော ငနဲသားက သူ့တပည့်တစ်ယောက်ဆီက အေကေကိုလှမ်းယူကာ တကယ်ပဲပစ်တော့မလိုလိုလုပ်၏။

ဒါပေမယ့် . . .

သားရေဂျာကင်အစုတ်နှင့် ပုဂ္ဂိုလ်သည် သားရဲသတ္တဝါတစ်ကောင်လို သူ့ကိုပြန်ကြည့်၍နေသည်။ ကျားသစ်တစ်ကောင်ရဲ့အကြည့်။





အေးစက်စက် ထိုအကြည့်တွင် ကမ္ဘာပေါ်တွင်ရှိရှိသမျှ သက်ရှိသက်မဲ့ဟူသမျှကို ဘာကိုမှမကြောက် အရာရာကိုရင်ဆိုင်ရဲသည်။ နောက်ဆုံး သေခြင်းတရားကိုပင်လျှင် ရဲရဲရင်ဆိုင်ဖို့ရာအသင့်ဟု အဓိပ္ပါယ်ဖော်ဆောင်နေ၏။

ထိုအကြည့်နှင့်ပင် ဤသူသည် ခပ်ပေါ့ပေါ့တွက်ဆ၍ရမည့်သူမဟုတ်ဟု ယူဆနိုင်လေသည်။ သို့သော် လူဆိုးလူမိုက်လူရမ်းကားတွေထဲမှာ ဦးဏှောက်ကင်းမဲ့သူသာ ခေါင်းဆောင်ဖြစ်တတ်သည့် ထုံးစံအတိုင်း ပစ္စတိုနှင့် ပထမလူကြမ်းသည် သူ၏ရုပ်သွင်ကို အကဲခတ်မိခြင်း မရှိပါ။

သူ့လူတွေက ရေသောက်နေသူကို အတင်းဆွဲခေါ်၏။ သူအနား ရောက်အလာတွင် အေကေခေါက်ဒင်အတိုဖြင့် ဝုန်းကနဲပခုံးကို ထုချလိုက်၏။ သားရေဂျာကင်အစုတ်နှင့် သူမှာ ရှေ့သို့ ယိုင်ငိုက်၍ကျသွားရသည်။

“ ဆရာချွန်ဆီ ရောက်အောင်ခေါ်သွား ရမှာပေါ့ကွာ နို့မဟုတ်ရင် ဒီနေရာတင် အသေပစ်သက်တယ် . . ဟင်း ”

မကျေမနပ် ကြိမ်းဝါးနေသေးသည်။ နောက်တော့ သူတို့ ဖမ်းဆီးရမိသူနှစ်ယောက်ကို လှမဆန်စွာနိုပ်စက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခေါ်သွားကြလေသည်။

သူတို့အားလုံး သစ်သားတဲတားလေးတစ်ခုမှ စမ်းချောင်းကလေးကို ဖြတ်ကူးကြရ၏။ တစ်ဘက်တွင် လက်နက်ကိုင်အစောင့်တချို့ကိုတွေ့ရပြီး အတော်အတန် ကြီးမားသော လျှို့ဝှက်စခန်းကြီး တစ်ခုထဲရောက်သွားကြ လေသည်။

ကားများကိုပြင်ဆင်နေသူ၊ အထုပ်အပိုးတွေနေရာချထားနေသူ၊ ချက်ပြုတ်နေသူစသဖြင့် စခန်းထဲကလူတွေ အားလုံး ဖမ်းဆီးလာသူနှစ်ယောက်ကို ဝိုင်းကြည့်ကြသည်။

သားရေဂျာကင်ဝတ်ထား သူသည် သူကိုလိုက်ကြည့်နေသူတွေအား ထောင့်တိုင်းစေ့ပြန်လိုက်ကြည့်၏။

သူ၏ ဗွီဒီယိုကင်မရာလို နီးဝေးပြတ်သားစွာ ချိန်ကိုက်မှတ်တမ်းတင်နိုင်သော မျက်လုံးများက စခန်းတစ်ခုလုံး၏ အကျယ်အဝန်း၊ အထားအသို၊ လူအင်အား၊ လက်နက်အင်အား၊ ဝင်လမ်းထွက်လမ်းအားလုံးကို လေ့လာမှတ်သားပြီးသား ဖြစ်သွားလေသည်။

သူတို့ကို စခန်းအစွန်ဆုံးမှာ သီးသန့်တည်ဆောက်ထားသည့် တဲကြီးတစ်တဲထဲ ခေါ်သွား၏။





တဲကြီးအတွင်းမှ လေဆာကွန့်ပက် လေဆာဓာတ်ပြားသီးချင်းသံတညည့်ဖြင့် ထွက်ပေါ်လာ၏။

" မင်းသွားပြောကွာ တို့ဇရိယာထဲက မသင်္ကာစရာကောင်းတဲ့သူနှစ်ယောက်ကို ဖမ်းခေါ်လာတယ်လို့ "

" ဖြစ်ပါ့မလား၊ သူအနားယူနေတယ် ထင်တယ် "

" သွားစမ်းပါ၊ ဖြစ်ပါတယ် . . ငါက သွားဆိုသွား "

အေကေကိုင်ထားသူ တစ်ယောက်တဲကြီးထဲ ဝင်သွား၏။ ဓာတ်ပြားသီချင်းသံတိတ်၍သွားသည်။

ပြီးတော့ ဤနေရာ၊ ဤဒေသ၊ ဤမျှကြမ်းတမ်းသော ပတ်ဝန်းကျင်မှာ မွေးနေနေသည့် နေမထိသောအသားအရည်၊ သန့်ရှင်းသပ်ရပ်စွာ ဖီးထားသည့်ဆံပင်ပုံစံ၊ မင်းအုံးလီးခေါ် ယောက်ျားများသုံးသည့် သင်းသင်းလေးမွှေးသော ရေမွှေးနံ့၊ ဆာဖာရီလို ရှေ့တိုင်းနေကာမျက်မှန်နက် အလွန်သားနားနေသူ တစ်ယောက်ထွက်လာ၏။

ပိုးသား့ရှပ်အင်္ကျီ တစ်ထည်ကိုဝတ်ထားသော ထိုပုဂ္ဂိုလ်မှာ အင်္ကျီရင်ဘတ်ကိုဟ၍ ထားရာ ဝင်းဝင်းတောက်နေသော ရွှေဆွဲကြိုးသုံးကုံး တပ်ဆွဲထားသည်ကိုတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်သည် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားရတနာ ဆွဲကို တော်တော်ဝါသနာပါပုံရ၏။

သူပိုင်ဆိုင်သမျှ လက်ဆယ်ချောင်းမှာ တစ်ချောင်းလျှင် လက်စွပ်နှစ်ကွင်းစီ သုံးကွင်းစီ ထပ်ဝတ်ထား၏။ ဖက်ရှင် ဘန်ပန်က မိန်းမလျာပုံ . . ဒါပေမယ့် . . . .

ခြင်္သေ့လို ဟိန်းဟောက်သော ယောက်ျားပီသလှသည့် အသံကြီးဖြင့် လှမ်းမေးသည်။

" ဘာလဲဟ၊ ဘာဖြစ်လာကြတာလဲကွ . ."

ပစ္စတိုချိန်ထားသော ငနဲသားသည် သူ့ကိုအတော် ကြောက်ရွံ့ပုံရသည်။ အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်ဖြေသည်။

" ဒီ . . ဒီလို . . နှစ်ယောက် . . ဟို ဟို . . . လမ်းပေါ် မှာ မသက်ာစရာကောင်းတာနဲ့ ဆွဲလာတာဆရာ "

ရွှေလက်စွပ်တွေ၊ ရွှေဆွဲကြိုးကြီးတွေ ဖောဖောသီသီ ဝတ်ထားသော ပုဂ္ဂိုလ်သည် မျက်နှာကြီးရှုံ့မဲ့သွားကာ . . .

" မသက်ာစရာကောင်းတယ်လို့ မင်းက ဘာကြောင့် ပြောနိုင်ရတာလဲ ဆန်နီရ "

" ဟို . . ဟို . . လူနှစ်ယောက်ထဲနဲ့ တောင်ပေါ်တက်





လာတာ ဆန်းနေတယ်ဆရာ၊ ပြီး အမ်ဆယ့်ခြောက်တွေ ဘာတွေနဲ့ "

" တော်စမ်းပါကွာ၊ အမ်ဆယ့်ခြောက်လောက် စကားထဲ ထည့်ပြောနေတယ် "

ရွှေသူဌေး ဖက်ရှင်သမားသည် သားရေဂျာကင်နှင့် လူရွယ်ကို တစ်ချက်ကြည့်ပြီး စိတ်ဝင်စားသွားပုံရ၏။ ခါးကို ထောက်ပြီး အနားလျှောက်လာသည်။ လူရွယ်က သူ့ကိုပြန်ကြည့် နေ၏။ စူးရှသောအကြည့်၊ ထိုအကြည့်ကို သူမကြိုက်။ ခြေမှုန်း ရန်အလွန်ခက်ခဲအောင် စိတ်ဓာတ်မာကျောသူ တစ်ယောက်၏ အကြည့်ဖြစ်နေသည်။

ရွှေဖက်ရှင်သမား ဆရာကြီးသည် ညာလက်ကို ခါး နောက်သို့လှမ်းကာ ပစ္စတိုကြီး တစ်လက်ကိုဆွဲထုတ်၏။ သေချာ ပါသည်၊ သူ၏ ပြောရေးဆိုမှုကို တလေးတစားဖြစ်လာစေရန် ပစ္စတိုကြီးကို ဖြောင်းကနဲ ဆလိုက်ဆွဲမောင်းတင်ပြီး လူရွယ်၏ ရင်ဘတ်ကို ထိုးချိန်ထားလိုက်၏။

" ဟေ့ . . ငါဘယ်သူလဲ မင်းသိလား " ဟု သေနတ် ပြောင်းကိုဆကာ ဆကာ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" အေး . . မင်း ဒီနယ်ကို ဖြတ်သန်းသွားလာရင်း ခွန်မှိုင်းဆိုတဲ့ နာမည်ကလေးကိုရော မကြားဖူးဘူးလား "

" ဟင် . . ခွန်မှိုင်းဆိုတာလား၊ ကြားတော့ကြားဖူးတယ် "

လူရွယ်က အကယ်ဒမီရှော့ဖြင့် နာမည်ကျော်ခွန်မှိုင်းမှန်းသိရသည့်အတွက် တုန်လှုပ်သွားဟန်ကို လှုပ်ပြသည်။

ဒါကိုပင် ခွန်မှိုင်းသဘောအကျကြီး ကျသွားသလို ရယ်လိုက်ပြီး . . .

" အေး . . ငါ ခွန်မှိုင်းပဲ ငါ့ကို နာမည်သာကြားဖူးကြတာ သိပ်ကံကောင်းမှ တွေ့ဖူးတယ်၊ မင်းလဲ အဲဒီအထဲပါသွားပြီပေါ့ကွာ ဟဲ ဟဲ "

ခွန်မှိုင်း ရှေ့တစ်လှမ်း တိုးလိုက်၏။ ပစ္စတိုကြီးကို တဖြည်းဖြည်းမြောက်ကာ လူရွယ်၏ နဖူးပြင်ပေါ် ဖြောင့်ဖြင့် ဖိကပ်၍ ချိန်လိုက်သည်။

" ဒီမှာ ကိုယ့်လိုလူ ခွန်မှိုင်းကို ဘယ်သူမှမလိမ်ရဲဘူးကွ၊ ကဲ ပြောစမ်း မင်း ဘယ်သူလဲ "

လူရွယ်သည် အနည်းငယ် တုန်လှုပ်နေသော အသံဖြင့်





" ကျုပ် . . ထက်အောင် "

" မင်းရဲ့ အဖော်ကရော "

" ရဲမာန် "

" မင်းတို့ ဘယ်ကလာတာလဲ "

" ကျိုင်းတုံက "

" ဘယ်ကို သွားမှာလဲ "

" မဲခေါင်ရွာ "

" မင်းတို့ ဘာတွေသယ်လာတာလဲ "

" ရောင်းဖို့ပစ္စည်းတွေပါ ဆရာခွန်မှိုင်း "

" စားသောက်ကုန်တွေပါ ဆရာ "

ခွန်မှိုင်းသိပ် မကျေနပ်။ သူ့တပည့်ဆန်နီကို မေးဆတ်၍ ပြလိုက်လျှင် ဆန်နီ လားသုံးကောင်ဆီ တန်းဝင်သွား၏။

ပြီး လားကျောကုန်းပေါ်က အထုပ်တွေကို ဝှန်းကနဲ ဝုန်းကနဲ လိုက်ဖြုတ်ချ၏။ မြေပေါ်ကျသော အထုပ်တွေကို လိုက်ဖြည်ပြီး ရှာသည်။ အဖိုးတန်ဘိုကိတ်ပဲ အိတ်ထဲက ဘိုကိတ်ပဲထက် ဘယ်လို့မှယှဉ်မရလေသော ကျောက်ရိုင်းတုံးကြီးတွေထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟာ "

အားလုံး စိတ်ဝင်တစား။

" ဟဲ ဟဲ ဟဲ ဟဲ . . ဟဲ ဟဲ "

ခွန်မှိုင်းအလွန် သဘောကျသွားပြီးမှ ရုတ်တရုတ် ထက်အောင်၏ ချိုစောင်းကို ပစ္စတိုဒင်ဖြင့် ခွပ်ကနဲထုလိုက်ပြီး

" မင်း ငါ့ကို လိမ်တယ် ထက်အောင် " ဟု မဲ့ကာရွဲ့ကာ ပြောလိုက်သည်။ ပြီးမှ . . .

" ကောင်းပြီလေ . . ဒီကောင်နှစ်ကောင်ကို တိုင်မှာ ချည်ထား၊ စခန်းထဲက တို့လူတွေအားလုံး လာကြည့်ပစေ၊ ဒီကောင်တွေ ဘယ်သူဆိုတာ ဖော်နိုင်ရင် ရွှေတစ်ကျပ်သားလို့ ကြေညာလိုက် . ."

" ကောင်းပါပြီ ဆရာကြီး "

ထို့နောက် ထက်အောင်တို့ပစ္စည်းတွေအားလုံး သူ့တဲထဲ သယ်ပို့ဖို့ သူ့လူတွေကို ခိုင်း၏။ နောက် ဆန်နီဆိုသော မြောက်ကြွား မြောက်ကြွားနှင့် ခွန်မှိုင်းတပည့်က ထက်အောင်နှင့် ရဲမာန်တို့ကို တိုင်နှစ်တိုင်မှာ ကြိုးဖြင့်ထုတ်ထားလေသည်။

ထက်အောင်ရော ရဲမာန်ပါ သေရမှာ မကြောက်သည့်





မျက်နှာမျိုးတွေရှိနေ၏။ ခွန်မှိုင်းလူတွေ တစ်ယောက်ပြီးတစ်ယောက် သူတို့ကိုလာကြည့်သည်။ နောက် အားလုံး တညီတညွတ်တည်း မှတ်ချက်ချ၏။

" ဒီကောင်တွေ ဒီနယ်ကမဟုတ်ဘူး။ ကျွန်တော်တို့ မသိဘူးတဲ့ . ."

ခွန်မှိုင်း၊ ထက်အောင်တို့ထက် ထက်အောင်တို့ ယူဆောင်လာသော ကျောက်ရိုင်းတုံးတွေကို စိတ်ဝင်စားနေလေသည်။

စင်စစ် အန္တရာယ်သည် သူတို့နှင့်လက်တစ်ကမ်း ရောက်နေကြောင်း သူတို့မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

၂



www.burmeseclassic.com

www.burmeseclassic.com



ခွန်မှိုင်းကခေါ်တွေ့သဖြင့် ထက်အောင် သူ့တဲကြီးထဲ ရောက်နေ၏။ ခွန်မှိုင်းတပည့် ဆေးဆရာက ထက်အောင် ချိုစောင်းက ခွန်မှိုင်းပစ္စတိုဒင်ဖြင့် ထုထားသော ဒဏ်ရာကို ဆေးထည့်ကာ ပလာစတာကပ်ပေးသည်။ ခွန်မှိုင်း ထူးထူးခြား ခြား ဧည့်ဝတ်ပြုလိုပုံရသည်။

" ထက်အောင် မင်း ဘာသောက်မလဲ ငါ့ဆီမှာအားလုံး ရှိတယ်ကွ၊ ကြိုက်တာပြော "

" ကျုပ် အရက်မသောက်တတ်ဘူး "





" ဟာ . . တယ်ဟုတ်ပါလား၊ ဒါဖြင့် စီးကရက် သောက်ကွာ . . ငါ့သုံးလုံးစပါယ်ရှယ်ပဲ . . ချ . . ဖွာစမ်းပါ"

" ကျုပ် . . စီးကရက် မသောက်တတ်ဘူး "

' ဟော ' ခွန်မှိုင်း မျက်ခုံးကြီးတွေ မြင့်တက်သွားသည်။ ပြီးမှ ရယ်မောကာ . . .

" ဟ ထက်အောင်ရ . . ယောကျ်ားတစ်ယောက်ဟာ အရက်လဲ မသောက်ဘူး၊ စီးကရက်လဲ မသောက်ဘူးဆိုတော့ လုပ်စရာ နည်းနည်းပါးပါးပဲ ကျန်တော့တာပေါ့ကွ " ဟုဆိုသည်။

" အဲဒီနည်းနည်းပါးပါး ကျန်တာတွေလဲ ကျုပ် ဘာတစ် ခုမှ မလုပ်ဘူး "

" ဒါဖြင့် မင်းရဲ့ ခံယူချက်က ဘာလဲ "

" စွန့်စားမယ်၊ တိုက်မယ်၊ ခိုက်မယ် ဒါပဲ . . "

" စီးပွားရှာတာကော မပါဘူးလား ထက်အောင်၊ အဲ မင်းကို ငါမေးမလို့၊ မင်း အရိုင်းတုံးတွေကို ဘယ်ကရသေးလဲ နောက်ထပ်ရနိုင်ဦးမလား၊ ငါ သိချင်တယ်။ ပစ္စည်းဇွေး သိပ်ကောင်းနေတယ်ကွ မင်းနဲ့ ငါ ပေါင်းလုပ်လိုက်ရင် နှစ် ယောက်စလုံး အပြတ်ကြီးပွားချမ်းသာသွားမှာ "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျုပ်ပစ္စည်းတွေ မဟုတ်ဘူး။ ကျုပ်က ကယ်ရီယာပါ"

အမဲပစ်၍ရထားသော အသားခြောက်တွေ၊ အသားကြော်တွေကို ခွန်မိုင်း ဖောဖောသီသီချကျွေး၏။

ပြီးတော့ အချိန်အတော်ကြာအောင် အစိမ်းတွေအကြောင်း ဆွေးနွေး၏။ သို့သော် ထက်အောင်ဆီက မည်သို့မျှ စကားမထွက်။ နောက်ဆုံး စိတ်တိုဒေါသကြီးပြီး ပြန်ချုပ်ထားလိုက်ဟု အမိန့်ပေးလိုက်ရလေသည်။ ထိုညတွင် ခွန်မိုင်းတပည့်တွေ ဆူဆူညံညံ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသည်။ မနက်ဖြန် သူတို့ခရီးထွက်ကြမည်။ ပစ္စည်းတွေ သွားပို့ရမည်။ ခွန်မိုင်းပေးမည့်ဘောက်ဆူး ငွေများကိုသုံးဖြုန်း၍ ရောက်ရာနေရာမှာ ပျော်ရမည်။

ခွန်မိုင်းသူတို့ကို စေလွှတ်သည့် နေရာကလည်း ပျော်စရာရွှင်စရာတွေ ပေါပါဘိ။ ပျော်ရမည့် အရေးကိုတွေးကာ ယခုတည်းက ပျော်နေကြ၏။ စုရုံးအော်ဟစ်နေကြ၏။

အမှောင်ရိပ်တို့ ကြီးစိုးလာချိန် . . . ထက်အောင်နှင့် ရဲမာန်အား ချည်နှောင်ထားရာနေရာကို လူရိပ်တစ်ခုဝင်လာ၏။





ထက်အောင်ရှေ့မှာ လာရပ်သည်။ ထက်အောင်မှတ်မိလိုက်၏။ ခွန်မိုင်းတဲတွင်းမှာ တွေ့နေရသူ။ ခွန်မိုင်း၏ လူယုံဖြစ်မည်။

"ထက်အောင်"

"ဘာလဲ . . မောင်ရင့်ဆရာက ခေါ်ခိုင်းပြန်ပြီလား"

"ရှူး . . တိုးတိုး ကျုပ် ခင်ဗျားနဲ့ ညှိမလို့"

"ပြော"

"ခင်ဗျားတို့လိုင်းကို ကျုပ်သိပ်သဘောကျတယ်၊ ခင်ဗျားနဲ့ ပူးပေါင်းချင်တယ်"

"နေပါဦး၊ ခင်ဗျား ဆရာက ကျုပ်ကို ပြန်လွှတ်မှာလား"

"ဟာ . . လွှတ်မှာမဟုတ်ဘူး။ ဒီစခန်းကို ရောက်ပြီးရင် ပြန်လမ်းသိပ်မရှိဘူးဗျ"

"သြော်"

"ခင်ဗျားတို့ လွှတ်အောင် ကျုပ်လုပ်ပေးမယ်၊ နောက် ခင်ဗျားတို့ ပြေးဖို့လမ်းကိုလဲ ပြမယ်၊ ကျုပ်ကိုပါ ခင်ဗျားတို့နဲ့ ခေါ်သွားပါ ဘယ်နှယ့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆိုဖြစ်မှာပါ တစ်ခုပဲရှိတယ် . . ကျုပ် လာခဲ့တဲ့ နေရာကိုပြန်သွားဖို့ မလွယ်တော့ဘူး၊ ငွေမှ ပါမသွားပဲလေ "

" ကျုပ် ခွန်မှိုင်းထံက ငွေတစ်အိတ်ခိုးလာခဲ့မယ်၊ သိန်းနှစ်ဆယ်လောက်တော့ ပါမှာပေါ့။ ဒီထက် ပိုသယ်ဖို့ မလွယ်ဘူး၊ အဲ့ လက်နက်တွေလဲ သယ်ရဦးမယ်လေ "

" ဘယ်တော့ ထွက်မှာလဲ "

" ခင်ဗျား ဘယ်တော့ထွက်ချင်လဲ ကိုထက်အောင် "

" ခုည၊ အဲ မနက်မိုးမလင်ခင်ပေါ့ "

" ဖြစ်တယ်၊ ကျုပ်ကြိုး လာဖြည်ပေးထားမယ် "

" ကောင်းပြီ "

" ဩော်၊ ကျုပ်နာမည် မှတ်ထားဦး၊ ကျုပ်နာမည်က ဂျွန်တဲ့ "

" ကောင်းပြီ ကိုဂျွန် "

ဂျွန်ဆိုသောသူ ထွက်သွားလျှင် သူ၏ကမ်းလှမ်းချက် အကြောင်းကို ထက်အောင်က ရဲမာန်ကို ပြောပြသည်။

ရဲမာန်က ခပ်တိုးတိုးမေး၏။

" ဒါ တကယ်ပူးပေါင်းဖို့ ကမ်းလှမ်းတာလား ထက်





အောင် "

" ဘာယ် အမှန်အကန် ဟုတ်မလဲ ရဲမာန်၊ ဒါ ခွန်မှိုင်း သက်သက်အကြံအဖန် လုပ်တာပါ။ တို့ ဘယ်ကလာတယ်ဆို တာ သိချင်တယ်လေ၊ သူ့လူကိုသွင်းပြီး တမင် ဒလဲထည့်တာပဲ"

" တော်တော်လည်တဲ့ ကောင်နော် "

" အေး . . အဲဒီလောက် လည်လို့လဲ . . ခွန်မှိုင်းဆို လူတိုင်းက ဖိန့်ဖိန့်တုန်ကြောက်ရပြီး ဆရာကြီးတစ်ခု ဖြစ်နေ တာပေါ့ "

" ထက်အောင် "

" ဆို . . ရဲမာန် "

" အကြောင်းအကျိုးအားလုံးတော့ တိုင်ဆိုင်နေပြီနော် "

" အေး . . အဲဒီ ဂျွန်ဆိုတဲ့ ကောင်ကိုအရင်ဖြိုရမှာပဲ ကောင်းတော့ မကောင်းဘူးပေါ့ကွာ။ သူကပဲ တို့ကိုကြိုးလာ ဖြည်ပေးမှာ "

နှစ်ယောက်သား တိုးတိုးပြောနေစဉ် လူရိပ်မြင်သဖြင့် စကားပြတ်သွား၏။

. . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေးတစ်နေရာဆီမှ ညဥ့်ငှက်တစ်ကောင်၏ လေးတွဲတွဲအော်မြည်သံသည် လျှို့ဝှက်စခန်းတစ်ခုလုံးကိုပင် ဖုံးလွှမ်းသွား၏။

" ကူး ကူး . . ကူး . . ကူး "

ထက်အောင်၊ ရဲမာန်တို့ လှမ်းကြည့်၏။ ပြီး ခေါင်းညိတ်ရပြသည်။ ခဏအကြာ တိတ်ဆိတ်နေသော စခန်းအလယ်မှာ ငြင်သာစွာ လှုပ်ရှားလာသော လူရိပ်တစ်ခုကိုတွေ့ရသည်။

သူလာပြီထင်သည် . . ဂဠုန်

ထက်အောင်ထံဝင်လာပြီး ထိုင်မှာကပ်ချည်ထားသော ကြိုးကိုဖြည်ပေး၏။

" အဆင်သင့်ပဲလား ဂဠုန် "

" အဆင်သင့်ပဲ ကိုထက်အောင်၊ အေကေတစ်လက်နဲ့ မြို့မရောက်ခင် စားရအောင် မုန့်သုံးထုပ်၊ စောင်၊ ရေဗူးအားလုံး ဝှက်ထားပြီးပြီ "

" ဘယ်မှာလဲ "

" ထွက်မယ့်လမ်းမှာ အဲ့ဒီလမ်းက လျှို့ဝှက်လမ်းလေ၊ လူတိုင်းမသိဘူး "





" ကောင်းတယ် "

ဂဠုန်က ရဲမာန်အား ကြိုးဖြည်ပေးပြန်သည်။ ပြီးတော့ . . .

' လာ ' ဟုဆိုကာ မှောင်ရိပ်ထဲ တိုးဝင်သွား၏။

ထက်အောင်တို့ နောက်ကလိုက်သွားသည်။ စခန်းတစ်ခုလုံးမှာ ပို၍တိတ်ဆိတ်နေသည်။ ညလယ်ခေါင်ဖြစ်သဖြင့် အစောင့်လေးယောက်က လွဲလို့အားလုံး အိပ်နေကြသည်။

တစ်နေရာအရောက်မှာ သစ်မြစ်တွေအကြားမှာ ဝှက်ထားသော အိတ်ကြီးတစ်အိတ်ကို ဂဠုန်ကဆွဲထုတ်ယူလိုက်၏။

ခဲပတ်စက္ကူဖြင့်ထုပ်ထားသော ဘီစကွစ်မုန့်ထုပ်များ၊ ပလက်စတစ်ရေဗူး၊ နို့ချောကလပ်တချို့နှင့် အေကေမောင်းပြန် တစ်လျက်၊ ကျည်တစ်ကပ်။

' ဒီမှာ အေကေ ' ဟုဆိုကာ သေနတ်ကို ထက်အောင်ထံ ကမ်းပေး၏။

' အင်း ' ထက်အောင် လှမ်းယူကာကျိတ်၍ မောင်းကို ဆွဲတင်ကြည့်၏။ ချောက်တနဲ မောင်းကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ရှေ့ကသွား ဂဠုန်"

"သွက်သွက်လိုက်ခဲ့နော် . . စခန်းနယ်မြေက လွတ်အောင် အမြန်ဆုံးပြေးကြရမှာ"

"စိတ်ချ"

ဂဠုန်ရှေ့ကစိုက်စိုက် စိုက်စိုက်နှင့် ငှက်ပျောပင်တွေ အုပ်လိုက်ပြီး ပေါက်နေသော ငှက်ပျောတောထဲက တိုးဝင်၍ သွားနေ၏။

ထက်အောင်တို့ နှစ်ယောက်နောက်က လိုက်လာသည်။ ဂဠုန်ကား စိတ်ချပုံမရ၊ နောက်ကိုခဏ ခဏလှည့်ကြည့်ပြီး 'မြန်မြန်လာလေ' ဟုအပြော။ ထက်အောင်ဆီက အေကေ၃င်သည် သူ့ပခုံးပေါ် ဒုတ်ကနဲကျသွားသည်။

ဂဠုန်ခွေကနဲ လဲကျသွားလျှင် ရဲမာန်နှင့်အတူ ဂဠုန်၏ ခြေလက်တွေကိုကြိုးဖြင့် တုတ်လိုက်၏။ စောစောက သူတို့ ထုတ်ထားသောကြိုးများပင် ဖြစ်သည်။ ကြိုးတွေကို ဖွက်ယူခဲ့ကာ ဂဠုန်ခမျာ လုံးဝမသိလိုက်ရှာ။

ကြိုးဖြင့်ထုတ်ထားပြီး သတိလစ်နေသော ဂဠုန်ကို ငှက်ပျောတောထဲမှာ ဖွက်ပစ်ခဲ့ပြီး၊ လုပ်စရာရှိသည်များကို





ဆက်တိုက်လုပ်တော့၏။ ပထမ ရဲမာန်၏ ပေါင်ရင်းမှာ တိပ်ဖြင့် ကပ်၍ဖွက်ယူလာသော လိုင်းတိုဆက်သွယ်ရေး စက်လေးကို ထုတ်ယူကာ . . .

"မြွေမင်းသားမှ ကြယ်ပုံ . . မြွေမင်းသားမှ ကြယ်ပုံ၊ ကြားလား . . ကြားရင် အကြောင်းပြန်" ဟု ခေါ်ယူလိုက်၏။

ခွန်မှိုင်းစခန်းတွင် ဝင်စဉ်က ရဲမာန်ကို လုံးဝစိတ်မဝင်စားအောင် တုံးတုံးအအပုံကြီး တမင်လုပ်နေခြင်းဖြစ်၏။ ထက်အောင်ကတော့ မသင်္ကာစရာကောင်းအောင် တမင်ဂျစ်ကန်ကန်ပုံလုပ်ထားခြင်း ဖြစ်သည်။

ထို့အတွက် ခွန်မှိုင်းလူတွေက ထက်အောင်ကိုသာ သဲသဲမဲမဲဖိရှာကြသည်။ ရဲမာန်ကို စေ့စေ့စပ်စပ်မရှာ၊ ထို့အတွက် ဤဆက်သွယ်ရေး စက်ကလေးကို ဖွက်ယူလာနိုင်ခြင်းဖြစ်သည်။

"ကြယ်ပုံမှ မြွေမင်းသား ကြယ်ပုံမှ မြွေမင်းသား ဘာထူးလဲ ပြော"

"မြွေမင်းသားဘက်က အားလုံးအိုကေပဲ"

"ကြယ်ပုံဘက်ကလဲ အားလုံးအိုကေပဲ"

"ကောင်းပြီ မြေကြွက်စခန်းကို ဝင်တိုက်ပေတော့



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ပုံ၊ မြွေမင်းသား နေရာယူပြီးပြီ ”

“ အိုကေ . . ဒါပဲလား မြွေမင်းသား ”

“ ဒါပဲ . . ဆက်လုပ် ကြယ်ပုံ ဒါပဲ . . ”

လှိုင်းတို့ စက်သွယ်ရေး စက်ကလေးကို ပြန်ပိတ်သည်။ ပြီးတော့ စခန်းဘက်ကို လျှို့ဝှက်၍ ပြန်လည်ချဉ်းကပ်လာ၏။ ဂျွန်ယူလာသော အေကေမောင်းပြန် သေနတ်မှာ ပစ်မရသော သေနတ်ပျက်ကြီးဟု ထက်အောင်သိနေသည်။ စခန်းကိုထိန်းထားဖို့ရာ လက်နက်ကောင်း လို၏။

ထက်အောင်အနီးဆုံး အစောင့်တဲနားဆီ ချဉ်းကပ်သွားပြီး အိပ်ငိုက်နေသော အစောင့်တစ်ယောက်နှင့် အရက်အတော်မူးနေဟန်ရှိသော အစောင့်တစ်ယောက်ကို ရဲမာန်နှင့်အတူ ဝင်တိုက်ပစ်လိုက်၏။

လက်သီးချက်များ၊ တံတောင်ချွန်များ၊ လက်ဝါးစောင်းများ လှစ်ကနဲ လှစ်ကနဲ ဝင်သွားတာ၊ အစောင့်နှစ်ယောက် အော်သံပင် ထွက်မလာပဲ လဲကျသွားကြ၏။ ထက်အောင်ကို အေကေတစ်ယောက်လက်ဆီနှင့် ကျည်ကပ်သုံးခုဆီ ရလိုက်သည်။





ထိုခဏမှာပင် ‘ ရပ် ဘယ်သူလဲ ’ဟု အစောင့်တစ်ယောက်၏ အော်ပေးသံထွက်ပေါ်လာ၏။

နောက်တစ်နေရာကလဲ . . . .

“ ပြေးဝင်လာတာ ဘယ်သူလဲ ရပ်စမ်း၊ မဖြေနိုင်ရင် ပစ်မှာနော် ” ဟု သတိပေးသံ ထွက်ပေါ်လာပြန်သည်။

နောက်ဆုံး တစ်နေရာကတော့ ကြောက်လန့်တကြား အသံကုန်ထ၍အော်သည်။

“ ရန်သူ . . ရန်သူ ”

“ ဝေါ ဒက် . . ဒက် . . ဒက် . . ဒက် ”

အမှောင်ထုတွင်းသို့ ရမ်းသန်းပစ်လိုက်သံ။

ခွန်မှိုင်းအိပ်ယာက နိုးလာပြီး ဆူညံနေအောင်အော်ဟစ် အမိန့်ပေးပြီး ညဥ့်နက်သန်းကောင်မှာ အနီးကပ်ဝင်ရောက်လာသော ရန်သူကို အပြင်းအထန်ခုခံတော့၏။

မောင်းပြန်သေနတ်သံတွေ ဆူဆူညံညံ ပေါ်ထွက်လာသည်။ ညသည် ငရဲပြည်ကြီး ပျက်သလို အဝီစိပွက်မျှ ဂျွတ် ဂျွတ်ညံနေသည်။

ခွန်မှိုင်းသည် တောင်ကျောပေါ်မှာ ခြေကုပ်ယူကာ



www.burmeseclassic.com

www.burmeseclassic.com



ပုန်းအောင်းအခြေချနိုင်ခြင်းမှာ တိုက်ပွဲပညာလေး မတောက်မခေါက်ရှိနေခြင်းကြောင့်ပင် ဖြစ်လေသည်။

ယခုလည်း လာရောက်ဝိုင်းဝန်း ပိတ်ဆို့လာသည့် ဥပဒေဘက်တော်သားတွေကို ထိုမတောက်မခေါက် ပညာကလေးဖြင့် ခုခံဖို့ပြင်ဆင်နေ၏။

"ဟေ့ကောင်တွေ သည့်ဘက်ကျောကို လာစုကြစမ်း"

"ဟိုဘက်ကို ဖွတ်မပစ်နဲ့ဟ၊ အဲဒီမှာ ကိုယ့်လူတချို့ ရှိသေးတယ် . . နင့်ဘကြီး အချင်းချင်း ပြန်သတ်နေပြီ"

"ဟေ့ . . ဒီဘန်ကာကျင်းထဲက အင်ဒရုံပေါ့စက်သေနတ်ကို ဆွဲတင်လိုက်စမ်း၊ ပြီးတော့ ကျည်ကပ်တွေအသင့်ပြင် ကျည်ကပ်အခွေလိုက်ကြီးတစ်ခါထဲ ထည့်ကွာ၊ အေး . . ဟုတ်ပြီ" စသဖြင့် ခွန်မှိုင်းစီစဉ်ကြီးကြပ်နေ၏။

နောက်တစ်ခဏတွင် ရန်သူချီတက်လာရာ လမ်းကြောင်းဆီ အင်ဒရီပေါ့စက်သေနတ်ကို ဆင့်ကာ တဒက်ဒက် ပစ်နိုင်လေပြီ။

ကြယ်ပုံအဖွဲ့၏ တိုက်စစ်မှာ အနည်းငယ် အရှိန်တန့်သွား၏။ သာမာန် လူဆိုးဓားပြတစ်ယောက်သာ ဖြစ်သော





ခွန်မှိုင်းကို နှိပ်နင်းဖမ်းဆီးရာမှာ မိမိတပ်ဖွဲ့ဝင်များအား ထိခိုက်နစ်နာစေလိုခြင်း မရှိသဖြင့် ခဏရပ်ကြည့်နေပုံရ၏။

ကြယ်ပုံအုပ်စု သို့မဟုတ် ခွန်မှိုင်းစခန်းကိုတိုက်ရိုက်ဝင်ရောက်စီးနင်းမည့် ဒုစရိုက်မှုတားဆီးနှိမ်နင်းရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေး ကွန်မန်ဒိုရဲတပ်ဖွဲ့ဝင်များကို ဦးဆောင်လာသူမှာ ဥက္ကာဖြစ်သည်။

ထက်အောင်၊ ရဲမာန်၊ ဥက္ကာ ဤသုံးဦးမှာ သူတို့အဖွဲ့အစည်းတွင် ရာထူးအဆင့်တူသူများ ဖြစ်သည်။ ယခု အလွန်ပါးနပ်လိမ္မာလှသော ဥက္ကာအပစ်ဆိုင်းကာ အခြေအနေကို စောင့်ကြည့်နေ၏။

ထိုစဉ် ရုတ်တရက် ခွန်မှိုင်းတို့ ကျောရိုးပြုတောင်ခံထားရာနေရာ၏ နောက်ကျောဘက်မှ အေကေဖြင့် ပစ်မွှေ့လိုက်သံတွေပေါ်လာ၏။ အနီးကပ်ပစ်ခတ်ခြင်း ခံရသည်ဖြစ်ရာ၊ ခွန်မှိုင်းနဘေးကလူနှစ်ယောက် ထိမှန်လဲကျသွား၏။ စက်သေနတ်ပစ်နေသူလည်း လွင့်ထွက်သွား၏။ စက်သေနတ်သံလည်း တိတ်၍သွားသည်။

အေကေဖြင့် ပိုင်ပိုင်နိုင်နိုင် ဆွဲမွှေ့ပစ်ခတ်လိုက်သူမှာ



www.burmeseclassic.com

www.burmeseclassic.com



ထက်အောင်မင်ဖြစ်သည်။ ထက်အောင်ဆီက ပစ်ခတ်မှုကြောင့် စက်သေနတ်သံတိတ်သွားသည်နှင့် ဥက္ကာတို့ဘက်က ခပ်သွက်သွက်ပစ်အားများများဖြင့် ဦးနှိမ်ရင်းပြေးတက် လာပြန်သည်။

ထက်အောင်၊ ရဲမာန်ကိုထားခဲ့ပြီး လှစ်ခနဲ တောအုပ်အတွင်းဝင်ရောက် ကွယ်ပျောက်သွားချိန်။ စောစောက အသံကျယ်နေခဲ့သော ခွန်မှိုင်း အသံတိတ်၍ သွားလေပြီ။ ခွန်မှိုင်းလူတွေလည်း ဟိုပြေးသည်ပြေး၊ ဟိုပစ်သည်ပစ် ဦးစီးဦးဆောင်မည့်သူမရှိ ရောက်ယက်ခက်နေကြလေ၏။

ဥက္ကာကွပ်ကဲနေသော ရဲကွန်မန်ဒိုတပ်ဖွဲ့ဝင်များကတော့ ခွန်မှိုင်းလူတွေ မပြေးနိုင်အောင် တောင်ပတ်လည်မှ ဝိုင်းထားလေပြီ။





# အခန်း(၃)



www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ခွန်မှိုင်းသည် ဘာခံယူချက်မျှ ရှိသူမဟုတ်။ စိတ်ဓာတ်ကလည်း အလွန်ယုတ်မာ ဆိုးညစ်သည်။ ဆိုးခိုးတိုက်ခိုက်လုယက်ရာကရသည့် ငွေတွေဖြင့်ချမ်းသာကြွယ်ဝလာပြီး ဂိုဏ်းတစ်ဂိုဏ်း ထူထောင်နေသူသာဖြစ်၏။

ယခု . . .။

သူ၏လျှို့ဝှက်စခန်းကို ဥက္ကဒေဘက်တော်သားတွေက တာဝန်သိသိဖြင့် အပိုင်းဝင်ရောက် စီးနင်းတိုက်ခိုက်ပြီဆိုတာ သိလျှင် ဖြင်ချင်သလို ဖြစ်နေသောသူ့လူတွေကို မျက်နှာလွှဲခဲ့ပစ်





ထားရစ်ကာ တိတ်တိတ်လစ်ထွက်လာ၏။

သူ၏ဝါးတဲကြီး၏နောက်မှာ မြင်းစောင်းတစ်ခုရှိ၏။ ဒါကို ထက်အောင်သိရှိ လေ့လာထားပြီးသား။ မြင်းလေးကောင် တိတိရှိသည်။ ခွန်မှိုင်း သူပိုင်ဆိုင်သမျှ ချမ်းသာသမျှတွေကို မြင်းနှစ်ကောင်ပေါ်တင်ကာ သူ့ကမြင်းတစ်ကောင်၊ သူ့တပည့်ဆန်နီက မြင်းတစ်ကောင် စီးပြီးစခန်းကထွက်၏။

ပစ်နေခတ်နေကြသည့် ကြားကဖွတ်ထိုးထွက်ခြင်း မဟုတ်။ လျှို့ဝှက်နက်နက် ပျောပျောတောလမ်းက မှောင်မှောင်မည်းမည်း ထဲမှ ဖွတ်ထိုးထွက်လာခြင်းဖြစ်သည်။

မှောင်လွန်းတော့ မြင်းကိုခပ်မြန်မြန် စီးလို့လဲမရ။ သို့သော် ခွန်မှိုင်း ခပ်လန့်လန့်နှင့် အတင်းအပြေးအလွှား စီးလာ၏။ တစ်နေရာအရောက်တွင် . . . .

" ဝုန်း "

ဘယ်လိုက ဘယ်လိုဖြစ်သွားရသည် မသိပါ။ ခွန်မှိုင်းစီးလာသော မြင်းကြီးသည် တစ်စုံတစ်ခုကို ခလုတ်တိုက်လိုက်မိသလို ဦးစိုက်ကျွမ်းပြန်ကျသွား၏။ ခွန်မှိုင်းကိုယ်တိုင် မြင်းပေါ်က ဗိုးကနဲပျံထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဝုန်း "

ဒုတိယအကြိမ်မှာတော့ ဆန်နီမြင်းခံလိုက်ရသော အလှည့်ဖြစ်လေသည်။ ဆန်နီခမျာလဲ မြင်းပေါ်က လွင့်ပျံသွားကာ အဲ ကံဆိုးချင်တော့ မြေမာမာပေါ် ခေါင်းဖြင့်ကျ၏။

ဘယ်လိုဖြစ်သွားသည်မသိ 'အွတ်' ခနဲ အသံသာကြားလိုက်ရ၏။ ဆန်နီကျသွားရှေ့နေရာကလုံး၀ ပြန်ထမလာတော့ပါ။ ပြန်ထလာသူက ခွန်မှိုင်း၊ ဒါပေမယ့် . . . .

" ဟိတ် "

" အား "

ခွန်မှိုင်း ကောင်းကောင်းခံလိုက်ရ ပြန်ပါပြီ။ ကုန်း၍ ထလာသော ခွန်မှိုင်းအား အမှောင်ရိပ်မှ လူတစ်ယောက်က ခုန်ဝင်လာပြီး တံတောင်ဖြင့်ထောင်းပစ်လိုက်၏။ ခွန်မှိုင်းချာချာလည်၍ ဒူးထောက်ကျသွားသည်။

ဒါပေမယ့် . . ခွန်မှိုင်းကိုယ်တိုင် ခပ်ညံ့ညံ့ထဲက မဟုတ်ပါ။ ဒူးထောက်ကျနေရာက ရန်သူ၏တိုက်စစ်ကို နေရာယူလို့မရအောင် ဘေးတိုက်ပစ်လှဲချလိုက်သည်။

" ယား "





ခွန်မှိုင်းဆီက အသံကုန်ဟစ်ကာ မာန်သွင်းလိုက်သံနှင့်အတူ ရန်သူဆီ လွှားကနဲ ခုန်ဝင်သွားသည်။ ခွန်မှိုင်းကစတင်၍ ဗယ်ညာလက်သီး တွဲတွေက ဒရစပ်ပစ်သွင်း၏။ အလွန်လျင်မြန်စွာ ရိပ်ကနဲရိပ်ကနဲ ဝင်၍သွားသော လက်သုံးချက်ကို ဖတ်ကနဲ ဖတ်ကနဲပုတ်ထုတ်၏။ ခွန်မှိုင်း တိုက်စစ်အရှိန်ရပ်အသွားမှာ ဝုန်းကနဲ ခြေခွင်ပတ် အကန်ခံလိုက်ရပြန်သည်။

ခွန်မှိုင်းမခံနိုင်ရှာပါ။ မှောင်မှောင်မည်းမည်း ငှက်ပျောတောထဲမှာ ထွေးကနဲ လိမ့်၍ထွက်သွား၏။ နှစ်ကာလပေါင်းများစွာ လှူတကာကို ဗိုလ်ကျနိုင်စက် အနိုင်ကျင့်လာသူ သည် တစ်ခါတော့ ရေရေလည်လည် ခံနေရပြီ။

ဝေးဝေးလိမ့်ထွက်သွားသဖြင့် အခွင့်ကောင်းယူကာ ရှုတ်တရက် ပြန်မထပဲ ခါးမှာချိန်ထားသည့် ပစ္စတိုအိတ်ထဲမှ ပစ္စတိုကို ဆွဲထုတ်၏။

ဒါပေမယ့် . . . .

သူထွက်လာသည့် လျှို့ဝှက်လမ်းမှ စောင့်ကာတစ်ကိုယ်တော် သူ့ကိုတိုက်ခိုက်သည့် ရန်သူမှာ သူထင်တာထက် အဆပေါင်းများစွာ လျင်၏။ ရိပ်ကနဲ အနားရောက်လာပြီး သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ဘိုင်လက်ကို ဖမ်းချုပ်၏။ ရုန်းမရအောင် ဖျစ်ညှစ်ထား၏။

သူက လွတ်နေသော ဘယ်လက်ဖြင့် မျက်နှာကိုဖမ်း၍ နှိုက်သည်။ သို့သော် ရန်သူက ညာလက်ကိုဆွဲလှန်ချပြီး ခါလိုက်သောကြောင့် . . .

" ဒုတ် "

" အား . . . "

ညာလက်တစ်ချောင်းလုံး ကျင်တက်သွားကာ မီးစကြီးနှင့်ထိုးလိုက်သလို ခံစားရသောကြောင့် ခွန်မှိုင်းအော်လိုက်ရသည်။ နာကျင်နေသော ညာလက်ကို ဘယ်လက်ဖြင့် ထိန်းကိုင်လိုက်ရစဉ် ပစ္စတိုသေနတ်ကတော့ ရန်သူ့လက်ထဲ ပါသွားလေပြီ။

" ဒီမှာ ခွန်မှိုင်း "

" ဟင် . . ထက်အောင် "

" ရှော့ "

ထက်အောင်မှန်း သူသိလိုက်ချိန်တွင် ထက်အောင်ရသွားသော ပစ္စတိုသည် ရိုပကနဲ သူ့မျက်နှာပေါ် ကျလာသဖြင့် ရှောင်ပေးလိုက်ပေမယ့် . . . .





" ခွပ် "

" အိုး "

မလွတ်ပါ၊ ချိုစောင်းကို အစော်ခံလိုက်ရ၏။ မနေ့က ဤပစ္စတိုဒင်နဲ့ပဲ ထက်အောင်ချိုစောင်းကို ကွဲ၍သွားအောင် သူထုပစ်ခဲ့၏။ ခုတော့ နောက်တစ်နေ့ပင် မကူးသေး၊ ညတွင်းချင်းမှာပင် ထိုအကြွေးကို ထက်အောင်ပြန်၍ ဆပ်နိုင်လေပြီ။

ထက်အောင်ကား ကြောက်ခမန်းလိလိ အစွမ်းထက်လှသူပါတကား။ လက်အဆစ်ပြုတ်သွားသော ဒဏ်ရာကမခံနိုင်အောက် နာကျင်နေသည့်ကြားကပင် ခွန်မှိုင်းတုန်တုန်ရီရီဖြင့်မေး၏။

" မင်း . . မင်း . . ဘယ်သူလဲ ထက်အောင် . . အဲ "

" ကျုပ် . . အေးဂျင့်ထက်အောင် ဒုစရိုက်မှုနှိမ်နှင်းရေးအကြမ်းဘက်မှု တားဆီးရေးအဖွဲ့က . . "

" ဟင် "

ခွန်မှိုင်း ငြိမ်ကျသွားပါသည်။ ဒ.န.အ.ဆ ဟူသော အဖွဲ့အကြောင်း ခွန်မှိုင်းကြားဖူးထားပြီး ဖြစ်သည်။ ဒါပေမယ့် ဒ.န.အ.ဆကလူတွေ ဤမျှဝေးလံခေါင်းပါးသော ဒေသအထိ



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလာတာ သူ့ကို ဖမ်းဆီးနှိမ်နင်း လိမ့်မည်ဟု သူမထင်ခဲ့။

လုံးဝ မထင်ခဲ့ . . ။

"ခွန်မှိုင်း၊ ခင်ဗျား နိုင်ငံတော်က ချမှတ်ထားတဲ့ တည်ဆဲ အက်ဥပဒေကို တပြုံတမကြီး ဖောက်ဖျက်ကျူးလွန်နေတာ၊ နိုင်ငံတော်က သည်အတိုင်း လက်ပိုက်ကြည့်နေမယ် ထင်ထားသလား "

" အဲဒါဆိုရင်တော့ ခင်ဗျား မှားသွားပြီ အခြေအနေ အချိန်အခါနဲ့ နေရာဒေသသုံးခုစလုံး အကြောင်းတိုက်ဆိုင်လို့ ခင်ဗျား မှန်းနေနိုင်ရင် အခိုက်အတန့်ပေါ့၊ အနေးနဲ့အမြန်ဆိုသလို ဥပဒေလက်တွင်း သက်ဆင်းရမှာပဲ "

"ဥပဒေက ဘယ်သူ့ကိုမှ အလွတ်မပေးဘူး မှတ်ထား၊ ကျူးလွန်ရင် အရေးယူခံကို ခံရမှာပဲ "

ထက်အောင် စကားအဆုံးမှာ ရဲမာန်ရောက်လာ၏။ ကွန်မွန်ဒိုတပ်စိတ်မှူး တပ်ကြပ်ကြီး တစ်ယောက်ပါလာသည်။ တပ်ကြပ်ကြီး လက်တွင်းက သံမဏိလက်ထိပ်သည် ခွန်မှိုင်းအတွက် ဖြစ်သွားလေသည်။

. . . . . . . . . . . . . . . . . . . . . . . .





ပေရှစ်ထောင်ကျော်မြင့်သော လွယ်မွေတောင်တန်းကြီး ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသော လေသည် ရေခဲရေဖြင့် ပက်လိုက်သလို အေးစက်စက်ကြီး ဖြစ်နေသည်။

နှင်းတွေဖွေးနေသော မနက်ခင်းဖြစ်၏။ မြင်ကွင်းတစ်ခုလုံး မှုန်ရီဝေဝါးနေသည်။ ဘာမှ သဲသဲကွဲကွဲ မမြင်ရ၏။

ခွန်မှိုင်းစခန်းကို ဝင်သိမ်းစဉ်က တစ်တောလုံး တစ်တောင်လုံး ဆူညံမြည်ဟီးနေခဲ့ရာက ယခုတော့ လေတိုးသံ တဝီဝီကလွဲလို့ ဘာမှမကြားရ။

ထက်အောင်၊ ရဲမာန်၊ ပြီးတော့ ဥက္ကာ သူတို့သုံးယောက် လေတိုးခံနိုင်အောင် ယာယီထိုးထားသော ရွက်ဖျင်တဲကလေးထဲမှာ ထိုင်ချရင်း အငွေ့ထောင်းထောင်းထနေသော ကော်ဖီကြမ်းများသောက်သုံးနေသည်။

ရဲကွန်မန်ဒိုတပ်ဖွဲ့ဝင်များကတော့ ဖမ်းဆီးရမိသော ခွန်မှိုင်း၏ နောက်လိုက်လူဆိုး ဓားပြအပေါင်းကို တောင်ပေါ် မောင်းတင်နေ၏။ ခွန်မှိုင်း လုယက်ယူငင်ထားသော အဖိုးတန် ပစ္စည်းတွေကို သယ်ဆောင်လာသည်။

ရဲတပ်ကြပ်ကြီး တစ်ယောက်က ထက်အောင်အား



www.burmeseclassic.com

www.burmeseclassic.com



လာမေး၏။

" ရန်ကုန်က ယူလာတဲ့ ကျောက်စိမ်းအရိုင်းတုံးကြီးတွေကို ပြန်မယူရဘူးနော် ဆရာတဲ့ . . "

" ဟုတ်တယ် . . အဲဒါတွေက အပြင်ကကြည့်ရင် အရည်သိပ်ကောင်းတယ်လို့ ထင်ရပေမယ့် အတွင်းမှာ ဘာမှမရှိဘူး။ ဓာတ်ရောင်ခြည်နည်းနဲ့ စမ်းသပ်ပြီး အသုံးမဝင်လို့ သက်ဆိုင်ရာဌာနက ပစ်ထားတာတွေ ခွန်မှိုင်းကို တစ်ပတ်ရိုက်ရအောင် အလေးခံပြီး ဒီအထိသယ်လာတာ နှ ဘာလုပ်တော့မှာလဲ ပစ်ထားခဲ့ပေါ့ "

ဉက္ကာက ထက်အောင်စကားအပြတ်မှာ ဝင်ပြော၏။

" ထက်အောင် . . ဆရာဖွေးရဲ့ အစီအစဉ်အရ သူငယ်ချင်းသာ ခွန်မှိုင်းစခန်းထဲ မထိန်းထားနိုင်ရင် ကိုယ်တို့ ဒီကောင်တွေ စခန်းကို အလွယ်တကူ သိမ်းနိုင်မှာ မဟုတ်ဘူး။ ထိခိုက်ကျဆုံးတာတွေ ဖြစ်ကုန်မှာ " ဟုဆိုသည်။

ရဲမာန်ကလည်း ဝင်ဆွေးနွေး၏။

" ဒါတင်ဘယ်ကမလဲ ထက်အောင်သာ မလျှင်ရင် အရေးအကြီးဆုံး ဖြစ်တဲ့ခွန်မှိုင်းကို ဖမ်းဖို့လဲ ဖြစ်မှာမဟုတ်ဘူး။





စခန်းကျမယ်၊ သူ့လူတွေ ဖမ်းမိမယ်၊ ဒီကောင်က လျှို့ဝှက်လမ်းက လစ်သွားမှာ "

" ဒါလဲ ဟုတ်သားပဲ "

" ထက်အောင် လျှင်ပုံကတော့ကွာ၊ လှစ်ကနဲ ပျောက်သွားပြီး လျှို့ဝှက်လမ်းက သွားပိတ်ထားတာ၊ ခွန်မှိုင်းရော သူ့တပည့်ရော မြင်းတွေရော အားလုံးအတုံးအရုန်းပဲ ဘယ်လိုများလုပ်လိုက်တာလဲ သူငယ်ချင်းရာ . . ဟင် "

ထက်အောင် နှုတ်ခမ်းထောင့်ကလေးတွေကို ကွေးကာ ပြုံးသယောင်လုပ်ရင်း မျက်နှာကို ပြန်၍တည်လိုက်ကာ ပြောလိုက်သည်က . . .

" လွယ်ပါတယ် . . မြင်းစီးလာမည့်လမ်းမှာ ကြိုးဖြတ်တန်းထားလိုက်တာပဲ၊ မှောင်ကလဲမှောင် အလန့်တကြားကြလဲ ပြေးလာရတော့ ကြိုးကိုမမြင်ပဲ ဝင်တိုက်ကုန်ကာ ဆန်နီဆိုတဲ့ကောင်ဆို ပြန်တောင် မထလာနိုင်ဘူး။ ခု လာမှ သတိရလာတာ "

ထိုစဉ် ပလက်တတစ်မိုးကာထဲကလေး၏ တစ်ဘက်အစွန်းမှ သက်သွယ်ရေးစက်ကိုင်နေသော ရဲတပ်သားကလေး၏



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံပေါ်လာသည်။

" ကြယ်ပျံမှ ကြယ်နီ . . ကြယ်ပျံမှ ကြယ်နီ . . စခန်းသိမ်းပြီးကြောင်း သတင်းပို့မယ် လက်ခံပါ . . ဟယ်လို ကြားသလား "

" ကြယ်ပျံ သင့်အသံ နည်းနည်းဝါးတယ်၊ ဒါပေမယ့် ကြားရပါတယ် . . ဘာသတင်းပို့မှာလဲ ပြောပါ . . ဒါပဲ "

" ကြယ်နီ . . ကျယ်ပျံအုပ်စု ခေါင်းဆောင်ကိုယ်တိုင် သတင်းဆက်ပို့မယ် . . အဲဒီမှာ ဘယ်သူလဲ . . ဒါပဲ "

" ဒွေးရှိတယ် . . ဒွေး ဒါပဲ "

ဆက်သွယ်ရေး တပ်သားကလေးက အနားရောက်လာသော ဥက္ကာအား မိုက်ကရိုဖုန်းကို လှမ်းပေး၏။ ကြယ်နီဌာနချုပ်မှ ဆရာဒွေးကိုယ်တိုင် စောင့်နေခြင်း ဖြစ်လိမ့်မည်။

ဥက္ကာက လှမ်းခေါ်၏။

" ဟယ်လို ကြယ်နီ . . ဟယ်လို ကြယ်နီ "

တစ်ဘက်က ဆရာဒွေအသံ ပေါ်လာ၏။

" ဟေ့ကောင် ကြယ်နီ ဘာတွေ ငါတွေ လုပ်မနေနဲ့ ပြောစရာရှိတာ ပြော ဘယ်သူလဲ "





" ဆရာဒွေး ကျွန်တော် ဥက္ကာပါ "

" အခြေအနေ ဘယ်လိုလဲ "

" အားလုံး အိုကေပါတယ် ဆရာ "

" ခွန်မှိုင်းကို ရထားပြီလား "

" အဲဒီလူတွေရော ပစ္စည်းတွေရော ရထားပါတယ် ဆရာ"

" ထက်အောင် အိုကေလား "

" ကျန်းကျန်းမာမာပါပဲ ဆရာ "

" မင်းအဖွဲ့ရော "

"တစ်ယောက်ပဲ ဒဏ်ရာရသွားတယ် ဆရာ "

" ဟေ့ ဘာဒဏ်ရာလဲ "

" ခလုတ်တိုက်ပြီး မှောက်လျက်ကျတာ လက်မောင်းကို ကညွတ်ဆူးနှစ်ဆယ့်လေးချောင်း စူးဝင်သွားတယ် ဆရာ ဟီး"

" မင်းဘကြီးတဲ့မှ . . ဆူးဆူးတာ လာပြောနေ၊ ဟေ့ ဥက္ကာ ခု မင်းတို့ တောင်ပေါ်ကနေ ဆင်းတော့မှာလား "

" ဟုတ်တယ် ဆရာ "

" အေး . . ကျိုင်းတုံကိုရောက်အောင် အမြန်ဆုံးပြန်ကြ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ ခုပဲ လိုက်လာလိမ့်မယ် "

" ဆရာရော မလိုက်လာဘူးလား ဆရာ "

" ငါ စတင်းဘိုင်ကွာ "

" ဟင် မတ်တပ်ရပ်ရင်း ဘိုင်ကျနေပြန်ပြီလား ဆရာ "

" ဟော့ကောင်နော် အရေးထဲ နောက်မနေနဲ့ ကဲ ထက်အောင်ကို စက်ပေါ်တင်စမ်း "

" အနားရောက်နေပြီ ဆရာ "

ထင်အောင် ဥက္ကာဆီက မိုက်ကရိုဖုန်းကို လှမ်းယူကာ . . .

" ဆရာ ထက်အောင်ပါ "

" ဩော် . . ထက်အောင်၊ ဥက္ကာကိုဖို့ မေ့သွားတယ် စခန်းကို အသေခအချာ ဖျက်ဆီးခဲ့လို့ . . ဟုတ်လား "

" စိတ်ချပါ ဆရာ၊ အားလုံး အစီအစဉ်လုပ်ပြီးပြီ "

" ကဲ . . မင်းကို ငါပြောမယ် "

" ပြောပါ ဆရာ "

" မင်းတို့ ရောက်နေတဲ့ တောင်ထပ်မှာ နှင်းတွေကျနေသလား "





" ဝိန်းနေအောင် ကျပါတယ် ဆရာ "

" ဒါဖြင့်လဲကွာ တို့ဆီက အတော်ဆုံးရဟတ်ယာဉ်မောင်းတဲ့ကောင် ဟိုကောင်ကွာ ဗစ်တာအေး ဗစ်တာနဲ့ ဘဲလ်ကိုဇီးရိုးဖိုးတစ်စီး ဒီကလွှတ်လိုက်မယ် "

" ဟုတ်ကဲ့ . . ဘာအရေးကြီးလို့လဲ ဆရာ "

" အရေးကြီးတာကတော့ တော်တော့်ကို အရေးကြီးတာပွဲကွ၊ မင်း ဗစ်တာနဲ့ ပြန်လိုက်ခဲ့ ထက်အောင် ဒီကျမှ . . . အသေးစိပ် ပြောပြမယ် "

" ဗျာ . . ဟုတ် . . ဟုတ်ကဲ့ "

" ဥက္ကာနဲ့ ရဲမာန်ခေါင်းဆောင်ပြီး တရားခံတွေ ကျိုင်းတုံခေါ်သွားပစေ. ရပြီလား "

" ရပြီ ဆရာ "

" အေး . . ဒါပဲ "

" ကလစ် . . ကွိ . . ကွိ . . ကွိ "

ဆရာဒွေး စက်ပေါ်က ဆင်းသွားပေပြီ။ ဆရာဒွေး ပြောနေစဉ် စပီကာမှတဆင့် အကုန်ကြားနေရသည်ဖြစ်ရာ ဥက္ကာရော ရဲမာန်ပါ ညွှန်ကြားချက်များကို နားလည်သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားကြသည်။

" သူငယ်ချင်း "

" ရဲမာန် "

" မင်းပွဲ နောက်တစ်ပွဲဆက်ရဦး တော့မှာပေါ့ "

" သေချာတာပေါ့ကွာ "

ဥက္ကာ စောစောကလို နောက်နောက်နောက် မလုပ်တော့ပဲ ခပ်တည်တည် ပြော၏။

" ပွဲတောင်းလာရင်တော့ လက်မနှေးနဲ့ သူငယ်ချင်း၊ လိုအပ်ရင် ပွဲကြမ်းပစ်လိုက် . . "





## အခန်း(၄)



www.burmeseclassic.com

www.burmeseclassic.com



" ဖောက် . . ရှိး "

" ဟာကွာ "

ဥက္ကာ၏ရဲတပ်ဖွဲ့ဝင် ကွန်မန်ဒိုတွေထဲက လက်ဖြောင့်တပ်သားကလေးနှစ်ယောက်သည် ကိုက်လေးရာကျော်မှာ ချိတ်ဆွဲထားသော ပန်းအိတ်နီနီလေးကို စနိုက်ပါခေါ် မှန်ပြောင်းတပ် ရိုင်ဖယ်ဖြင့် လှမ်းပစ်နေကြ၏။

တောတွင်းနှင့် တောင်ပေါ်ဒေသတိုက်ပွဲတွေမှာ တစ်ခါတစ်ရံ အသုံးဝင်သဖြင့် ဤမှန်ပြောင်းတပ် ရိုင်ဖယ်ကိုသယ်





ဆောင်လာရခြင်းဖြစ်သည်။ ယခု သစ်ပင်ထိပ်ဖျားမှာ ချိတ်ဆွဲထားသော ကိုက်လေးရာအကွာက ပန်းအိတ်ကလေးကို တစ်ယောက်တစ်လှည့်စီ ပစ်နေသည်မှာ လေးငါးချက်ရှိပြီ။ ဥက္ကာ စိတ်မရှည်တော့။

" ဟော့ . . မင်းတို့ဟာက ဘယ်လိုလဲကွ၊ ဒီလောက်ပဲ ညံ့ရသလား " ဟု ကြိမ်းမောင်းနေသည်။

" လေကတိုက်နေတော့ ပစ်မှတ်က အရမ်းလှုပ်နေလို့ ပစ်မရဘူး ဆရာ " ဟု ကောင်လေးတွေက ပြန်ဖြေသည်။

" ဟာ . . ခက်တာပဲ ဟိုမှာ ရဟတ်ယာဉ်သံကြားနေရပြီဟ "

ဥက္ကာရင်မောနေစဉ် ထက်အောင်ရောက်လာကာ . .

" ပေးစမ်းကွာ . . ကိုယ်တစ်ချက် ပစ်ကြည့်မယ် " ဟု သေနတ်ကို လှမ်းတောင်း၏။

ရိုင်ဖယ်လက်တွင်း ရောက်သော် မြေပေါ်ဒူးနှစ်လုံးထောင်ကာဖင်ချထိုင်၏။ သေနတ်မောင်းကိုဆွဲကာ ကျည်အိမ်အတွင်းကျည်ဖြည့်သည်။ ပြီး မောင်းကိုဒူးနှစ်လုံးပေါ်တင်ကာ စနိုက်ပါကို အသေအချာလှည့်ချိန်၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပြောင်း၏ အနိမ့်အမြင့် အကွာအဝေးကို စိတ်ကြိုက် ချိန်းပြီးလျှင် ပြတ်သားမှုကိုပါ လှည့်၍ချိန်၏။ ဝိုးတဝါး နှင်းထု ကြားက အနီရောင်မှန်အိမ်ကလေး၏ အရိပ်ကို ပီပြင်ထင်ရှား ပြတ်သားလာလျှင် ကြက်ခြေခတ်မျဉ်းများ၏ ဗဟိုမှာကျပြီး ငြိမ်နေသော သေနတ်ဒင်ကို ပါးဖြင့်ကပ်ပြီး အတိအကျချိန်၏။

မှန်အိမ်ကလေးပေါ်မှာ ကြက်ခြေခတ် ပစ်မှတ်မျဉ်းများ တစ်ထပ်တည်းကျသွားလျှင် . . .

အသက်ကိုအောင့် . . ထရေဂါလက်ညှိုးကွင်း ခလုတ်၏ မောင်းနှစ်ဆင့်အား ဖပ်ဖွဖွညှစ်၍ဆွဲ၏။

" ဖောက် . . ရွှီး "

ဆောင်းဆာပရက်ဆာ အသံထိန်းကိရိယာမှ ဖြတ်ထွက် လာသော သေနတ်သံက ဖောက်ကနဲသာမည်၏။ မှန်ပြောင်း တွင်းမှ ဆက်ကြည့်နေစဉ် မှန်အိမ်ကလေး မြင်ကွင်းက ပျောက် သွား၏။

" ဟော . . ထိသွားပြီ ဆရာထိသွားပြီ "

စနိုက်ပါသမားကလေးနှစ်ယောက်ထအော်စဉ် သေ နတ်ထိမှန် ပြုတ်ကျသွားသော မှန်အိမ်ကလေးမှ မီးသည်





ထက်အောင်တို့ ပတ်ဖြန်းထားခဲ့သော လောင်စာတွေပေါ်ကျကာ ဝုန်းကနဲ ထတောက်သည်ကို မြင်ရ၏။

ချက်ချင်းဆိုသလို ခွန်မှိုင်း၏ စခန်းတဲများ မီးထ တောက်လေသည်။

" နဂါးတစ်မှ ကြယ်ပျံ့ နဂါးတစ်မှကြယ်ပျံ့ . . ကြား လား . . ကြားရင် အကြောင်းပြန် "

တစ်ဆက်တည်းမှာပင် ဆက်သွယ်ရေးစက်ထဲက ရဟတ်ယာဉ်မှူး ဗစ်တာ၏အသံ ပေါ်ထွက်လာသည်။ ထက်အောင် ပြန်ဖြေ၏။

" ကြယ်ပျံ့မှ နဂါး . . ကြယ်ပျံ့မှ နဂါး . . ကိုဗစ်တာ လား . . ခင်ဗျားအသံတော့ ကြားနေရပြီ . . နှင်းတွေကြောင့် မမြင်ရဘူး "

" ကိုထက်အောင်လား . . ကျွန်တော် မီးခိုးလုံးကြီးနား ရောက်နေပြီဗျ၊ အဲဒီအတိုင်း ဆင်းလာရမလား "

" ဟာ . . ဗစ်တာ နေဦးဗျ . . "

" တောင်ထိပ်က အဲဒီမီးခိုးလုံးကြီးရဲ့ အနောက်ဘက် နားနားကိုက်လေးရာမှာ ရပြီလား '



www.burmeseclassic.com

www.burmeseclassic.com



"အနောက်ဘက်စူးစူး ကိုက်လေးရာ ဟုတ်လား၊ ရပြီ . . ကိုထက်အောင် ကျွန်တော် ဖြည်းဖြည်းဆင်းလာမယ်"

ရဟတ်ယာဉ်သံ ပို၍ကျယ်လောင်စွာ ကြားလာရ၏။ ခေါင်းပေါ်တည့်တည့်က ဖြူနဲ့ကြား ဘဲလ်အမျိုးအစား ရဟတ်ယာဉ်ပေါ်လာပြီး ဆက်၍နိမ့်ဆင်းနေ၏။

တောင်ထိပ်မှ [illegible]တစ်ရာငါးဆယ်ခန့်အကွာ လေထုထဲမှာ ငြိမ်နေအောင်ရပ်ရင်း ကြိုးတစ်ချောင်း တန်းလန်းချပေးသည်။

ကြိုးထိပ်မှာ ဖောကွင်းခါးပတ် တစ်ခုတွဲလို့။ မြေပေါ် မကျခင် ဖောကွင်းကို လှမ်းဆွဲယူကာ ထက်အောင် ချိုင်းကြားထဲသို့သွင်းလိုက်ပြီးသည်နှင့် ရဟတ်ယာဉ်သည် တဖြည်းဖြည်း ပျံတက်သွားရင်း ကြိုးကိုတင်သည်။

လေထဲမှာ တန်းလန်းကြီးပါသွားသော ထက်အောင် ရဟတ်ယာဉ်နှင့်နီး၍ နီး၍သွားလေသည်။

ရဟတ်ယာဉ်မှ အရေးပေါ်စက်သံကြီးဖြင့် ဆင်းခြင်း တက်ခြင်းမှာ အန္တရာယ်ကြီးလှသော်လည်း ဤအခြေအနေမျိုးမှာ မတက်သာ ဤနည်းသာ အသုံးတည့်ဆုံး ဖြစ်လေသည်။





ဘဲလ်တီးဓီးရိုးဖိုး ရဟတ်ယာဉ်သည် ထက်အောင် ရဟတ်ယာဉ်ပေါ် ရောက်လာသည်နှင့် ကာဘိုင်ဂျက်အင်ဂျင်ကို အစွမ်းကုန်ဖွင့်ကာ လွယ်မွေတောင်တန်းကြီးပေါ်မှ ဖြတ်ကျော် ပျံသန်းသွားလေသည်။

. . . . . . . . . . . . . . . . . . . . . . . . .

အင်္ဂလားပင်လယ်အောင်၏ ရေပုံကားချပ်ကြီးကိုချကာ ဆရာဒွေး စဉ်းစားနေ၏။

ရေပုံကားချပ်ကြီး၏ တစ်နေရာမှာ အလံနီနီကလေး တစ်ခုဖြင့် သင်္ကေတအမှတ်အသား ပြထားသော သင်္ဘောတစ်စီး ပုံစံကလေးချထားသည်။

ထိုသင်္ဘောနှင့် မကွာဝေးလှသော နေရာတွေမှာ တမ်းခြေစောင့် ရေယာဉ်နှစ်စီး လက်နက်တင်ယာဉ်တစ်စီး၊ တိုက်ရေယာဉ်တစ်စီးတို့၏ ပုံစံတူ ရေယာဉ်ငယ်ကလေးများ ခိုင်းနေသည်။

နံရံပေါ်တွင်လည်း မြန်မာ့ရေပိုင်နက်နှင့် ဝန်းကျင်လို့ ရေကြောင်းပြမြေပုံကြီးများ ချိတ်ဆွဲထားသည်။ မြေပုံကားချပ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှာ ပြဿနာဖြစ်ပေါ်နေရသည့် ရေယာဉ်အုပ်စုတည်နေရာကို ဖော်ပြထားသော အလံတိုင်ကလေးတွေ စိုက်လျက်ရှိသည်။

ခဏအကြာတွင် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူကိုယ်စားလှယ်ကြီးများ တစ်ဦးပြီးတစ်ဦး ဝင်၍လာလေရာ ဆရာဒွေး၏ပတ်ဝန်းကျင်မှာ စားပွဲဝိုင်းကြီးတစ်ပတ်ပြည့်အောင် အစည်းအဝေးတက်လာသူတွေ နေရာယူပြီးသား ဖြစ်သွားသည်။

ဆရာဒွေးက တာဝန်ခံကိုယ်စားလှယ်ဖြစ်သည်။ ဒါရိုက်တာကြီး ကိုယ်တိုင်ကတော့ ခွန်မှိုင်းအား ဖမ်းဆီးရမိထားသည့် ကိစ္စကိုသတင်း ထုတ်ပြန်ရေးအတွက် ကျိူင်းတုံသို့ ထွက်သွားရ၏။

ဒါရိုက်တာကြီး မှာသွားသည်က . . .

" ခုကိစ္စမှာ ကျူပ်အတွေ့အကြုံမရှိဘူး . . ဆရာဒွေးက အင်တာပိုလ်တို့ အင်တာဆက်တို့မှာ တာဝန်ထမ်းဆောင်ဖူးတော့ ဒီကိစ္စတွေအသေးစိတ်သိတယ်၊ လုပ်လဲလုပ်တတ်တယ် . . ဌာနမှာကလဲ ကျူပ်ပြီးရင် ဆရာဒွေး တာဝန်အရှိဆုံးပဲ မဟုတ်လား၊ ဆရာဒွေး သူ့စိတ်ကြိုက်သာ ကိုင်တွယ်ပေတော့ " ဟု အသေအချာ မှာသွားသည်။





ဆရာဒွေး အစည်းအဝေးပွဲကို မစသေးပဲ အချိန်အနည်းငယ်ဆွဲထား၏။

ညီအစ်ကိုတော်အဖွဲ့အစည်း တစ်ခုမှ ညွှန်ကြားရေးမှူးကြီးက . . .

" ဆရာဒွေးစတော့လေ လူစုံပြီးပဲ " ဟု သတိပေး၏။

ဆရာဒွေး မွှန်ရည်စွာ ပြုံးပြရင်း . . .

" ကျွန်တော့်လူတစ်ယောက် လာနေပါတယ် . . ခုကိစ္စမှာ သူ့ကို တာဝန်ပေးရမှာ ပြီး ဆရာတို့အားလုံးကို ရှင်းပြမယ့်ကိစ္စတွေ သူနဲ့အတူ ဆွေးနွေးညှိနှိုင်းကြဖို့ ရှိပါတယ်၊ ခဏလေးစောင့်ကြပါ၊ နောက် ငါးမိနစ်ကြာလို့မှ သူမရောက်လာသေးရင်လဲ ကျွန်တော်တို့ ဘာသာစကြတာပေါ့ "

ဆရာဒွေး စကားအဆုံးမှာ ရဟတ်ယာဉ်တစ်စီး ဌာနချုပ်အဆောက်အဦတိုက်ကြီး၏ ထပ်သို့ဆင်းသက်လာလေသည်။ ဘဲလ်တူးဇီးရိုးဖိုး ရဟတ်ယာဉ်ပေါ်က ဆင်းလာသူမှာ ထက်အောင်။

ထက်အောင်ကို ဒုတိယတမ်းအရာရှိကလေးက ဆီးကြိုကာ အစည်းအဝေးခန်းမအတွင်း ခေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ဆယ်နာရီ နှစ်မိနစ်တိတိ။ ထက်အောင် အစည်းအဝေးခန်းမအတွင်း ဝင်သွား၏။ ညက တစ်ညလုံး လွယ်မွှေတောင်တန်းပေါ်မှာ ကြမ်းတမ်းစွာ ရုန်းကန်လှုပ်ရှား တိုက်ပွဲဝင်ခဲ့ရသည်။ ယခုထိ တစ်ချက်မှ မနားရသေး။

ရဟတ်ယာဉ်ကလေးပေါ်မှာက ကျဉ်းကျဉ်းကြပ်ကြပ်လိုက်လာရခြင်းသာရှိ၏။ ပြီး ထက်အောင်တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသည်။ စုတ်ပြတ်နေသည်။ မျက်နှာမှာဖုန်တွေသဲတွေကပ်ကာ ဆံပင်တွေမှာလည်း ဖုန်အလိမ်းလိမ်း။

" လာ ထက်အောင် . . ထိုင် "

ဆရာဒွေးက လှမ်းခေါ်သဖြင့် စားပွဲဝိုင်း၏ ထိပ်ကခုံမှာ သူဝင်ထိုင်၏။ အားလုံးက သူ့ကို ဂြိုဟ်ပေါ်က ဆင်းလာသော သတ္တဝါဆန်းတစ်ကောင်လို ဝိုင်းကြည့်နေကြဆဲ။ သူက ခေါင်းကို ညိတ်၍ အရှိအသေပြု၏။

အစည်းအဝေးလာတက်သော ဤပုဂ္ဂိုလ်ကြီးများသည် ဌာနအသီးသီးမှ ရာထူးကြီးများရထားသူ ရောမအရာရှိကြီးတွေ ဖြစ်ကြောင်းသူသိသည်။

ဆရာ ဒွေးက သူ့ကိုမိတ်ဆက်ပေးသည်။





" ဒါဟာ . . ကျွန်တော့်စိတ်အချရဆုံး အေးဂျင့်ထက်အောင်ပါပဲ၊ သူ ခု လွယ်မွှေ တောင်တန်းကြီးပေါ်ကလာခဲ့တာပဲ၊ မနက်ဖြန် မနက်ဆို လူဆိုးအဖွဲ့ခေါင်းဆောင်နာမည်ကျော်လွယ်မွှေ ခွန်မှိုင်းကို ဖမ်းဆီးရမိကြောင်း သတင်းလူကြီးမင်းတို့ သိပါလိမ့်မယ်၊ ထက်အောင်ဟာ ခွန်မှိုင်းကိုရအောင် ဖမ်းပေးပြီးပြီးချင်း၊ ဒီကလိုလို့ ရဟတ်ယာဉ်နဲ့ သွားပြန်ခေါ်လာတာပါ . . ကဲ ကျွန်တော်တို့ အစည်းအဝေးစကြရအောင် "

ဆရာဒွေးက စကားအဆုံးမှာ ညွှန်တံငယ်ကိုကောက်ကိုင်ကာ နံရံပေါ်မှ ရေပုံကားချပ်ကြီးကို ထောက်ပြ၏။

" ကိုရယ်ကွင်းပြဿနာ ကြုံနေရတဲ့နေရာဟာ ပောဒီဘာဂ်လားပင်လယ်အောင်ထဲမှာပါ ခင်ဗျာ . . လတ္တီတွဒ် . . ဒီကရီနဲ့ လောင်ဂျီတွဒ် . . . ဒီဂရီကြားမှာပါ "

" သန္တာဘုရင်မလို့ မြန်မာပြန်ရင်ရမည့် ကိုရယ်ကွင်းသင်္ဘောဟာ အပျော်စီးပင်လယ်ကူး ဇိမ်ခံသင်္ဘောကြီး ဖြစ်ပါတယ် "

ဆရာဒွေးက ခလုတ်တစ်ခုကို နှိပ်လိုက်ရာ နံရံပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆလိုက်ပုံတစ်ပုံဖြင့် သန္တာဘုရင်မသင်္ဘောကြီးပုံ ပေါ်လာသည်။ အဖြူရောင်သင်္ဘောကြီးမှာ ကြွကြွရွရွနှင့် အလွန်ကြည့်၍ လှလေသည်။

"အဲဒါ ကိုရယ်လ်ကွင်း သန္တာဘုရင်မ သင်္ဘောကြီးပါပဲ၊ ခရီးသည် စုစုပေါင်း နှစ်ထောင်တင်ဆောင်နိုင်ပါတယ်။ ခု ခရီးစဉ်မှာ ခရီးသည် တစ်ထောင့်သုံးရာကျော် ပါလာပါတယ်"

ဆရာဒွေးက ရှင်းပြနေ၏။

"ဤမျှကြီးမားလှသော အိုးရှင်းလိုင်နာသမုဒ္ဒရာဖြတ် ကျော်ခရီးသည်တင်သင်္ဘောကြီးမှာ ဘာပြဿနာတက် နေပါသလဲ" ဟု ထက်အောင် တွေးနေမိသည်။

ဆရာဒွေးက ဆက်ရှင်းပြန်၏။

" ကိုရယ်လ်ကွင်းကို ပိုင်ဆိုင်တာက ဟောင်ကောင် ဂိုးလ်လီဖိကုမ္ပဏီပါ၊ ခု ခရီးစဉ်က ဟောင်ကောင်က ပေလီဝါ၊ ဒါပေမယ့် နိုင်ငံတကာရေပိုက်နက်အတွင်းကနေ မြန်မာ့ရေပိုင် နက်အတွင်း ဝင်လုဆဲဆဲမှာ ပြဿနာတစ်ခု ဖြစ်ရပါတယ် "

" ပထမဦးဆုံး ကိုရယ်လ်ကွင်းဆီက ရလိုက်တဲ့ မက်ဆေ့ချ်က ကယ်ဆယ်ရေးအရေးပေါ် သတင်းပို့ချက် မဒေး





တွေပါပဲ . . မေဒေးသတင်းပို့ချက် ထုတ်လွှင့်လိုက်တာနဲ့ အနီး အနားက သင်္ဘောတွေဟာ ကိုရယ်လ်ကွင်းရှိရာ တရကြမ်းမောင်း နှင်ကြပါတယ်။ ကျွန်တော်တို့ရဲ့ တပ်ဖွဲ့က ကမ်းခြေစောင့် ရေယာဉ်တွေလဲ ပါပါတယ် "

" ဒါပေမယ့် ကိုရယ်လ်ကွင်းအနားကို သင်္ဘောတွေ ရောက်တဲ့အခါမှာ ရေဒီယိုမက်ဆေ့ချ်တစ်ခု ထပ်ဝင်လာပြန်ပါ တယ် . . အဲဒါကတော့ ကိုရယ်လ်ကွင်းနားကို ဘယ်သူမှ မကပ် ပါနဲ့တဲ့ . . သင်္ဘောကြီး တစ်စီးလုံးကို အပိုင်စီး သိမ်းပိုက်ထား ပြီးတဲ့ "

" ဟင် "

" ဟာ "

သည်တစ်ခါ အစည်းအဝေးခန်းတွင်းမှာ နားထောင်နေ သူတွေအားလုံး 'ဟာ'ကနဲ ဖြစ်သွား၏။

ဤမျှကြီးမားလှသော သင်္ဘောကြီးကို ဘယ်သူတွေက အပိုင်စီးထားသလဲ၊ ဘာရည်ရွယ်ချက်နဲ့ ခုလို အပိုင်စီးရသလဲ။

" ကိုယ်လ်ကွင်း အပိုင်စီးခံရတယ်ဆိုတာ သေချာတာ နဲ့အနားမှာရှိတဲ့ ကုန်သွယ်ရေးသင်္ဘောတွေကို မိမိခရီး မိမိဆက်



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ ပြောလိုက်တာယ်။ ခု ကမ်းခြေစောင့်ရေယာဉ် လက်နက်တင်ရေယာဉ်နဲ့ တိုက်ရေယာဉ်တွေ ကပ်လိုက်နေတယ် ”

“ သင်္ဘောကို အပိုင်စီးထားသူတွေဟာ အတော်လျင်ပြီး အတော်လက်ရဲ ဇက်ရဲနိုင်တဲ့ ကောင်တွေဆိုတာလဲ သိရတယ်၊ ကျွန်တော်တို့ ဌာနကသတင်းထောက် ရဟတ်ယာဉ် သင်္ဘောပေါ် ဖြတ်ပျံတုန်း လှမ်းပစ်တာထိသွားတယ် ”

“ ဟာ ”

“ ဟင် ”

အစည်းအဝေးတက်သူတွေ အားလုံး ဒုတိယအကြိမ် တအံ့တသြဖြစ်ကြရ ပြန်ပါလေပြီ။

“ ရဟတ်ယာဉ်ဟာ ရေပေါ်ကို အရေးပေါ်ထိုးဆင်းလိုက်ရပြီး၊ ပျံသန်းရေးအဖွဲ့သားတစ်ယောက် သေဆုံးတယ်။ ကျန်သူတွေကို ကမ်းစောင့်ရေယာဉ်က ကယ်ပြီးချိန်မှာ ရဟတ်ယာဉ် မြုပ်သွားတယ် ”

“ ခုတော့ ကျွန်တော်တို့ဘက်မှ ဘာလှုပ်ရှားမှုမှ မလုပ်ဘဲ သင်္ဘောကို ဝိုင်းထားရုံပဲထားတယ်၊ အပိုင်စီးတဲ့ကောင်တွေက သင်္ဘောအနားကို မကပ်လာဖို့ အကြိမ်ကြိမ်သတိပေးနေတယ်





သင်္ဘောကြီးပေါ်မှာ အလွန်ကောင်းတဲ့ ရေပြင်ပေါ်ထောက်လှမ်းရေးရေဒါတပ်ဆင်ထားသတဲ့ ”

“ အဲဒီ ရေဒါကနေ ဝိုင်ထားတဲ့ သင်္ဘောတွေကို သူတို့ မြင်နေရမှာပါပဲ၊ လောလောဆယ် အခြေအနေက အဲဒါပါပဲ။ လူကြီးမင်းတို့အနေနဲ့ ဒီကိစ္စနဲ့ ပတ်သက်တဲ့ ဌာနအသီးသီးက ဖြစ်လို့ လိုအပ်သလို ဆွေးနွေးအကြံပေးကြဖို့ တောင်းပန်ပါတယ် ”

ဆရာဒွေး၏ ဖိတ်ခေါ်မှုဆိုးသွားလျှင် ဌာနအသီးသီးမှ ပုဂ္ဂိုလ်များသည် နိုင်ငံတကာရေကြောင်း ဥပဒေများ၊ ကယ်ဆယ်ရေးလုပ်ထုံးလုပ်နည်းများ၊ သံရေးတမန်ရေး နည်းလမ်းများ၊ နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ တရားဥပဒေများကို မည်သို့ရှိကြောင်းဆွေးနွေး တင်ပြကြပါသည်။

ပြီး လောလောဆယ် လုပ်ရမည့် လိုအပ်ချက်များကိုလည်း ပြောဆိုဆွေးနွေးကြ၏။ သင်္ဘောကြီးပေါ်တွင် ခရီးသည် မည်၍မည်မျှ အတိအကျပါသည်။ မည်သည့်နိုင်ငံသားများ ပါဝင်သည်တို့ကို စာရင်းအတိအကျ ရရှိရေးကို ချက်ချင်း လုပ်ဆောင်ဖို့ ညွှန်ကြား၏။



www.burmeseclassic.com

www.burmeseclassic.com



ထက်အောင်တို့ဌာနမှ ဆက်သွယ်ရေးဌာနသည် ဖက်စ် ဆက်သွယ်ရေးစက်နှင့် ကွန်ပျူတာတစ်လုံးကို အသုံးပြုကာ ဟောင်ကောင်ကုမ္ပဏီနှင့် ချက်ချင်း ဆက်သွယ်၍ ပါစင်ဂျာ ဇယား တစ်ခုကိုပြုစုရေးဆွဲလေသည်။

ညီအစ်ကိုတော်အဖွဲ့အစည်းမှ ညွှန်ကြားရေးမှူးကြီးက အဲဒီ ပါစင်ဂျာစာရင်းထဲမှာ မြန်မာကွယ်နေတဲ့ အကြမ်းဖက်သမား များ အပိုင်စီးထားလူတွေလဲ ပါလာလိမ့်မယ်ဟု ထောက်ပြလေ သည်။





**အခန်း(၅)**



www.burmeseclassic.com

www.burmeseclassic.com



" သန္တာဘုရင်မဆီက နောက်ဆုံးရတဲ့ သတင်းက ဘာလဲ ညွှန်ကြားရေးမှူးကြီး "

နိုင်ငံတကာနှင့် ပြောဆိုဆက်ဆံရမည့် ဌာနမှ အထက်တန်းအရာရှိကြီးက မေး၏။

ဆရာဒွေးက " အဆိုးဆုံး အကြောင်းကြားချက်ကိုပဲ မော့စ်ကွက်ဒ် (ကြေးနန်းအချက်ပြနည်း)နဲ့ ထပ်ခါထပ်ခါ လွှင့်နေပါတယ်၊ အမိပ္ပါယ်ကတော့၊ သန္တာဘုရင်မကို ထိန်းချုပ်ထားတယ်၊ ခရီးသည်တွေရဲ့ အသက်အန္တရာယ်ကို မထိခိုက်စေ





ချင်ရင် ဘယ်သူမှ အနားကပ်မလာပါနဲ့တဲ့ ခင်ဗျာ .."

" ဘယ်အုပ်စုက ဘာ့ကြောင့်အခုလို လုပ်သလဲမသိရသေးဘူးပေါ့ "

" မသိရသေးပါဘူး ခင်ဗျာ .. အဖွဲ့တစ်ခုခုက ဖြစ်ပါလိမ့်မယ် "

" ခုလို ကိစ္စမျိုး ဖြစ်လာရင် ဘာလုပ်ရမယ်လို့ ချမှတ်ထားတဲ့ မူရှိသလား "

" ရှိပါတယ် .. အကြမ်းဖက်သမားတွေရဲ့ မည်သည့်တောင်းဆိုမှုကိုမှ မလိုက်လျောရဘူးဆိုတဲ့ မူရှိပါတယ် "

" ဒါဖြင့် ဝင်တိုက်မယ်ပေါ့ "

" တက်ရမှာပေါ့ .. ဒီလိုကိစ္စမျိုးမှာ အဆင့်မြင့်နည်းပညာလက်နက်တွေကို သုံးတတ်တဲ့ ရန်သူကိုထိရောက်စွာ အနိုင်ယူတိုက်ခိုက်အောင် စပါယ်ရှယ်ဖြစ် ကွန်မန်ဒို (အက်စ်စီအေဗီ)အဖွဲ့ကလေးတွေ လေ့ကျင့်ထားတာ ရှိပါတယ် "

" အဲဒီအဖွဲ့ကလေးတွေကို ဘယ်သူကွပ်ကဲမလဲ "

" ကျွန်တော် အနီးကပ်ကွပ်ကဲသွားမှာပါ "

" ဘယ်သူ ခေါင်းဆောင်လုပ်မလဲ "



www.burmeseclassic.com

www.burmeseclassic.com



" အေးဂျင့်ထက်အောင်ပါ၊ သူက ဂရပ်လီဒါ (အုပ်စုမှူး) အော့ဖ်အက်အေစီ တစ်ယောပ်ပါ"

အစည်းအဝေးခန်းမသည် ငြိမ်သက်၍သွား၏။ တိတ်ဆိတ်စွာ စဉ်းစားနေကြ၏။ သံတမန်နည်းလမ်းများဖြင့် လုပ်ဆောင်လေ့ရှိသူ အပြည်ပြည်ဆိုင်ရာနှင့် ဆက်သွယ်နေရသူ အရာရှိကြီးက . . .

" ဖြစ်ပါ့မလား . . ခရီးသည်တွေကို ထိခိုက်သွားမယ်ဆိုရင် တခြားနိုင်ငံတွေက နို့ထွက်မှာ " ဟု ထောက်ပြသည်။

ဆရာဒွေး၏ တင်ပြချက်ကို လက်ခံချင်ပုံမရ။

ညီအစ်ကိုတော် ဥပဒေဘက်တော်သား အဖွဲ့အစည်းမှ ညွှန်ကြားရေးမှူးကြီးကတော့ . . .

" ဖြစ်ပါတယ်၊ နိုင်ငံတကာအဖွဲ့အစည်းတွေမှာလဲ ဒီလိုပဲ စပါယ်ရှင်လစ်တွေ အများကြီးရှိတာပဲ . . လေယာဉ်အနုကြမ်းစီးမှုတွေ ဓားစာခံကိစ္စတွေမှာ ဒီလိုပဲ ဝင်တိုက်ပြီး ကယ်တင်ကြရတာပါပဲ . . နည်းဗျူဟာတွေက သိပ်ကောင်းတော့ အောင်မြင်တာများပါတယ် " ဟု ထောက်ခံတင်ပြသည်။

အရာရှိကြီးတစ်ယောက်က မေး၏။





" အဲခုအစည်းအဝေးက ဘာလုပ်ပေးရမလဲ ပြောပါဦး "

" သန္တာဘုရင်မကိစ္စကို ခြောက်နာရီကြာ ဆိုင်းငံ့ကာလလွန်တာနဲ့ ကျွန်တော်တို့ ကိုင်တွယ်ပါတော့မယ်၊ ရန်သူက ဘယ်လိုမှ မထင်မှတ်ပဲ သင်္ဘောကြီးပေါ် တက်သွားနိုင်တဲ့နည်းတွေ ကျွန်တော်တို့မှာ အများကြီးရှိပါတယ် "

" ဟုတ်ပြီ "

" ကျွန်တော်တို့ဘက်က အဲဒီလိုလုပ်ငန်း ဆောင်ရွက်နေတုန်းမှာ လူကြီးမင်းတို့အနေနဲ့ သက်ဆိုင်ရာဌာနများမှာ စတင်းဘိုင်နေပေးဖို့ပါပဲ၊ ကျွန်တော်တို့ လိုအပ်မည့်အကြောင်းကိစ္စများ သတင်းအချက်အလက်များကို ချက်ချင်းသတင်းပို့ညှိနှိုင်းဖြေရှင်းမှာ ဖြစ်ပါတယ် "

" ကောင်းပါပြီ စတင်းဘိုင်ရှိနေမည့် နေရာက ဖုန်းနံပါတ်တွေ ကျွန်တော်တို့ပေးခဲ့ပါ့မယ် "

ဆရာဒွေးက ရေကြောင်းဌာနကိုတော့ တစ်ခုမေတ္တာရပ်ခံ၏။

" ရေကြောင်းဌာနအနေနဲ့ကတော့ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် သွားလာနိုင်မည့် သင်္ဘောတစ်စီး၊



www.burmeseclassic.com

www.burmeseclassic.com



အပြည့်ပြည့်ဆိုင်ရာ ရေကြောင်းဥပဒေရေးရာမှာ ကျွမ်းကျင်အဆုံးအဖြတ်ပေးနိုင်မည့် ပုဂ္ဂိုလ်ဦးဆောင်ပြီး ကျူးအေရီယာကို လွှတ်ပေးပါ၊ ကျူးဒေသဆိုတာ သန္တာဘုရင်မ ရှိနေမည့်နေရာပါပဲ ”

“ ကောင်းပြီ ညွှန်မှူး ကျွန်တော်တို့ နောက်တစ်နာရီ ရန်ကုန်ကစထွက်မယ် ”

“ ဒါဆို အားလုံးပြည့်စုံပါပြီ . . အဲ လာမည့်သုံးဆယ့်ခြောက်နာရီအတွင်းမှာတော့ ဒီကိစ္စဟာ လျှို့ဝှက်ပါပဲ ခင်ဗျား။ ဒါပါပဲ . . အားလုံး ကျေးဇူးတင်ပါတယ် ”

ဆရာဒွေး အစည်းအဝေး ရုပ်သိမ်းလိုက်၏။

ဝိုင်းဝန်းကူညီကြမည့် ဌာနဆိုင်ရာ အသီးသီးက စတင်းဘိုင် ထာဝရအသင့်ရှိနေမည့် ဖုန်းနံပါတ်ကိုပေးကာ ပြန်လည်ထွက်ခွာသွားကြ၏။

ဆရာဒွေးနှင့် ထက်အောင်နှစ်ယောက်တည်း ကျန်ရစ်သည်။

. . . . . . . . . . . . . . . . . . . . . . . . . .





ဆိုင်းငံ့ကာလ ခြောက်နာရီတဲ့။

ဘာကြောင့် ဤကာလကို ဆရာဒွေးသတ်မှတ်ထားသလဲဆိုတာကို ထက်အောင် မတွေးတက်သလို မေးလဲမမေးရဲပါချေ။

ဒါပေမယ့် ဆက်သွယ်ရေးစက်တစ်လုံးနှင့် အထူးကျွမ်းကျင်သူတစ်ယောက်တို့ အနားမှာထားကာ သန္တာဘုရင်မကို ဝိုင်းထားသည့် ဝိုင်ကျီရေယာဉ်အုပ်စုနှင့် မပြတ်ဆက်သွယ်နေ၏။

ဤတွင် ထူးဆန်းလှပသော နာမည်လေး တစ်လုံးကို ထက်အောင် ကြားလာရ၏။

ရီဘက်ကာလန်းစီတဲ့ . .။

“ ရီဘက်ကာ ပြောပါတယ်၊ ခရီးသည်တွေ အတော်များများဟာ ဒီကိစ္စကို မသိကြသေးပါဘူးတဲ့ . . ဒါပေမယ့် ခရီးသည်တွေထဲမှာ ဝေဒနာရှင်တစ်ချို့ ပါလာတာကြောင့် သင်္ဘောအပိုင်စီး ခံထားရတယ်ကြားရင် ရောဂါတတ်နိုင်ပါတယ်တဲ့ ”

ဤသတင်းဝင်လာပြီး ဆယ့်ငါးမိနစ်အကြာတွင် ရီဘက်



www.burmeseclassic.com

www.burmeseclassic.com



ကာလန်းစီဆီက နောက်ထပ်သတင်းပို့ချက်တစ်ခု ထပ်လာသည်။

" သူတို့က ပြောတယ် သန္တာဘုရင်မအနားမှာ ဝိုင်းထားတဲ့ သင်္ဘောဘယ်နှစ်စီး ရှိတယ်ဆိုတာ အားလုံးကို သိနေတယ်တဲ့၊ လှုပ်ရှားမှုတစ်ခုခု လုပ်ဖို့မကြိုးစားပါနဲ့တဲ့၊ ကြိုးစားတာနဲ့ သင်္ဘောကြီးကို ဖောက်ခွဲပစ်မယ်တဲ့ ခု အတင်းပို့တာ ကျွန်မ ရီဘက်ကာလန်းစီပါ "

ထို့နောက် သတင်းပို့ချက်များ ဆက်တိုက်ထွက်ပေါ်၍ လာ၏။

" ကျွန်မ ရီဘက်ကာလန်းစီပါ ခရီးသည်တွေထဲက ဝေဒနာရှင်တွေထဲမှာ ခရီးသည်စာရင်းပေါ်မှာ ဖော်ပြထားချက်တွေအရ နှလုံးရောဂါသည် လေးဦး၊ ပိုလီယိုနဲ့အာရုံကြော ဝေဒနာရှင်တစ်ဦး၊ ဆီးချိုရောဂါရှင်တစ်ဦး၊ အဲ ပြီးတော့ ကိုယ်ဝန်ဆောင်တစ်ဦး ပါလာပါတယ်၊ အကောင်းဆုံးက ဆရာဝန် တစ်ယောက်ပို့ပေးနိုင်ရင် ကောင်းမယ်၊ ကျွန်မပြောတာ ဆရာဝန် တစ်ယောက်ပါ"

ရီဘက်ကာလန်းစီ၏ အသံရုပ်အသွားတွင်





ထက်အောင် ဝင်ပြော၏။

" ဆေးရုံသင်္ဘောကျနေတာပဲ၊ လူမမာတွေများလှချည်လား "

" အေး ရောဂါသက်သာချိန်မှာ ရာသီဥတုကလဲ အထူးသာယာချိန်မို့ စိတ်ပြေလက်ပျောက် ထွက်လာကြတာပဲ သူတို့ ပေလီမှာ အနားယူကြမှာ " ဟု ဆရာဒွေးက ရှင်းပြသည်။

" ရီဘက်ကာလန်းစီက အကြမ်းဖက်သမားတွေရဲ့ ပြန်ကြားရေးမှူးလားဆရာ . . ဒါမှမဟုတ် သင်္ဘောအမှုထမ်းဖြစ်မယ်ထင်တယ် "

" မဟုတ်ဘူး ထက်အောင် သူလဲ သာမန်ခရီးသည် တစ်ဦးပဲ . . သင်္ဘောကြီးကို အကြမ်းဖက်သမားတစ်စုက အပိုင်စီးထားတယ်ဆိုတာ သိနေတဲ့ ခရီးသည် လူနည်းစုကလေးထဲမှာ သူပါတယ်။ သူက အကြမ်းဖက်သမားအုပ်စုနဲ့ တို့နဲ့ကြားမှာ ကြားခံလူအဖြစ် ဝင်ဆက်သွယ်ပေးနေတာ "

" ဟာ . . တော်တော်သွက်တဲ့ အမျိုးသမီးပဲ "

ထက်အောင် ချီးမွမ်းလိုက်၏။ နိုင်ငံတကာ အကြမ်းဖက်သမားဆိုသည့် သူတွေမှာ အလွန်ကြမ်းတမ်း ရက်စက်သူ



www.burmeseclassic.com

www.burmeseclassic.com



များ၊ ဆိုးသွမ်းယုတ်မာသူများသာ ဖြစ်ကြသည်။

ဤသို့သော လူမျိုးတွေနှင့်ယှဉ်ပြီး လုပ်ကိုင်နေရသော လူမှုရေးစိတ်ဓာတ်ကို ချီးကျူးရပေလိမ့်မည်။

ဆက်သွယ်ရေးစက်မှ သတင်းပို့ချက်တစ်ခုမှ ပေါ်မလာတော့ပဲ ပြတ်သွားလျှင် ထက်အောင် ဆက်တိုက်စိတ်ရောလူပါ ပင်ပန်းထားသည့်အတွက် အိပ်ငိုက်နေရင်းက 'အင်းကနဲ့ အဲကနဲ ညည်းသံထွက်လာကာ ကုလားထိုင်ပေါ်က ပြုတ်ကျတော့မလို ဖြစ်သွားသည်။

ဆရာဒွေး ထက်အောင်ကိုကြည့်ပြီး သက်ပြင်းချကာ ဌာနအတွင်းရှိ ဖုန်းကိုခေါ်၏။

" သီတာချို ရှိသလား၊ ဟုတ်တယ် . . ဒေါက်တာ သီတာလေ ရှိတယ်ဟုတ်လား . . ထက်အောင်ကို လွှတ်လိုက်မယ် လို့ပြော . . အေး . . အေး ဒါပဲ "

ဖုန်းကိုချပြီး ထက်အောင်ပခုံးကို အသာပုတ်ကာ . . .

" ထက်အောင် "

" ဗျာ . . ဆရာ "

" မင်း သိပ်ပင်ပန်းနေတယ်၊ အနားယူဖို့ အချိန်က





သုံးနာရီပဲရတယ်၊ ဒီတော့ ရိုးရိုးအနားယူရုံနဲ့ မဖြစ်ဘူး ဆိုက်ကို သရဖီနဲ့ လုပ်ရလိမ့်မယ်သွား သီတာချိုဆီသွားလိုက် . . လိုအပ်မှ ငါလာခေါ်မယ် "

" ဟာ စိတ်ကျင့်စဉ်တွေ လုပ်ခိုင်းဦးမယ် ထင်တယ် "

" သွားသာ သွားပါကွာ၊ ဒီဆရာဝန်မလေး ရှိနေတာ တို့အတွက် သိပ်အားကိုးရတာ မင်းသိသားနဲ့ . . ကဲ . . သွား "

ထက်အောင် လေးကန်စွာနေရာက ထ၏။ အိပ်ငိုက်ငိုက်ဖြင့် အခန်းထဲမှအထွက် စားပွဲပေါ်က ဖိုင်တွဲတစ်တွဲကို တိုက်ချပစ်ခဲ့သေးသည်။

ဒေါက်တာသီတာချိုထံ ဆရာဒွေးလှမ်းဆက်ပြန်၏။

" သီတာ ထက်အောင်လာနေပြီ . . သူနောက်သုံးနာရီကြာရင် အလွန်အရေးကြီးတဲ့ စစ်ဆင်ရေးတစ်ခုမှာ ပါဝင်လှုပ်ရှားဦးဆောင်ရလိမ့်မယ်၊ အဲ လောလောဆယ် သူသိပ်စိတ်ပင်ပန်းနေတယ်၊ အမြန်ဆုံး ဖစ်ပြန်ဖြစ်လာအောင် သင့်တော်တဲ့ ကုထုံးတွေလုပ်ပေးပါ . . ဆေးဝါးကောင်းတွေလဲ သုံးပေါ့ "

ဒေါက်တာ သီတာချိုက . . .

" ရပါတယ် ညွှန်မှူး၊ သုံးနာရီလုံး သူ့ကိုအာရုံကြောတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပြီး အိပ်ခိုင်းထားလိုက်မယ် သွားခါနီး ဆေးတစ်လုံးထိုး ပေးလိုက်မယ်၊ သူ အရင်ကထက် ပိုတက်ကြွသွက်လက်လာ စေရပါမယ် ” ဟု တာဝန်ခံလေသည်။

ခဏအကြာတွင် ထက်အောင် ဒေါက်တာသီတာချို အခန်းထဲ ဝင်သွားလေသည်။

“ လာ . . ကိုထက်

ထက်အောင် ဒေါက်တာသီတာချိုကို ဘာမှပြန်မပြော သေး။ ဌာနချုပ်မှ ဒေါက်တာသီတာချို၏ အခန်းထဲမှာ ဆေးခန်း ပမာ ပြင်ဆင်ထားခြင်းကို အံ့ဩ၍နေသည်။

လူနာကုတင်ကြီးမှာ အနက်ရောင်သားရေကို ဆိုဖာကြီး ပြင့် အိစက်နေ၏။

“ မင်း ဘာငေးနေတာလဲ ကိုထက် ”

“ ကျွန်တော့်ကို ဘယ်နေရာမှာ တရားအားထုတ်ခိုင်း မလဲလို့ ”

“ အို . . အဲဒါက မင်းမှာ သိပ်ဒေါသတွေ မွှန်ထူနေလို့ မေတ္တာတရားပွားများ ခိုင်းရတာ၊ အခုဟာက မင်း စိတ်ရောလူပါ ပင်ပန်းနေမှုကို ဖျောက်ပေးရမှာ ”





“ အင်း ”

“ မင်း သိပ်အိပ်ငိုက်နေတယ် မဟုတ်လား ”

“ အင်း ”

“ ကုတင်ပေါ်မှာ လှဲလိုက် မင်းကို မမ ဆေးတစ်လုံး ထိုးပေးမယ်၊ မမ မင်းကို မေးခွန်းနည်းနည်း မေးမယ် စိတ်ညွှန် ကြားချက်တစ်ချို့ မေးမယ်၊ ပြီးရင် မင်းအိပ်တော့ အိပ်ရေးဝ အောင်အိပ် ဟုတ်လား အီလက်ထရောနစ်နည်းတွေအရလဲ မင်းရဲ့ကြွက်သားတွေကို လှုပ်ရှားနှိပ်နယ်ပေးမယ် ကဲ . . မျက်စိ မှိတ်ထား ”

သူ၏ လက်မောင်းတွင်းကို ဆေးတစ်လုံး ထိုးပေး၏။ မျက်စိတွေ ပို၍လေးလာ၏။

“ မောင်ထက်အောင် ”

“ ဗျာ ”

“ မင်း သိပ်အိပ်ချင်နေပြီနော် ”

“ ဟုတ် . . ကဲ ”

“ မင်း မအိပ်ရသေးဘူး၊ မမ ပြောစကားကို မင်း နားထောင်ရမယ်၊ မင်း နားထောင်ရမယ်။ မင်း နားထောင်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ် ကြားလား . ."

" ဟုတ် . . ကဲ့ "

" မင်း မအိပ်ရသေးဘူး။ မမက အိပ်ဆိုမှ အိပ်ရမယ်၊ ကဲ ပြောစမ်း . . မင်းညက ဘာတွေဖြစ်ခဲ့သလဲ ပြောစမ်း "

" ညက ခွန်မှိုင်းရဲ့ စခန်းကိုဝင်စီးပြီး ခွန်မှိုင်းကိုလက်ရ ဖမ်းပေးခဲ့ရတယ်၊ ပြေးလိုက် လွှားလိုက်ခုန်လိုက် ပေါက်လိုက် ရတာဗျာ၊ တောင်တက်တောင်ဆင်းနဲ့ တစ်ညလုံးပါပဲ "

" မင်း တော်တော်ပင်ပန်းသွားတာပဲပေါ့၊ ကိုင်း . . မင်း ဘာတွေပင်ပန်းလဲ ကြည့်ကြရအောင် ပြောပါဦး "

" အာရုံတွေ ရှုပ်ထွေးနေတယ် မမ၊ သေနတ်သံတွေ ဆူညံနေတယ် ပြီး ကိုယ်တွေလက်တွေကလဲ မလှုပ်ချင်ဘူး "

" ကောင်းပြီ မမအားလုံး ကုပေးမယ်၊ မင်း စိတ်ကို အားထည့်ထားစမ်း၊ မမက ပြောမယ် ညက ဖြစ်ပျက်ခဲ့တာတွေ မင်းအာရုံစူးစိုက်လိုက် "

" ရပြီ မမ"

" အေး . . အဲဒါတွေ မေ့ပစ်လိုက်တော့ အဲဒါတွေဟာ တဖြည်းဖြည်း ဝေးဝေးသွားမယ် . . ဝေးဝေးသွားမယ် . . ပျောက်





ကွယ်သွားရမယ် မင်းစိတ်ထဲမှာ အဲဒီအာရုံတွေ ပျောက်သွားရ မယ် လုံးဝကွက်လပ်တွေ ဖြစ်သွားရမယ်၊ ကြားလား ကိုထက် ဖြစ်သွားပြီးလား ပြော "

" ဖြစ်သွားပြီ . . ဘာလင်ခံ ဘာမှမရှိတော့လူး "

" ဟုတ်ပြီ . . ဒါဆိုရင် မင်းရဲ့ကြွက်သားတွေဆီ အာရုံ စိုက်စမ်း၊ ကြွက်သားတွေဟာ တင်းမာနေရာကနေ လျော့လာရ မယ်၊ ပျော့ပြောင်းလာရမယ်၊ မင်းရဲ့ တစ်ကိုယ်လုံးက အာရုံ ကြောတွေလျော့ပါ ဟုတ်ပြီ၊ မင်း . . အိပ်ငိုက်လာပြီ လုံးဝအနား ယူ အပန်းဖြေအိပ်စက်ဖို့ မင်း . . အသင့်ဖြစ်နေပြီနော် "

" ဟုတ် . . ဟုတ် . . ဟုတ် . . ကဲ့ "

" ကောင်းပြီ ခုကစပြီး ပင်ပန်းနွမ်းနယ်တာတွေကိုမေ့ ပြီး မင်း . . အိပ်ပျော်သွားပြီး နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်သွားပြီ အိပ်ပျော် . . သွား . . ပြီ "

" ရှူး . . ရှူး . . ရှူး "

ထက်အောင် တကယ်ပဲ အိပ်ပျော်သွားပါပြီ။

ဒေါက်တာသီတာချိုက သူ့ကို ငေးကြည့်ပြီး သက်ပြင်း ချပြီး ဆံပင်ကလေးတွေကို သပ်တင်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခြေသလုံးကြွက်သားများ လက်မောင်းကြွက်သားများ ဝမ်းကြွက်သားများပေါ်မှာ လျှပ်စစ်ခလုပ်ကလေးတွေ တပ်၏။

အားအသင့်အတင့်ရှိသော ဒီစီလျှပ်စီးကာရင်လှိုင်းကလေးတွေ လွှတ်ပေး၏။

ကြွက်သားတွေ မသိမသာ တုန်ရီ၍နေသည်။

အော်တိုဆာဂျက်ရှင်ခေါ် စိတ်ညွှန်းကုသနည်းနှင့် အီလက်ထရောနစ် မာဆယ်လ်ရီဖလက်ဆစ်နည်းတို့ ပေါင်းစပ်ထားသော ဤကုထုံးသည် နာကျင်မှု၊ နွမ်းနယ်မှု၊ စိတ်ပင်ပန်းမှုတွေကို ယူပစ်သလို ပျောက်သွားစေနိုင်၏။

ဒေါက်တာသီတာချို့ သူနာပြုဆရာမကလေးလို နဘေးက ပြုစုနေဆဲ။



# အခန်း(၆)



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မ ရီဘက်ကာလန်းစီပါ သူတို့အခု သေနတ်တွေကို ပေါ်ပေါ်တင်တင် ထုတ်ကိုင်နေပြီရှင့် . . ခရီးသည်တစ်ချို့လဲ မြင်ရတွေ့နေကြပြီ၊ ဒါပေမယ့် ဘာတွေဖြစ်နေမှန်းတော့ မသိကြသေးဘူးပေါ့လေ "

ရီဘက်ကာလန်းစီထံမှ သတင်းပို့ချက်ကလေးတွေ ထပ်မံ ထွက်ပေါ်လာဆဲ။

ဝိုင်ရီအုပ်စုဘက်က ပြန်မေး၏။

" မစ္စရီဘက်ကာ ခင်ဗျား ခုံ သတင်းပေးနေတာ





ဘယ်ကလဲ ဘရေကျီ ( မာလိန်စင် ) ပေါ်ကလား "

" မဟုတ်ဘူးရှင့် ရေဒီယိုအရာရှိရဲ့ အခန်းထဲကပါ၊ ရေဒီယိုအရာရှိကိုယ်တိုင် ကတော့ မားစာခံအဖြစ် သွားပြီလေ"

" ဟုတ်လား . . စက်တွေကို ဘယ်သူကိုင်တွယ်နေသလဲ "

" ကျွန်မဘာသာ ကိုင်တွယ်နေတာ အဲ . . သူတို့က ကိုင်တွယ်ခွင့်ပေးလို့ပေါ့လေ . . ကျွန်မက ဟိုစပ်စပ် သည်စပ် စပ်နည်းနည်း တတ်တယ်ရှင့် "

" ခု ရေဒီယိုခန်းထဲမှာ ခင်ဗျားတစ်ယောက်ထဲလား "

" ဟုတ်တယ် . . ကျွန်မ တစ်ယောက်ထဲပဲ "

" ဒါဖြင့် ပြောပါဦး၊ လူဆိုးတွေက ဘယ်လိုအခြေအနေ ရှိသလဲဗျ "

" နိုင်ငံရေးခံယူချက်နဲ့ လုပ်ကိုင်နေတဲ့ အဖွဲ့အစည်းတွေ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ် "

" အင်း . . ပြောပါဦး "

" ရက်စက်ကြမ်းကြုတ်ပြီး သွေးဆာနေတဲ့ လူတွေရှင့်"

" ဟာ "

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခုထိ သူတို့ဘာအဖွဲ့လဲ ဘာလိုချင်လဲဆိုတာ မတောင်းဆိုကြသေးဘူး၊ ကြည့်ရတာ တစ်စုံတစ်ခုကို စောင့်နေသလိုပဲ"

"ခင်ဗျားကိုတော့ ကျွန်တော်တို့နဲ့ ဆက်သွယ်ခိုင်းထားတယ်ပေါ့"

"ဟုတ်တယ် သူတို့က ဒီသင်္ဘောကြီးပေါ်က နောက်ဆုံးပေါ် လှိုင်းတိုလွှင့်စက်တွေ မကိုင်တက်တော့ ကျွန်မကိုပဲ ဆက်သွယ်ရေးမှူးတာဝန် ပေးထားပြန်ပါတယ်၊ နောက်ပြီး ကျွန်မက ခရီးသည်တွေဘက်က ကိုယ်စားလှယ်အဖြစ်လဲ ရပ်တည်နေတယ်လေ"

"မစ္စရီဘက်တာ အကြမ်းဖက်သမားအုပ်စုမှာ လူဘယ်လောက်များများပါတယ်လို့ ခင်ဗျား ထင်သလဲ"

"လူခြောက်ဆယ်လောက် ရှိမယ်ရှင့် အားလုံးလက်နက်တွေနဲ့ချည်းပဲ ဟော ကျွန်မ တစ်ခုမြင်ရတယ်၊ ရဟတ်ယာဉ်တစ်စီးသင်္ဘောဆီ လာနေတယ် ရှင်တို့လွှတ်လိုက်တာလား .. သူတို့က ပစ်ချလိမ့်မှာနော် .. သူတို့မှာ ပခုံးထမ်းလောင်ချာတွေ တောင်ပါတယ်ရှင့်"

ရီဘက်ကာလန်းစီ၏ သတင်းပို့ချက်များကို တပြိုက်





နက် နားထောင်နေကြသော ဝိုင်ဂျီရေယာဉ်အုပ်စုမှ တာဝန်ရှိသူများနှင့် ကြယ်နီဌာနချုပ်မှ ဆရာဒွေးတို့ အံ့ဩသွား၏။

ရဟတ်ယာဉ်တစ်စီး သန္တာဘုရင်မဆီ ပျံလာနေသတဲ့၊ ဘယ်က လာသော ရဟတ်ယာဉ်လဲ။ မိမိတို့ဆီကတော့ မဟုတ်၊ စဉ်းစားနေကြစဉ်မှာပင် ရီဘက်ကာဆီက သတင်းပို့ချက် ထပ်၍ ပေါ်ထွက်လာသည်။

"ရဟတ်ယာဉ် သင်္ဘောပေါ်မှာ ဆင်းပြီ"

"အဲ သင်္ဘောပေါ်မှာ ရဟတ်ယာဉ်ပေါ်က တစ်ယောက် ဆင်းလာနေတာ ကျွန်မမြင်ရတယ်၊ ဩော် .. လက်စသက်တော့ သူတို့လူကို ရောက်လာတဲ့သူကို အတော်ဂရုစိုက် ကြိုဆိုကြတယ်"

"သူ မာလိန်စင်ပေါ် တက်လာပြီး သူက ပျံတက်ခိုင်းလိုက်လို့ထင်တယ် .. ရဟတ်ယာဉ်ပျံတက်သွားပြီ"

ရီဘက်ကာလန်းစီ အသံတိတ်၍ သွားပြန်၏။

ဆရာဒွေးတစ်နေရာသို့ ဖုန်းဆက်သည်။

"ယော့ အကောင်းဆုံး စိန်လွန်ဆယ့်နှစ်ချောင်း ကမ်းလှန်ဝင်လယ်ပြင်ကို ပိုဖို့ ပြင်ဆင်ခိုင်းထားတာ ဘယ့်နှယ်လဲ ..



www.burmeseclassic.com

www.burmeseclassic.com



ရပြီလား ”

တစ်ဘက်က ပြန်ဖြေသည်။

“ ရပါပြီဆရာ အားလုံးအသင့်ပါပဲတဲ့ ”

“ အပိုပစ္စည်းတွေအားလုံး အစုံပါတယ်နော် ”

“ ပါ ပါတယ်ဆရာ ”

“ ကောင်းပြီ ... မင်းတို့လိုက်ပို့လိုက်တော့ အိုင် ဆံ့ရ မှာတွေ့မယ် ”

“ ခန့်မှန်း နာရီသိရမလား ဆရာ ”

“ တစ်ထောင့်ခုနှစ်ရာ နာရီကွာ ကြားလား ”

“ ရပြီဆရာ ... ကျွန်တော်တို့ အခုပဲထွက်ပြီ ”

ဒေါပုံဘက်မှာရှိသော အလွန်ချောင်ကျသည့် သင်္ဘောကျင်းကလေးတစ်ခုမှ ဖြစ်သည်။

အနက်ရောင်မှန်လုံ မိုက်ကရိုဘတ်စ်ကလေးပေါ်မှ အိုဗာအော်လ်ခေါ် နက်ပြာရောင် ရေကူဝတ်စုံဝတ်ထားသူ ဆယ့်နှစ်ယောက်ဆင်းလာကာ ရေလုံကျင်းထဲက သင်္ဘောတစ်စီး ပေါ်တက်၏။ သူတို့ ဆယ်နှစ်ယောက်စလုံးမှာ အလွန်လေးလံ သောဆွဲအိတ်ကြီးတွေ ကိုယ်စီဆွဲလာကြ၏။

မိုက်ကရိုဘတ်စ်ကားကလေးထဲက ရေငုပ်ပစ္စည်းတစ်ခုကို တစ်ခေါက်ပြန်သယ်ကြရ၏။ အားလုံး ပြည့်စုံလေလျှင် ရေငုပ်ဝတ်စုံဝတ် အဖွဲ့ခေါင်းဆောင်က လက်မကို ထောင်၍ ခိုကေအမှတ်အသားပြသည်။

သင်္ဘောကြီး၏ မာလိန်စင်မှ ရေယာဉ်ဦးစီးလုပ်သူက ညှပ်တို့ကို နှစ်ချက်ဆွဲလိုက်လျှင် ရေလုံသင်္ဘောကျင်း ဒေါက် တံခါးများ ပွင့်လာလေသည်။

ပုံစံဟောင်းဟောင်း ဆေးရောင်မှိန်မှိန် သင်္ဘောကြီးသည် ပုဇွန်တောင်ချောင်းအတွင်း အပြည့်ရှိနေသော ရေယာဉ်များကို သပ်ယပ်စွာတိမ်းရှောင်ကာ ရန်ကုန်မြစ်ဝဆီ မောင်းလာသည်။

သင်္ဘောကြီး၏ ဝမ်းအတွင်းမှာပါလာသည့် ရေငုပ်ဝတ် စုံဝတ်ထားသူ ဆယ့်နှစ်ယောက်သည် ၎င်းတို့သယ်ဆောင်လာသည့်အိတ်ကြီးတွေထဲက ပစ္စည်းတွေကို ထုတ်ယူလိုက်၏။ အလွန်အဆင့်မြင့်သော မောင်းပြန်ရိုင်းဖယ်များ၊ ပခုံးထမ်း ဒုံးကျည်များဖြစ်သည်။

ဒုံးကျည်တွေမှာ စတင်ဝေ့သွင်းဒုံးကျည်များ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖိုက်ဘာသေတ္တာကြီးတွေဖြင့် ထည့်ယူလာသော ပစ္စည်းတစ်ခုကို တပ်ဆင်ကြသည်။ ထိုပစ္စည်းမှာ ပြွန်ခေါင်း ရှည်ရှည်သုံးလုံးကိုယှဉ်၍ တပ်ဆင်ထားသော ရေယာဉ်တစ်စု နှင့်တူ၏။ ပြွန်ခေါင်းကြီးသုံးခု၏ တစ်ဘက်ထိပ်တွင် ရေပက် ပန်ကာသုံးလုံး တပ်ဆင်ထားသည်။

ရေငုပ်သမားဆယ့်နှစ်ယောက် အသေအချာ အလုပ် လုပ်နေစဉ် အဟောင်းအစုတ်ကြီးဟူ ထင်ရသော သင်္ဘောကြီး မှာ အလွန်အားကောင်းသော စက်များကို စက်ကုန်ဖွင့်ကာ တရကြမ်းမောင်းနှင်ရင်း ပင်လယ်ဝရှိ သီလဝါမီးပြကို ဖြတ် ကျော်သွားလေသည်။

စင်စစ် ထိုအဖွဲ့သည် ထက်အောင်နှင့်တွဲမည့်အဖွဲ့ ဖြစ်သည်။ သို့သော် သူတို့ကို ဦးဆောင်ရမည့် ထက်အောင် သည် ရန်ကုန်ဌာနချုပ်က ဒေါက်တာ သီတာချို၏အခန်းကလေး ထဲမှာ အိပ်မောကျနေဆဲ။

※





" ဟယ်လို . . သီတာချိုပါရှင် . . ဪ . . ညွှန်မှူး ဟုတ်ကဲ့ . . အဲ သူ အိပ်ပျော်နေဆဲပါ၊ သူနောက် နှစ်မိနစ်ကြာ ရင် နိုးလာတော့မှာပါ "

" ဟုတ်ကဲ့ . . အတိအကျ ပြောနိုင်ပါတယ် . . ဘာကြောင့်လဲဆိုတော့ သူ့အာရုံကြောတို့ကို ဖြေလျှော့ပေးနေတဲ့ အီလက်ထရောနစ်လျှပ်စစ် ခေါင်းကလေးတွေနဲ့ နိုးစက်နာရီကို ဆက်ပေးထားလို့ပါ ညွှန်မှူး "

" ရှင် . . သူနိုးလာရင်လား အခြေအနေသိပ်ကောင်း မှာပါ . . လိုအပ်ရင်သူဟာ နောက်ထပ်တစ်ရေးမှ အိပ်ဖို့မလိုဘဲ နာရီခြောက်ဆယ်တိတိ လှုပ်ရှားနေနိုင်ပါလိမ့်မယ် "

" ဟုတ်ကဲ့ . . . ညွှန်မှူး . . ဟုတ်ကဲ့ "

ဒေါက်တာသီတာချို ဖုန်းကိုချလိုက်ချိန်တွင် ထက်အောင် နှစ်နှစ်ချိုက်ချိုက် အိပ်နေရာက တစ်ချက်လှုပ်လှုပ် လိုက်သည်။ သူ၏ တစ်ကိုယ်လုံးနှင့် ဆက်ထားသော အီလက် ထရောနစ်ကိရိယာတွေကို ဖြုတ်လိုက်ပြီ။

ထိုစဉ် . . . .

" တီ . . တီ . . တီ . . တီ "



www.burmeseclassic.com

www.burmeseclassic.com



နိုးစက်နာရီမြည်သံ။

သူ့တစ်ကိုယ်လုံးကို ကိုင်လှုပ်လိုက်သလိုဖြစ်ကာ သူနိုးလာပြီး၊ ဖျက်လက်သွက်လက် ဝေါ့ပါးစွာထထိုင်၏။

" မမ ကျွန်တော် တော်တော်ကြာကြာ အိပ်ပျော်သွားလားဟင် "

" သုံးနာရီတောင် မပြည့်သေးပါဘူးကွယ်၊ မင်းကောင်းကောင်း နေကောင်းသွားပြီနော် "

" ဟာဗျာ . . ကျွန်တော် ဘာဖြစ်လို့လဲ "

" သြော် . . သြော် . . နေဦး . . မင်းဘာမှ မဖြစ်လဲ မမ မင်းကို ဆေးတစ်လုံးတော့ ထိုးပေးလိုက်ဦးမယ် "

" ဘာဆေးလဲ မမ "

"အားဆေးတစ်မျိုးပေါ့ကွယ်၊ အသည်းနဲ့ အာရုံကြောတွေ အပင်ပန်းခံနိုင်အောင် အထူးဖော်စပ်ထားတာပါ။ မင်းနောက်နာရီပေါင်းများစွာ ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားလို့ရတယ်၊ မရပ်မနား ပြေးရင်တောင် နာရီနှစ်ဆယ်လောက်ပြေးနေလို့ရတယ် "

" ဟာ . . စူပါမင်းဆေးပဲဗျ . . ကဲ ထိုး "





ထက်အောင်လက်သီးကိုဆုပ်၍ ဘယ်လက်မောင်းကြီးကို ထိုးပေးလေသည်။

ဒေါက်တာသီတာချိုက ဆေးထိုးအပ်သေးသေးလေးဖြင့် ဆေးကိုထိုးသွင်းပေးလိုက်၏။ ရှိမ်းကနဲ အနိုးတွေဝေလာသလိုလို။

" ကဲ . . ပြီးပြီမဟုတ်လား . . မမ၊ ကျွန်တော် လစ်မယ် "

" ဆရာဒွေး ရုံးခေါင်မိုးထပ်က မင်းကိုစောင့်လိမ့်မယ် အဲဒီပေါ်တန်းလိုက်သွား "

" အိုကေ "

တကယ်ပဲ စူပါမင်းဆေးထိုးပေးလိုက်သလို ထက်အောင် ဓာတ်လှေခါးကိုမသုံးပဲ ရိုးရိုးလှေခါးမှ တဟုန်ထိုး ပြေးတက်သွားလေသည်။ ခေါင်မိုးပေါ် သူရောက်လျှင် အသေးသုံးချက်ဟယ်လီကောပတာ ကလေးအနီးမှာ ရပ်နေသည့် ဆရာဒွေးကို တွေ့လိုက်ရသည်။

ဆရာဒွေး ခြေထောက်များကြားမှာတော့ ကြက်ခြေနီ အမှတ်အသားပါ ဆရာဝန်သုံး ဆေးသေတ္တာကလေးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရလေသည်။

ရဟတ်ယာဉ်ကလေးမှာ ဗွာနချုပ်က အသုံးပြုနေသော ရဟတ်ယာဉ်တွေထဲမှာ အသေးဆုံးတကယ့် ပေါက်စလေးဖြစ်၏။ ဒစ်စီပတ်ချာစာပို့သမားဟု အမိပွါယ်ရသည်။ ယာဉ်မှူးနှစ်ယောက်နှင့် ခရီးသည်နှစ်ယောက်ပေါင်း လူလေးယောက်သာတင်ဆောင်နိုင်၏။

ယခုလိုက်မည့် ခရီးသည်က ဆရာဒွေးနှင့် ထက်အောင်။ သူတို့နှစ်ယောက် ရဟတ်ယာဉ်ပေါ် တက်ပြီးသည်နှင့် ပေါ့ပါးသွက်လက်စွာ ပျံထွက်လာ၏။

သေးငယ်လှသော်လည်း ဤရဟတ်ယာဉ်ကလေးမှာ ထူးခြားချက်တွေ အများကြီးရှိ၏။ ဂျက်လေယာဉ်တစ်စီးလောက် အမြန်မောင်းနိုင်ခြင်း၊ ဘော်လုံးပျံတစ်ခုပမာ အနေးပျံနိုင်ခြင်း။ စသဖြင့် ချိတ်ဆွဲထားသလို တစ်နေရာတည်းမှာ ရပ်နေနိုင်ခြင်း စသဖြင့် . .။

ယခုတော့ ဂျက်လေယာဉ်၏ အမြန်နှုန်းမျိုးနှင့် အမြန်မောင်း၍နေသည်။ အချိန်က နေရောင်ကျချိန်. .။ သီလဝါမီးပြတိုက်လွန်လျှင် တအိအိလှုပ်ရှားနေသော လှိုင်းခေါင်းဖြူကြီးတွေ





ကိုကျော်ဖြတ်ရလေပြီ။

ရဟတ်ယာဉ်ကလေးသည် ပေတစ်ရာ့ငါးဆယ်၊ ပေနှစ်ရာအမြင့်မှ ပျံလာခြင်းဖြစ်ရာ လှိုင်းလုံးကြီးတွေနှင့် အတော်နီးကပ်၍နေ၏။ ရေမျက်နှာပြင်အနီး ကပ်ပျံသန်းခြင်းသည် ရေဒါလှိုင်းများကို ရှောင်ရှားရန်ဖြစ်သည်။ ဤမျှသေးငယ်သော ရဟတ်ယာဉ်ကလေးကို မည်သည့်ရေဒါကမှ ဖမ်းမိနိုင်တော့မည်မဟုတ်ပေ။

ဆရာဒွေး၏ အမိန့်အရ သူတို့သွားနေသော ဝိုင်ဂျီရေယာဉ်အုပ်စုထံသို့လည်း မည်သည့် ရေဒီယိုဆက်သွယ်မှုမှ မပြုလုပ်ခဲ့ပါ။ ပျံသန်းချိန် မိနစ်ငါးဆယ်ကြာလျှင် ဘင်္ဂလားဝင်လယ်အော် မြန်မာ့ရေပိုက်နက်အနီးတွင် ဖြစ်နေသည့် ကိုရယ်လ်ကွင်းသင်္ဘောကြီးနှင့် အခင်းဖြစ်ပွားနေရာသို့ ရောက်လာသည်။

ကိုရယ်လ်ကွင်းအနီးသို့ ရောက်မသွားမီရန် အထူးဂရုပြုရမည်ဖြစ်သဖြင့် အရှိန်လျှော့ချလိုက်၏။ ပြီးတော့ ရဟတ်ယာဉ်ကလေးပေါ်က ဆန်နာရေဒါကလေးကို ဖွင့်လိုက်လျှင် သင်္ဘောအုပ်စုကြီး တစ်ခုပမာဖြစ်နေသည့် ရေယာဉ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ရေဒါးတင်**နှာခေါင်မှာ** တန်းမြင်ရလေသည်။

**အလယ်ခေါင်**မှာ အလွန်ကြီးမားလှသော ကိုရယ်လ်ကွင်းသသော်ကြီး၊ ပြီး နသေားခပ်လှမ်းလှမ်း အကွာမှာရပ်ထားသည့် ဝိုင်ဂျီများ အမြောင်တင်သသော်နှင့် ခရဇာသသော်များမြင်နေရပြီ။ ဆရာဒွေးက ဝိုင်ဂျီအုပ်စုရှိရာ ညွှန်ပြလိုက်သည်။

ရဟတ်ယာဉ်ကလေးသည် အသံတိတ်လုနည်းပါးနှုန်းဖြင့် ပျံသန်းကာ ဝိုင်ဂျီအုပ်စုဆီ ချဉ်းကပ်သွားသည်။ ဝိုင်ဂျီဝမ်းပေါ်က အသံဖြင့်အချက်ပြသဖြင့် ဖြည်းညှင်းစွာချဉ်းကပ်သွားပြီး ဝိုင်ဂျီရေယာဉ်ပဲ့ပိုင်း ကွက်လပ်ကလေးပမာ ဖြစ်နေသောနေရာမှာ ဆင်းဖို့ပြင်၏။

တည်ငြိမ်စွာ သက်ဆင်းလာပြီး၊ သသော်ကုန်းပတ်နှင့် နှစ်ပေခန့်အကွာလေထဲမှာ ချိတ်ဆွဲထားသလို ရပ်နေသည်။ ဆရာဒွေး ကမ်းလိုက်သော ဆေးသတ္တာကို ထက်အောင်ဆွဲယူကာ ရဟတ်ယာဉ်တံခါးပေါက်မှ ခုန်ချ၏။

ဆရာဒွေး နောက်ကလိုက်၍ ခုန်ချသည်။ ရဟတ်ယာဉ်စည်းကမ်းအတိုင်း ရဟတ်ယာဉ်မှူး မြင်သာသည့် ကိုးနာရီမှ ဆယ့်နှစ်နာရီ အပိုင်းအခြား သို့မဟုတ် ရဟတ်ယာဉ်၏ရှေ့ဘက်





မှ ဖြတ်ထွက်၏။

ခါးကိုကုန်း၍ ပြေးထွက်ရခြင်းဖြစ်သည်။ ရဟတ်ယာဉ်ကလေးသည် ထက်အောင်တို့သားကင်းရာရောက်သည်နှင့် တစ်လက်မခြင်း ပျံ၍မြင့်တက်သွားပြီး ဆရာဒွေးကိုယ်တိုင် လက်သီးဆုပ် လက်မနှစ်ချောင်းထောင်ကာ လက်နှစ်ဘက်စလုံး မြှောက်ပြလိုက်လျှင်။

စက်ရှိန်ကို ထပ်မြှင့်ကာ ရိပ်ကနဲပျံတက်သွားလေတော့သည်။ ယခုတော့ ကိုရယ်လ်ကွင်း သို့မဟုတ် သန္တာဘုရင်မ အနီးမှာ ဆရာဒွေးနှင့် ထက်အောင် ဆရာတပည့်ရောက်နေပြီ။

တစ်ဘက်ကလည်း အကြမ်းဘက်သမားအုပ်စုကို ဦးဆောင်မည့် အမည်မသိဗုဏ္ဏိုလ် ရောက်နေပြီ။ စစ်တုရင်ခုံပေါ်မှာ အရုပ်ကလေးတွေစုံ၍ နေသလိုရှိ၏။ ပွဲစဖို့ပဲ ကျန်တော့သည်။

❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)



www.burmeseclassic.com

www.burmeseclassic.com



သန္တာနီခန်းမ . . . ။

ကိုရယ်လ်ကွင်းသင်္ဘောကြီးပေါ်မှာ အကျယ်ဆုံး ဟောခန်းမကြီးဖြစ်သည်။

ယနေ့ညနေသည် ကိုရယ်လ်ကွင်း သင်္ဘောမာလိန်မှူး ကြီးက ခရီးသည်အားလုံးအတွက် ဂုဏ်ပြုတည်ခင်းပေးသော အထူးဂုဏ်ပြုညစာ စားပွဲတည်ခင်းမည်ဖြစ်သည်။

အပျော်စီးပင်လယ်ကူး သင်္ဘောကြီးတို့၏ ထုံးစံအတိုင်း အဖိုးတန်ပရိဘောဂများ ပန်းကန်ခွက်ယောက်များ၊ ကြွယ်ငါးပွင့်





ဟိုတယ်ကြီးတွေ အဆင့်နှင့်ညီသော အကောင်းဆုံးပင်လယ် စားသောက်ဖွယ်ရာများစသည်ဖြင့် ထိတ်ထိတ်ကျဲတည်ခင်း ဧည့်ခံသော ညစာစားပွဲကြီးလည်းဖြစ်၏။

ခရီးသည်တွေ ကိုယ်တိုင်ကလည်း အချိုးကျကျဝတ်ဆင် ယင်ကာ မိမိတို့အုပ်စုအလိုက် ညစာစားပွဲဆီ လာနေကြလေပြီ။

ထိုအချိန်မှာပင် ဂျက်စီးကီးတစ်ဝိုင်းနှင့် လျှပ်စစ်ဂီတာ ဝိုင်းတစ်ဝိုင်းတို့ကလည်း ခန်းမအတွင်းမှာ တစ်လှည့်ဆီ တီးမှုတ် ဖြေဖျော်နေကြလေပြီ။

ရီဘတ်ကာလန်းစီ အနီရဲရဲပိုးသားဂါဝန်ကို ဝတ်ကာ သူမ၏အခန်းဖော်အား ကိုယ်ကိုတစ်ပတ်လှည့်ပြသည်။

" အေမွန်းရယ် ကြည့်ပေးပါဦး၊ ရီဘတ်ကာ အိုကေရဲ့ လားဆိုကာ "

" ယူ့အာ အိုကေ ရီဘတ်ကာ . . မင်းရဲ့အလှဟာ သိပ်ပေါ်လွင်ပါတယ်၊ သည်အတွက် ကိုယ်စိုးရိမ်မိတယ် သိလား"

" ဘာကိုများ စိုးရိမ်တာလဲ အေမွန်း "

" မင်းရဲ့အလှအတွက်ပေါ့၊ ကောက်ကျစ်စဉ်းလဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ရိုင်းစိုင်းတဲ့ကျားတွေကြားမှာ သိပ်ဝဖြိုးတဲ့ သမင်မကလေး တစ်ကောင် ရောက်သွားသလို ဖြစ်နေပါ့မယ် ရီဘတ်ကာ "

" သူငယ်ချင်း အေမွန်း . . မင်း ဘာမှမစိုးရိမ်နဲ့ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ပါတယ်၊ နောက်ဆုံးကွာ ဒီငမိုက် သားတွေ နှစ်ယောက်လောက်ကို သတ်ပြီး ပင်လယ်ထဲခုန်ချ လိုက်မယ် သိလား ဟင်း ဟင်း "

" အေး . . တို့မြန်မာမကလေးတွေလဲ အဲဒီလို သတ္တိမျိုး ရှိတယ်ကွ "

" ပြီးတော့ . . အေမွန်း "

" ပြော . . ရီဘတ်ကာ "

" ညစာစားပွဲထဲကျရင် မင်းတွေ့လိမ့်မယ်၊ ကိုယ့်ထက် ဆယ်ဆ၊ အို အဆတစ်ရာလောက် ပိုချောတဲ့ ဟောင်ကောင်သူ အလှမလေး ဂျူလီဝေါင်းလေ "

" ဟယ် . . ဂျူလီဝေါင်း ဟုတ်လား၊ ကိုယ် သူ့သီချင်း တွေ ကြားဖူးတယ်၊ သိပ်အသံကောင်းတာ "

" ရုပ်ကလဲ ချောပါ့ကွာ . . အာရှရဲ့ အလှဘုရင်မ တစ်ပါးပါပဲ . . ကဲလာ အေမွန်း . . ညစာစားခန်းမကို သွားကြ





စို့၊ ဟိုလူမိုက် လူရမ်းကားတွေမှာ ဘာအစီအစဉ်ရှိလဲ သိရ အောင် "

ရီဘက်ကာလန်းစီသည် သူ၏အခန်းဖော်မလေး အေမွန်းကိုခေါ်ကာ ညစာခန်းမသန္တာနီဆီ ထွက်ခွာသွား သည်။

ရီဘတ်ကာနှင့် အေမွန်းဟု သူမအသံထွက်ခေါ်ဝေါ်နေ သော မြန်မာမကလေးသည် ကိုရယ်လ်ကွင်းသင်္ဘောကြီး၏ ထမတန်းခရီးသည်များ ဖြစ်ကြ၏။

သင်္ဘောကြီး၏ အပျော်ခရီးစဉ်မှာ အထူးသီးသန့်တန်း ခရီးသည်များ၊ ပထမတန်းနှင့် ဒုတိယတန်းခရီးသည်များဟု ခွဲထားလေသည်။

သန္တာနီခန်းမကြီးအတွင်းသို့ ရီဘတ်ကာတို့ ဝင်သွား ချိန် လျှပ်စစ်ဂီတာဝိုင်းနှင့်အတူ တွဲဘက်ဖြေဖျော်နေသော ဂျူလီဝေါင်းကို တွေ့လိုက်ရ၏။

ဂျူလီဝေါင်းသည် အဖြူရောင်ဆက်တင် မိုးသားမှာ ပုလဲလုံးကလေးတွေကပ်ထားသော စကတ်ကိုဝတ်သွားပြီး ချောင်ကော်ကြယ်အနက်ရောင် လက်အိတ်ကို စွပ်ထား၏။

သူမဆိုနေသည့် သီချင်းက အင်္ဂလိပ်ဘာသာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရေးသားထားသော သန္တာကမ်းခြေအပန်းဖြေ၏ ဟူ၍ အဓိပ္ပါယ်ရသည့် သီချင်းပင်ဖြစ်လေသည်။

ဂျူလီဝေါင်း၏ အရှေ့တိုင်းဝဲဝဲကလေးဖြင့် သီဆိုလိုက်သည့် တေးသွားမှာ သန္တာဘုရင်မ၏ ခရီးသည်အားလုံးကို အကြိုက်တွေ့စေ၏။

ဂီတ၏ရေယာဉ်ကြောမှာ မျောပါကြည်နူးနှစ်သက်နေ စဉ် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံလေရာ ပင်လယ်ငါးအမျိုးမျိုး၊ ပုဇွန်၊ ဂဏန်းစသည်ဖြင့် အရသာခံကာ စတင်သုံးဆောင်ကြလေသည်။

ခရီးသည်အများစု မျှော်လင့်နေသော အရာတစ်ခုရှိသည်။ ထိုအရာမှာ မုတ်ဆိတ်ဖားဖား ကိုယ်လုံးတောင့်တောင့် မာစတာမရင်းနာ ရေယာဉ်မှူးကြီးဝတ်စုံကို ဝတ်ထားကာ လှိုက်လှဲပျူငှာစွာ နှုတ်ဆက်တတ်သော ကပ္ပတိန်ကြီး ဘစိုးထွန်းပင်ဖြစ်ပါသည်။

မြန်မာလူမျိုး ကပ္ပတိန်ကြီးဘစိုးထွန်းမှာ အသက်လေးဆယ်မျှသာ ရှိပါသေးသည်။ အမှုထမ်းပေါင်း တစ်ရာကျော်ပါဝင်သော ကိုရယ်လ်ကွင်း၏ သင်္ဘောသားများကို ပိုင်ပိုင်နိုင်





နိုင် ဦးစီးကာ ဤသင်္ဘောကြီးကို ဦးဆောင်တာဝန်ယူနေသည်မှာ သုံးနှစ်သုံးမိုးရှိခဲ့၏။

ဂျူလီဝေါင်း၏ သီဆိုဖြေဖျော်မှု ပြီးဆုံးသွားချိန်မှာ လူတစ်စုဝင်လာ၏။ လူဆယ်ယောက်လောက် ပါဝင်သည့် အုပ်စုတစ်စုဖြစ်သည်။ ထိုအုပ်စု၏အလယ်မှာ ထင်ရှားသော ဗိုလ်နှင့် ယောက်ပါလာသည်။

တစ်ယောက်က ခရီးသည်များ မျှော်လင့်နေသော ကပ္ပတိန်ဘစိုးထွန်း နောက်တစ်ယောက်က အဖြူရောင်ရေကြောင်းဝတ်စုံကို ဝတ်၍ထားသောသူ၊ ကပ္ပတိန်ဘစိုးထွန်းကတော့ အနက်ရောင်မှာ ရွှေလိုင်းတွေပါသော ဆီးမာစတာဝတ်စုံကိုဝတ်ထား၏။

ခရီးသည်တွေက ကပ္ပတိန်ဘစိုးထွန်းကို မြင်လျှင် လက်ခုပ်တီး၍ ဂုဏ်ပြုနှုတ်ဆက်ကြသည်။ ကပ္ပတိန်ကြီးကတော့ တုန့်ပြန်နိုင်ရှာ . . ခေါင်းကြီးငုံ့ကာ စင်မြင့်ကလေးဆီတက်သွားနေ၏။

စင်မြင့်ပေါ်က ဂျူလီဝေါင်းသည်တက်လာသော ကပ္ပတိန်ဘစိုးထွန်း၏ နောက်မှကပ်လိုက်လာသူကို မြင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလေးတွေ ဝိုင်းကာ ဒူးပင်ခွေညွတ်ကျသွားတော့ မယောင် ထိတ်လန့်တုန်လှုပ်၍သွား၏။

သူမ မြင်လိုက်ရသည်က သေနတ်တစ်လက်။ မောင်း ပြန်သေနတ် တစ်လက်၊ ကပ္ပတိန်ကြီး၏ ခါးကိုတေ့၍ ထောက် ထား၏။ ဂျူလီဝေါင်း တွေဝေနေစဉ် ကပ္ပတိန်ဘစိုးထွန်းသည် မိုက်ခရိုဖုန်းတိုင်ကလေးရှေ့မှာ ရပ်ကာအင်္ဂလိပ်ဘာသာ ဖြင့် စကားစတင်ပြောလေသည်။

" ချစ်သော ခရီးသည်အပေါင်းတို့ ခင်ဗျာ . . စိတ် မကောင်းစွာနဲ့ပဲ အစီအစဉ်တစ်ခုကို ကြေညာရပါတယ် . . ကျွန်တော်တို့ သင်္ဘောဟာ အခြေအနေ အကျဉ်းအကြပ်တစ်ခု ထဲမှာ ရောက်နေပါတယ် "

ခရီးသည်တွေက ပထမတော့ လုပ်ရိုးလုပ်စဉ်ထုံးစံ အတိုင်း နှုတ်ခွန်းဆက်စကားတို့ကိုပဲ ပြောလိမ့်မည်ထင်ကာ အစားသောက်၊ အရယ်အမော မပျက်ကြပါ။

သို့သော် ကပ္ပိတိန်ကြီး၏ ဆက်တိုင်သတင်းပေး တင်ပြချက်ကို ကြားလျှင်အားလုံး ကြက်သေသေသွားကြ ပါတော့သည်။





" အတိအကျ ပြောရရင်ပေါ့ . . ခင်ဗျား ကျွန်တော်တို့ အားလုံးနဲ့တကွ ဒီသင်္ဘောကြီးတစ်စီးလုံးဟာ အဖွဲ့အစည်းတစ်ခု ရဲ့ ချုပ်ကိုင်မှုအောက်မှာ ကျရောက်သွားပါတယ် . . ကျွန်တော် ကိုယ်တိုင်လဲ ခင်ဗျားတို့လိုပဲ ထိန်းချုပ်ခံနေပါတယ်။ ဒါပေမယ့် ကျွန်တော်ကတိပေးပါတယ် . . ကျွန်တော့်အသက်ရှင်နေသ၍ ခင်ဗျားတို့မှာ ဘာအန္တရာယ်မှ မကျရောက်စေရပါဘူး "

ထိုနေရာအရောက်တွင် ကပ္ပတိန်ဘစိုးထွန်းနောက်က လူတစ်ယောက်က ဘစိုးထွန်းကို လာ၍ဆွဲခေါ်သည်။

ဘစိုးထွန်းက . . . .

" နေဦး . . ကျုပ် ပြောစရာတွေ မကုန်သေးဘူး . . ကျုပ်ရဲ့ ခရီးသည်တွေကို ကျုပ်အားပေးရဦးမယ် "

ကပ္ပတိန်ဘစိုးထွန်း ပြန်လည်ရုန်းကန်ရင်း အော်ပြော လိုက်သည်။ ဤတွင် လူနှစ်ယောက်တစ်ဘက် တစ်ချက်မှာ သူ့ကိုလာ၍ ချုပ်ကိုင်ပြီး ဖွတ်အတင်းဆွဲခေါ်တော့သည်။

သူက ဆက်ရုန်းနေဆဲ 'ခွပ်'ကနဲ အသံကြားလိုက်ရပြီး ကပ္ပတိန်ခမျာ ချုပ်ထားသူနှစ်ယောက်ကြားမှာ ခွေ၍ကျသွား၏။

" အား "



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖက်သမားတစ်စု၏ ရက်စက်မှု ကြမ်းတမ်းမှုကို အနီးကပ်မြင်လိုက်ရသော ဂျူလီဝေါင်းတစ်ယောက် လန့်၍ အော်လိုက်မိရှာသည်။

ခန်းမအတွင်းက ကြည့်နေသော ပရိသတ်အပေါင်းသည်လည်း 'ဟာ 'ကနဲ ဖြစ်သွားကာ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။

အမျိုးသမီးငယ်တို့ 'အီး 'ကနဲ 'အူး 'ကနဲ အော်လိုက်ကြသလို၊ စိတ်လှုပ်ရှားတတ်သူ ကြောက်တတ်သူတို့မှာ ထ၍ ပြေးတော့မလို ရှုတ်ရှက်သဲသဲ ဖြစ်စပြုသည်။ ခန်းမအပြင်ကို ပြန်ထွက်ဖို့ ကြိုးစားသူတို့ကလည်း ကြိုးစားကြ၏။

ဒါပေမယ့် ရိုရိုသမ္မ တံခါးဝတွေ လှေခါးတွေမှာ မီးခိုးရောင်ဝတ်စုံတွေ ဝတ်ကာမောင်းပြန် သေနတ်ကို ကိုယ်စီကိုင်ထားသူတို့က ပိတ်၍ စောင့်နေကြသည်။

'ဖြောင်း 'ကနဲ 'ဖြောင်း 'ကနဲ မောင်းဆွဲတင်လိုက်သံတွေ ဖောဖောသီသီထွက်၍လာ၏။

ကုန်းပတ်အထက်နားဆီက တစ်ယောက်ကတော့ ပြောင်းဝကိုစိုက်ကာ ကျည်ကပ်တစ်ကပ်ကုန်အောင် ဆွဲပစ်ပြ





လိုက်၏။

" ဝေါ . . ဒက် . . ဒက် . . ဒက် . . ဒက် . . ဒက် . . . ဒက် . . ဒက် "

အသည်းတုန် ရင်တုန်စရာ မောင်းပြန်သေနတ်သံကြီး ဆေါ်ထွက်လာပြီးလျှင် ခန်းမအတွင်းလူတွေ 'ဝေါ 'ကနဲဖြစ်ကာ မှောက်သူမှောက်၊ ဝပ်သူဝပ်၊ လဲသူလဲ၊ ပြိုသူပြိုဖြစ်ကာ တုတ်တုတ်မျှ မလှုပ်အောင် ငြိမ်၍သွားလေသည်။

ထိုခဏတွင် စင်မြင့်ပေါ်က မိုက်ကရိုဖုန်းရှေ့မှာ ရေကြောင်းဝတ်စုံ အဖြူဝတ်ထားသောသူ ထွက်၍ရပ်သည်။

နက်မှောင်ပြီး ကုပ်ကွေးကွေးကြီး ဖြစ်နေသော နှုတ်ခမ်း၊ စွန်ငှက်လို ရဲတင်းလှသောမျက်လုံး၊ ထင်ထင်ပေါ်ပေါ်နှင့် ကောက်ကောက်ကြီးဖြစ်နေသော နှာခေါင်းနှင့် အိုက်တင်ခမ်းထွားထွားနှင့် သူ့ပုံမှာ ခရီးသည် ပရိသတ်အပေါင်းကို အကြီးအကျယ်ဩဝါဒ ပေးတော့မည့်ပုံ . .။

" အဟမ်း . . "

သူက ချောင်းတစ်ချက် ဟန့်လိုက်လျှင် မှောက်ဝပ်နေသူတွေ စားပွဲဝိုင်းတွေမှာ ကြောင်စီစီ ထိုင်နေသူတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ မျက်နှာငယ်ကလေးတွေနှင့် ကြည့်နေကြ၏။

"ခင်ဗျားတို့ကို ကျုပ် ပြောမယ် . . ကျုပ်က သေနတ် သမားလူဆိုး လူမိုက်၊ စကားမပြောတတ်ဘူး . . အားလုံး ကျုပ် ပြောတာကို နားထောင် "

"ကျုပ်တို့ ဒီသင်္ဘောကြီးကို ထိန်းသိမ်းထားလိုက်ပြီ၊ အဲ . . ခင်ဗျားတို့ အေးအေးဆေးဆေးနေကြ၊ ရှတ်ရှတ် ရှတ်ရှတ် လုပ်ရင် ပစ်သက်ပြီး ပင်လယ်ထဲ ကန်ချလိုက်ရုံပဲ သဘော ပေါက်တယ်နော် "

"ကျုပ်တို့ အရေးကြီးတဲ့ အလုပ်တွေ အများကြီးလုပ် စရာရှိသေးတယ်၊ ခင်ဗျားတို့ကို ထိန်းမနေနိုင်ဘူး။ ဒီတော့ ခင်ဗျားတို့အားလုံး အခုကစပြီး ဒီခန်းမကြီးထဲမှာပဲ နေရမယ်"

"ခင်ဗျားတို့ အိပ်လို့ရအောင် စားလို့ရအောင် စားပွဲတွေ တစ်ထောင့်မှာပုံ၊ နှစာင်တွေယူလာပေးမယ် . . ငြိမ်ငြိမ်လှဲနေ အချိန်တန်ရင် စားစရာလာပို့မယ် . . ဝေငှစားကြ "

၁ "ကျုပ် ခုထဲက အပြတ်ပြောထားမယ်၊ ကျုပ်ကို ဘာမှ မတောင်းဆိုနဲ့၊ ဘာမှ မတင်ပြနဲ့ . . ဘာမှမရဘူး။ စကားလာ များရင် မေးခွန်းလာထုရင် ကျည်ဆံလက်ဆောင်ရမယ် . . ဒါပဲ"





သူက စစ်အောင်နိုင်သော ဟစ်တလာ၏ အိုက်တင်ဖြင့် လက်ကိုပိုက်ကာ စင်အောက်ခန်းမတွင်းက ပရိသတ်တို့၏ မျက်နှာငယ်လေးတွေဖြင့် အကြည့်ကို မိန့်မိန့်ကြီး ခံယူနေသည်။

ပြီးမှ တစ်ခွန်းမေးသည်။

"မနက်ပိုင်းက ရေဒီယိုဆက်သွယ်ရေး စက်တွေကို ကိုင်တွယ်တဲ့ မိန်းကလေးဟာ ဘယ်သူလဲ "

ထောင့်တစ်ထောင့်မှာ ရပ်နေသည့် ရီဘတ်ကာလန်းစီ ရှေ့ထွက်လာသည်။

"ကျွန်မပါ . ."

"မင်း ငါနဲ့လိုက်ခဲ့ . . အဲ . . မင်းအတွက် အဖော် တစ်ယောက်ခေါ်ချင် ခေါ်ခဲ့ "

ရီဘတ်ကာ ခေါင်းခါလိုက်၏။

"ဘယ်သူမှ ကျွန်မနဲ့ လိုက်ရဲမှ မဟုတ်ဘူး "

ရှတ်တရက် ရီဘတ်ကာ၏ အခန်းဖော် မြန်မာမလေး ထွက်လာကာ . . .

"ရီဘတ်ကာ . . ကိုယ် . . မင်းနဲ့ လိုက်မယ် " ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှီဘတ်ကာ ကန့်ကွက်မည်လုပ်စဉ် အကြမ်းဖက်အုပ်စု ခေါင်းဆောင်က . . .

" အေး . . မင်းတို့နှစ်ယောက်စလုံး သတ္တိရှိတယ်၊ လာ . . လိုက်ခဲ့ကြ ငါတို့ မင်းတို့ကို ဘာမှ မလုပ်ဘူး။ ငါတို့လိုတာက တစ်ဘက်အုပ်စုနဲ့ ဆက်သွယ်ဖို့ပဲ "

အကြမ်းဖက်သမားအုပ်စု၏ ခေါင်းဆောင်သည် နဖူးကို သေနတ်ဒင်ဖြင့် အဆောင့်ခံရ၍ နဖူးကွဲသွားသော ကပ္ပတိန် ဘစိုးထွန်းကို မာလိန်စင်ပေါ် ပြန်ခေါ်သွားဟု အမိန့်ပေးသည်။

နောက် ရှီဘတ်ကာတို့ နှစ်ယောက်ကိုလည်း ပြန်ခေါ်သွား၏။ ခန်းမတွင်းမှာ ကျန်ရစ်ခဲ့ကြသည့် ပရိသတ်မှာတော့ မောင်းပြန်သေနတ်တွေ ကိုင်ဆောင်ထားသည့် လူရမ်းကား တစ်စုလက်မှ ဝကွက်၍အုပ်ထားခဲ့သလို ကျန်ရစ်ရှာလေသည်။

ဤပရိသတ်က ထိန်းဖို့တာဝန်ပေးထားခြင်း ခံရသူမှာ ပိန်ကပ်၍နေပြီး နှာခေါင်းကောက်ကော ဆံပင်စုတ်ဖွားနှင့် ခေါင်းကြီးငုံ့၍ နေတတ်သူဖြစ်လေသည်။

သူက စင်မြင့်ကလေးပေါ်မှာ စားပွဲဝိုင်းတစ်ခုချစေ၏။ စားပွဲဝိုင်းမှာ အစည်းအဝေး လာထိုင်သူလို့ထိုင်ပြီး ခပ်တုံးတုံး





တစ်ခွန်းပြောသည်။ သူ့စကားကို ဥုလူတစ်ယောက်က ထပ်ဆင့် အမိန့်ပေးရ၏။

" ခင်ဗျားတို့အားလုံး မတ်တပ်ရပ်ပြီး၊ ဟိုဘက်နံရံမှာ သွားကပ်ကြတဲ့ "

ခန်းမထဲက ပရိသက်ခမျာ သူပြောသည့်အတိုင်း လုပ်ရရှာသည်။

" စားပွဲတွေ သိမ်းလိုက် "

ဒါက သူရဲ့ ဒုတိယအမိန့်။ စားပွဲထိုးတွေက စားပွဲတွေ သိမ်းလိုက်ကြသည်။ ခန်းမ ပြောင်ကြီး ဖြစ်သွားလေပြီ။ စင်မြင့်ပေါ်က ပုဂ္ဂိုလ်က အမိန့်ပေးပြန်သည်။ တိုးတိုးကလေးပြောသော သူ့အမိန့်ကို ထုံးစံအတိုင်းတစ်ယောက်က ဘာသာပြန်သလို အကျယ်ကြီးပြောရပြန်သည်။

" အားလုံး လှဲနေကြ . . ကလေးတွေမငိုစေနဲ့ "တဲ့။ မိသားစုများအလိုက် အပန်းဖြေအပျော်ခရီး ထွက်လာကြသူတွေမှာ ကလေးငယ်တွေကို မငိုဖို့ ချော့မော့ကြရ၏။

ရာနှင့်ချီသော လူအုပ်ကြီးမှာ စကားမပြောရဲ ထုတ်ထုတ် ရှုမလှုပ်ရဲ စိတ်ဒုက္ခအကြီးအကျယ် ရောက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်သူ မိန်းကလေးတစ်ချို့နှင့် ကလေးငယ်များမှာ တိတ်၍ ငိုရှိုက်နေကြရရှာသည်။

လွန်ခဲ့သော တစ်နာရီလောက်က အပျော်ခရီးသည်တွေမှာ ယခု ဒုက္ခသည်ဘဝ ရောက်ကြရပြီ။





အခန်း(၈)



www.burmeseclassic.com

www.burmeseclassic.com



အမဲည်မထင်မရှား၊ အရောင်ခပ်ညစ်ညစ်၊ အဝေးက ကြည့်လျှင် သင်္ဘောအို သင်္ဘောစုတ်ကြီးတစ်စီးဟု ထင်ရသည့် သင်္ဘောဟောင်းကြီးသည် ဝိုင်ကျီအုပ်စု၏ ဆန့်ကျင်ရာဘက်ထဲမှ သန္တာဘုရင်မ သင်္ဘောကြီးဆီလာနေ၏။

သန္တာဘုရင်မ၏ မာလိန်စင်ပေါ်မှ အလွန်အားကောင်း လှသော ရေဒါစက်၏ စကင်နာမြင်ကွင်းကြောင့် မှန်ချပ်ပေါ်မှာ သင်္ဘောဟောင်းကြီး လာနေသည်ကိုတွေ့၏။

ရေဒါကြည့်နေသူက . . . သင်္ဘောတစ်စီး ထပ်လာနေ





ပြန်ပြီဟု သတင်းပို့သည်။ သူတို့အဖွဲ့ခေါင်းဆောင် အဖြူရောင် ဝတ်စုံဝတ် မာစတာကြီးက ရေဒါပေါ်ကပုံကို အဆချဲ့ကိရိယာ ဖြင့်ထပ်၍ ဖမ်းကာကြည့်၏။

စက်ကင်းဒရီရေဒါ သို့မဟုတ် ဒုတိယဆင့် ရေဒါမှာ ချဉ်းကပ်လာနေသော သင်္ဘောကြီးမှာ ကုန်သင်္ဘောဟောင်း တစ်စီးသာဖြစ်ပြီး ကမ်းရိုးတန်းသွား အရွယ်သာဖြစ်ကြောင်း ပေါ်လွင်နေလေသည်တွင် . . . .

" ဘယ်က သင်္ဘောစုတ်လဲ မသိပါဘူး၊ ပွဲပိုင်းပစ်စင်က ကောင်တွေကိုမှာထား အဲဒီ သင်္ဘောအနားကပ်လာရင် ဒုံးကျည် နဲ့ တစ်ချက်ထဲပစ်ပြီး မြုပ်ပစ်လိုက်လို့ "

" အိုကေ . . ကပ္ပတိန် "

သူတို့ ခဏစောင့်ကြည့်နေ၏။ သင်္ဘောစုတ်ကြီး၏ လမ်းကြောင်းမှာ အနည်းငယ်သွေဖီ၍ သွားပြီးရပ်သွားသည်။

" ဟော ရပ်သွားပြီ၊ ရေမိုင် ဘယ်လောက်ကွာသေး လဲ "

ကပ္ပတိန်ကြီးအမည်ခံ အကြမ်းဖက်သမား လူရမ်းကား တို့၏ ခေါင်းဆောင်ကမေး၏။



www.burmeseclassic.com

www.burmeseclassic.com



" ရေမိုင် နှစ်ဆယ့်တစ်မိုင် "

" ဟာ . . အဝေးကြီးပဲ တို့ဆီက လောင်ချာတွေတောင် မမှီသေးဘူး။ ထားလိုက်ကွာ . . သူ့ကို ဂရုစိုက်မနေနဲ့ ဟို ဗိုင်ကျီအုပ်စုကိုပဲ ဂရုစိုက် "

" ရက်စ် . . ကပ္ပတိန် "

သင်္ဘောအိုကြီးသည် လုံးဝရပ်နား ကျောက်ချထားလိုက်လေပြီ။ သူက ဗိုင်ကျီအုပ်စုကိုလည်း မဆက်သွယ်။ သူ့ဝမ်းထဲက ရေငုပ်အဖွဲ့ခေါင်းဆောင်ကတော့ ဦးခန်းဆီ တက်လာပြီး ခပ်ရှုံ့ရှုံ့ဦးခန်းကြီးထဲမှာ အလွန်ဝင့်ကြွားစွာ နေရာယူထားသော လေဆာကွန်ပြူတာ ရေဒါကိရိယာပေါ်က သင်္ဘောအုပ်စု၏ အရိပ်သဏ္ဍာန်များကို အကဲခတ်ကြည့်ကာ . .

" စီကျူနဲ့ နှစ်ဆယ့်တစ်မိုင်ပဲ ကွာတော့ပါလား" ဟု သိလိုက်လေသည်။

အထူးရေငုပ်အဖွဲ့မှာ ထက်အောင်တို့ အဖွဲ့အစည်းက သီးသန့်လေ့ကျင့်ပေးထားသော အထူးကွန်မန်ဒို စပါယ်ရှယ်ဖြစ် အဖွဲ့ဝင်တွေသာဖြစ်သည်။

ယခု သူတို့အဖွဲ့အား စတင်လှုပ်ရှားပေတော့ဟု အမိန့်ဆင်းလာမည့် ဆရာဒွေး၏ အမိန့်ကိုသာ အသင့်စောင့်လျက် ရှိပေပြီ။ အားလုံး အသင့်ရှိနေကြသည်။

ထိုမိနစ်ပိုင်းများတွင်း ကာလအတန်ကြာ အသံပျောက်ကွယ်သွားသော ရီဘတ်ကာလန်းစီ၏အသံ ပြန်ပေါ်လာသည်။

" ဟယ်လို . . ကျွန်မ ရီဘတ်ကာလန်းစီပါ၊ ရှင်တို့ နားထောင်နေသလား "

ဗိုင်ကျီအုပ်စုက ချက်ချင်း တုန့်ပြန်လိုက်သည်။

" အမြဲမပြတ် နားတောင်နေပါတယ် ရီဘတ်ကာ ပြောပါ "

" ကျေးဇူးပဲ . . သည်တစ်ခါ သူကိုယ်တိုင် ပြောမယ် အဲ . . ကဲ နားထောင်ကြပေတော့ ရှင် "

ထိုခဏတွင် အရှေ့တိုင်းသားတို့၏အသံဖြင့် ပြောလိုက်သော အင်္ဂလိပ်စကားသံတစ်သံ ထွက်ပေါ်လာ၏။ တမင်ကြိုးစား၍ ပြောနေရသော အသံဖြစ်သည်။

" မိတ်ဆွေကြီး ကျုပ်နဲ့ ကျုပ်အဖွဲ့ဟာ ကိုရယ်လ်ကွင်းကို သိမ်းပိုက်လိုက်ပြီ "

" ခင်ဗျားတို့ သင်္ဘောကြီးနားကို ကပ်မလာပါနဲ့၊







www.burmeseclassic.com

www.burmeseclassic.com



ကပ်လာရင် သင်္ဘောကြီးကို အစိပ်စိပ်အမွှာမွှာ ပေါက်ကွဲသွား အောင် ကျုပ်တို့ ဖောက်ခွဲပစ်လိုက်မယ် "

" ကျုပ်တို့အဖွဲ့ကတော့ ဝံပုလွေနီအဖွဲ့ပဲ . . ကျုပ်က အဖွဲ့ခေါင်းဆောင် ဖန်ဆရာနတ် . . မှတ်မိပြီနော် . . . ဖန်ဆရာနတ်တဲ့ "

" ကျုပ်အမည်ကို အာရှနိုင်ငံအတော်များများက ကြားဖူး ကြားပါတယ်၊ ပလေးကျွန်းဆွယ်တစ်ဝိုက် ဘော်နီယိုကျွန်းစု တောင်တရုတ်ပင်လယ်နဲ့ ဘင်္ဂလားပင်လယ်မှာ ကျုပ်စီးနင်း သိမ်းပိုက်ခဲ့တဲ့ သင်္ဘောတွေအများကြီးပါပဲ "

" ဖန်ဆရာနတ်နဲ့ ဖန်ဆရာဆတ်ရယ်လို့ ကျုပ်တို့ ညီအစ်ကိုနှစ်ယောက် ရှိတယ်၊ ဖန်ညီအစ်ကိုလို့လဲ ခေါ်ကြတယ် နတ်နဲ့ဆတ်လို့လဲ ခေါ်ကြတယ် "

" ပယ်လယ်ဝံပုလွေနီအဖွဲ့ဆိုတာ ကျုပ်တို့ ညီအစ်ကို တည်ထောင်ခဲ့တဲ့ အဖွဲ့ပဲ "

" လွန်ခဲ့တဲ့ ခြောက်လကတော့ အာရှပင်လယ်ကမ်းခြေ နိုင်ငံတစ်နိုင်ငံက ကျုပ်တို့အဖွဲ့ကို မရမကထောင်ဖမ်းဖို့ကြိုးစား ခဲ့တယ်၊ အဲဒီမှာ ကျုပ်ရဲ့ ညီအစ်ကိုတော်ဆတ်ကိုဖမ်းဆီးရမိ





သွားတယ် "

" ဆရာဆတ်ကို အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ အင်တာ ပိုလ်ကတရားစွဲပြီး ထောင်တစ်သက်ချမှတ်မယ်လို့ ပြင်ဆင်နေ ကြတယ်၊ ကျုပ် သီးမခံနိုင်ဘူးဗျာ . . ကျုပ် ညီအစ်ကိုတော် ဆရာဆတ်ကို ခုချက်ချင်း ပြန်လွှတ်ပေးဖို့ ကျုပ် တောင်းဆို တယ် "

" ဆရာဆတ်ကို လွှတ်ပေးဖို့ ကျုပ် ရာဇသံပေးတယ်၊ ကျုပ်ရဲ့ ရာဇသံကို မလိုက်နာဘူးဆိုရင်တော့ ကိုရယ်လ်ကွင်း သင်္ဘောကြီးကို ဖောက်ခွဲပစ်မယ် . . ဆရာဆတ်ကို လွှတ်ဖို့ လွှတ်ဖို့ အချိန်ဆယ့်နှစ်နာရီ တိတိပေးမယ် "

" ကိုင်း . . ခင်ဗျားတို့ အားလုံး သင်္ဘောပေါက်ပြီ သား "

" ဟော့ . . ရီဘတ်ကာ မင်းလူတွေကို မေးကြည့်စမ်း . . ငါပြောတာတွေ နားထောင်နေရဲ့လားဆိုတာ "

" ဟဲလို . . ကျွန်မ ရီဘတ်ကာပါ သူပြောနေတာတွေ ရှင်တို့နားထောင်နေရဲ့လား၊ အဲ ရှင်တို့ကို ဘယ်လိုခေါ်ရမလဲ" ဝိုင်ကျီအဖွဲ့ခေါင်းဆောင်က ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်ဂျိုလို့ ကျုပ်တို့ကိုခေါ်နိုင်တယ် . . ကျုပ်တို့ ဆရာနတ်ပြောတာတွေ အားလုံးကို နားထောင်ပါတယ် . . သူ့ တောင်းဆိုချက်ကိုလည်း ကြားပါတယ်၊ သက်ဆိုင်ရာနိုင်ငံ တကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်ရဦးမှာပါ . . ဆရာနတ်နဲ့ ကျုပ်တို့ ဆွေးနွေးစရာတွေရှိပါသေးတယ်"

"ပြောပါ သူ နားထောင်နေတယ်"

"ကိုရယ်လ်ကွင်းပေါ်က ခရီးသည်တွေဟာ အပန်းဖြေ အပျော်ခရီးထွက်လာကြသူတွေ ဖြစ်တဲ့အတွက် အမျိုးသမီးတွေ သက်ကြီးရွယ်အိုတွေ၊ ရောဂါဝေဒနာရှင်တွေ၊ နောက် ကလေး ငယ်ကလေးတွေ ပါတဲ့မိသားစုတွေ၊ အားလုံးပါပါတယ် ဒါကြောင့် . . . ခရီးသည်တွေထဲက အချို့တစ်ဝက်ကို ပြန်လွှတ် ပေးဖို့တောင်းဆိုပါတယ်"

တစ်ဘက်က ငြိမ်နေ၏။ ပြီးမှ ဆရာနတ်၏အသံ ပေါ်လာသည်။

"ခင်ဗျားတို့ ဆွေးနွေးတာ မဖြစ်နိုင်ဘူး၊ လုံးဝလက်ခံ နိုင်ဘူး"

ဝိုင်ဂျိုဘက်ကလည်း တိတ်ဆိတ်သွား၏။ ပြီး





ပြန်လည်ဖြေဆိုသံ ထွက်လာသည်။

"ကျုပ်တို့ သင်္ဘောကို သိမ်းစဉ်တုန်းက၊ သင်္ဘော ဆရာဝန်ဒေါက်တာ ထွန်းတင့်ခိုင်ရယ်၊ အာရီအိုရေဒီယို ဆက်သွယ်ရေးအရာရှိ ပေါ်စိအောင်မြင့်ရယ်၊ ကျုပ်တို့ကို ခုခံခဲ့ တယ်၊ ကျုပ်တို့ဘက်က လက်ဦးမှုရယူလိုက်တဲ့အခါမှာ ဆရာဝန်ရော အာရီအိုရော ဒဏ်ရာအကြီးအကျယ် ရသွားတယ်"

"ဟာ"

ဝိုင်ဂျိုက လူတွေ အံ့သြရလေပြီ။

ဆရာနတ်တို့လူစုတွေသည် သူတို့အဖွဲ့၏ ရက်စက်မှု၊ ရိုင်းပြမှု၊ သွေးဆာနေမှုတို့ကို ဖော်ပြလိုက်ပေပြီးပဲ။

ဆရာနတ်က ဆက်ပြောသည်။

"ဒီလူတွေဟာ ကျုပ်တို့ကို ရင်ဆိုင်တိုက်ခိုက်တဲ့သူတွေ အန္တရာယ်ရှိတဲ့သူတွေ၊ ဒါကြောင့် . . မလှုပ်ရှားနိုင်အောင် ဖမ်းဆီးထားတယ် . . သူတို့ကို လွှတ်မပေးနိုင်ဘူး"

ဝိုင်ဂျိုဘက်က ပြန်ဆွေးနွေးသည်။

"ဒါဆိုရင် သင်္ဘောပေါ်က လူနာခရီးသည်တွေ အတွက် ဆရာဝန်တစ်ယောက် ပို့ပေးမယ် လက်ခံပါ"



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ် လက်မခံဘူးဗျာ . . ရှုပ်ဘယ် . . ကိုင်း တော်ပြီ ခုကနေပြီး နောက်တစ်နာရီပြည့်ရင် တစ်ခါပြန်ခေါ်မယ် . . ဆရာဆတ်ကို ပြန်လွှတ်ဖို့ကိစ္စ ဘယ်လိုဆောင်ရွက်တယ်ဆိုတာ ခင်ဗျားတို့ စပြောရမယ် ကြားလား ဝိုင်ဂျီ "

" ကြားတယ် "

" ကြားရင် ပြီးပြီ . . ဟိုနိုင်ငံကို အမြန်ဆုံးဆက်သွယ်ပါပဲ "

" တွီ . . တွီ . . တွီ . . တွီ . . တွီ "

တစ်ဘက်က စက်ကိုပိတ်၍သွား၏။

ဝိုင်ဂျီအုပ်စုမှတစ်ဆင့် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့အစည်းတွေ၊ နိုင်ငံတကာတရားဥပဒေနှင့် လူ့ပတ်ဝန်းကျင်လုံခြုံရေးအဖွဲ့အစည်းတွေ၊ ရေကြောင်းအဖွဲ့အစည်းတွေအားလုံးနီးကြားပါဝင်လာ၏။

ဝိုင်ဂျီအုပ်စုနှင့် အတက်ကြွဆုံး ပူးပေါင်းပါဝင်ဆောင်ရွက်သည်က ဟောင်ကောင် အခြေစိုက်အေရှုပိုလ်ခေါ် အာရှနိုင်ငံများဆိုင်ရာ နိုင်ငံတကာပုလိပ်အဖွဲ့။

အေရှုပိုလ်သည် သူ၏မှတ်တမ်း ကွန်ပျူတာကြီးတွေကို





ချက်ချင်းအသုံးပြုကာ ဝံပုလွေနီနှင့် ပတ်သတ်သမျှသတင်းတွေကို ဝိုင်ဂျီထံပို့ပေး၏။

ဝိုင်ဂျီပေါ်သို့ ဆက်သွယ်ရေးလုပ်ငန်းသုံး တယ်လီကွန်မြူနံကေးရှင်း ကွန်ပျူတာ တီစီစီတစ်လုံးယူလာကာ၊ အေရှုပိုလ်ကစုဆောင်းရထားသော ဝံပုလွေနီနှစ်ကောင် ဆရာနတ်၊ ဆရာဆတ်တို့၏ ပုံသဏ္ဍာန်တွေ၊ ဓာတ်ပုံတွေကအစရှိပေး၏။

ဆက်သွယ်ရေးကွန်ပျူတာစက်ကို ဝင်ရောက်ကိုင်တွယ်ပေးနေသော ထက်အောင်၊ ဆရာနတ်၏ပုံကို ကွန်ပျူတာပရင်တာမှတစ်ဆင့် မိတ္တူထုတ်ယူလိုက်၏။

အရှေ့တိုင်းသားဖြစ်သော်လည်း ဆံပင်နီကျင်ကျင် ကောက်ကွေးကွေး၊ နှာခေါင်းကောက်ကောက်၊ မျက်လုံးက ဝံပုလွေမျက်လုံး၊ နှုတ်ခမ်းမွေး ရေးရေးနှင့် ဆရာနတ်သည် အလွန်ကြမ်း၊ အလွန်ရက်စက်သည့် ပုံပေါက်နေသည်။

နောက်တစ်နာရီ မပြည့်ခင် ရီဘတ်ကာဆီက ခေါ်သံပေါ်၍လာပြန်သည်။

" ဟဲလို . . ကျွန်မ ရီဘတ်ကာလန်းစီပါ . . သင်္ဘောပေါ်က ခရီးသည်တွေအတွက် အရေးပေါ်အကူအညီ လိုအပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီရှင် ”

ဝိုင်ဂျီက နားထောင်နေသူတွေ အထိတ်တလန့်ဖြစ်သွားကြရ၏။

“ ပြောပါ ရီဘတ်ကာလန်းစီ ပြောပါ . . ဘယ်လို အရေးပေါ် အကူအညီလိုသလဲ ”

“ နှလုံးရောဂါသည်တစ်ဦးဟာ မောနေပါတယ်၊ ဆီးချို ရောဂါရှင်ကိုလဲ ဆေးထိုးပေးဖို့လိုတယ် . . သူတို့နှစ်ယောက်စလုံး သတိလစ်တော့မလိုပဲ ”

“ ဟင် ”

“ ရီဘတ်ကာ . . ဆရာနတ်ကို ပြောပါ၊ ကျုပ်တို့ ဆရာဝန်တစ်ယောက်၊ နပ်စ်တစ်ယောက် ပို့ပေးမယ် ရဟတ်ယာဉ်တစ်စီးနဲ့ အခုပဲလွှတ်မယ်၊ ရဟတ်ယာဉ်ကို ပစ်မချဖို့ သတိပေးပါ ”

“ ကောင်းပြီး ကျွန်မ ဆွေးနွေးပါ့မယ် ”

ရီဘတ်ကာဘက်က အသံခဏတိတ်သွားပြီးမှ ပြန် ဆက်သွယ်သည်။

“ အိုကေ . . ဝိုင်ဂျီ အိုကေ . . သူသဘောတူလိုက်ပြီ၊





ဆရာဝန်နဲ့ နပ်စ်တစ်ယောက် ချက်ချင်းလွှတ်ပေးပါတော့ ”

ရီဘတ်ကာဆီက မီးစိမ်းပြလိုက်သည်နှင့် ရဟတ်ယာဉ် အသေးလေးကို လှမ်း၍မှာယူလိုက်သည်။

ပြီး ဆေးသေတ္တာနှစ်လုံးနှင့်အတူ ဝိုင်ဂျီအုပ်စုဆီ ပို့ပေးလိုက်သော ဆရာဝန်မလေး ခင်ညိုအေးအား သူနာပြုမ ကလေးလို ဝတ်စေ၏။

ဒေါက်တာခင်ညိုအေးသည် ရဲမေဆရာဝန် ဖြည်သူ့ ဝန်ထမ်းအရာရှိ တစ်ဦးဖြစ်၏။ ဆေးကုသရာတွင်သာ တော်သည်မဟုတ် သေနတ်ပစ်လည်း တော်သည်၊ ဂျူဒို ခါးပတ် နက်လည်းဖြစ်၏။ ခင်ညိုအေး၏ သဏ္ဌာန်ကို ဖွံ့ကွယ်ကာ နပ်စ်မကလေးလို ဝတ်ပေးလိုက်သည်။

ဆရာဝန်အဖြစ်နှင့်ကတော့ ထက်အောင်။

ကျောကုန်းမှာ ကြက်ခြေနီအမှတ်အသားပါသော ဂျူတီကုန်အဖြူကြီးကို ဝတ်ထား၏။ လည်တိုင်မှာ ဆရာဝန်သုံး နားကြပ်ကိရိယာကို ဆွဲထားသည်။

ထက်အောင် ဆေးဝါးတစ်ချို့ကို နားလည်၏။ ဆေးထိုး အပ်ကိုင်တတ်၏။ လက်ထောက်ကျန်းမာရေးမှူးလောက်



www.burmeseclassic.com

www.burmeseclassic.com



အဆင့်သင်တန်းတက်ဖူးသည်။

ဒါပေမယ့် ခုကိစ္စမှာက အရေးကြီးသော နှလုံးရောဂါရှင်များ၊ ဆီးချိုအပြင်းစားနာတာ ရှည်ဝေဒနာများကို ကုသရမည်ဖြစ်၏။ ကျွမ်းကျင်သော ခင်ညိုအေးလို ဆရာဝန်ပါမှဖြစ်မည်။

ဝေဒနာသက်သာပြီဟု စိတ်ပြေလက်ပျောက် အနားယူခရီးထွက်လာရာမှ စိတ်ထိခိုက်စရာ အထိတ်တလန့်ဖြစ်စရာတွေကြုံရလေသဖြင့် ရောဂါပြန်ဖောက်လာခြင်း ဖြစ်ပေမည်။ ညအမှောင်တွင် ထက်အောင်တို့အား တင်ဆောင်သွားမည့်ရဟတ်ယာဉ်ကလေးသည် မီးနီးမီးစိမ်းတွေလင်းလက်ကာ ဝိုင်ကျိုဝမ်းပေါ်နိမ့်ဆင်းလာ၏။

ဝိုင်ကျိုဝမ်းပေါ်မှာလည်း ရပ်၍မရ။ သည်တော့ ရဟတ်ယာဉ်ကလေး၏ ခြေထောက်တန်းကို ထက်အောင်ဖမ်း၍ခိုကာ တစ်ပတ်ကျွမ်းပစ်၍ တက်သွား၏။

ခင်ညိုအေးသည်လည်း ထက်အောင်လက်တွေကို ဖမ်းခုန်ဆွဲကာ ခို၍တက်သွား၏။

ဤသို့ ခင်ညိုအေး ရဟတ်ယာဉ်ပေါ်တက်သည်ကိုသာ





မြင်လျှင် ဆရာနတ်တို့အနေဖြင့် ဆရာဝန်မလေးဟု ဘယ်လိုမှယုံကြည်မည် မဟုတ်ပေ။

လိုအပ်သော ဆေးဝါးကိရိယာတွေပါသည့်ဆေးအိတ်နှစ်လုံးကို ကြိုးဖြင့်ဆွဲတင်ပြီးသည်နှင့် ရဟတ် ယာဉ်လေးသည် တဖြည်းဖြည်း မြင့်တက်သွားကာ ကိုရယ်လ်ကွင်းသင်္ဘောကြီးဆီ ပျံသန်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)



www.burmeseclassic.com

www.burmeseclassic.com



အချက်ပြမီးများ ဖွင့်၍ထားသော ရဟတ်ယာဉ်ကလေးသည် ကိုရယ်လ်ကွင်းသင်္ဘောကြီးဆီ ဖြည်းဖြည်းမှန်မှန်ချဉ်းကပ်နေ၏။ မီးတွေထိန်ထိန်လင်းနေသော သင်္ဘောကြီးပေါ်မှာ ရဟတ်ယာဉ် ချဉ်းကပ်လာသည်ကို စောင့်နေသည့်လက်နက်ကိုင်တွေကို မြင်ရ၏။

ပွဲပိုင်းမှစင်ကလေး တစ်စင်ပေါ်မှာ ဒေါက်ကြီးဖြင့် တင်ထားသော အင်ဒရီပေါ့စက်သေနက်ကြီးတစ်လက် အသင့်ချိန်ရွယ်၍ထား၏။ ကျည်တွဲခွေဖြင့်ပစ်သော ဤစက်သနေတ်





ကြီးဖြင့်သာ အပစ်ခံရမယ်လျှင် ရဟတ်ယာဉ်မှာ စိစိညက်ညက် ကျေသွားပေလိမ့်မည်။

ကိုရယ်လ်ကွင်း သင်္ဘောကြီး၏ပွဲပိုင်း တစ်နေရာ စက်သေနတ်ထားသည့် စင်ကလေးအနီးမှာပဲ ရဟတ်ယာဉ်ကွင်း တစ်ခုရှိသည်။ ရဟတ်ယာဉ်ဆင်းလို့ရအောင် မည်သူကမျှ အကူအညီမပေး။ အချက်ပြခြင်းမရှိ မောင်းပြန်သေနက်တွေကို သင့်ကိုင်၍ ဝိုင်းကြည့်နေကြ၏။

ရဟတ်ယာဉ်မှူးမှာ ထက်အောင်တို့အဖွဲ့က အတော်ဆုံး လူဖြစ်နေသဖြင့် အကူအညီ အချက်ပြမှုမပါဘဲ ညင်သာစွာ ဆင်းသက်၍နေသည်။ ထောက်တန်းများ ရဟတ်ယာဉ်ကွင်း လေးပေါ် ချမိသည်နှင့် ထက်အောင်က ဆေးသေတ္တာတစ်လုံး၊ ခင်ညိုအေးက ဆေးသေတ္တာတစ်လုံး၊ ဆေးသေတ္တာတစ်ယောက် တစ်လုံးဆီဆွဲကာ ရဟတ်ယာဉ်ပေါ်က ခပ်သွက်သွက်ဆင်းလိုက်ကြ၏။

ထက်အောင်တို့ကို ဆရာနတ်၏လက်ထောက်နှင့် သူ့အဖွဲ့ကဝိုင်းထားလိုက်၏။ ဆလိုက်မီးကြီးတစ်လုံး ထိန်းလင်းနေအောင် ထွန်းထားပြီး မီးရောင်အောက်မှာ ထက်အောင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေသည်။ ထက်အောင်ရော ခင်ညိုအေးရော ဘာလက်နက်မှယူမလာပါ။ မည်သည့်ကိရိယာမှလည်း ကိုယ်တွင်ဖုက်မလာပါ။ သူတို့ကလည်း နိုက်နိုက်ချွတ်ချွတ် ရှာဖွေသည်။

ရွှေမြိုင်သူဝိပိ ဖွံ့ဖွံ့ထွားထွားရှိနေသော ခင်ညိုအေးကိုယ်ပေါ်မှာ လိုတာထက်ပို၍ စမ်းသပ်ရှာဖွေနေရာ ထက်အောင်လက်ကိုပုတ်ချပစ်လိုက်၏။

"ဟာ .. ဒေါက်တာကလဲ ဒေါသချည်းပဲဗျာ .. ဟီး" ရှာသူက မြန်မာလို ပြောလိုက်၏။

ထက်အောင်တို့ယူလာသော ဆေးသေတ္တာကိုဖွင့်၍ အသေအချာစစ်ဆေးပြန်၏။ နှလုံးခုန်မှု တိုင်းတာသော စက်ကလေးနှင့် သွေးပေါင်ချိန်ကိရိယာကလေးကို 'ဒါ ဘာလုပ်တာလဲ' ဟုမေးသည်။ ထက်အောင်းက ရှင်းပြ၏။ ထက်အောင်၏ အင်္ဂလိပ်စကားကို နတ်၏လက်ထောက် နားလည်ပုံမရ။ သူတတ်သလောက် မှတ်သလောက်ဖြင့် ခွတ်ပြောသည်။





လူမမာတွေကို ကုပါ၊ တစ်ခြား ဘာမှုမလုပ်ပါနဲ့ စပ်စပ်စုစု မလုပ်ပါနဲ့။ မေးခွန်းမထုတ်ပါနဲ့ စသည်ဖြင့် ပြီးတော့ ယောခန်းမကြီးကလွဲလို့ အပြင်ကိုလုံးဝ မထွက်ရဟု ထက်အောင်တို့ကိုတားသည်။

ထိုခဏတွင်မှ ဘောင်ဘီအညိုရောင် ရှပ်အင်္ကျီလက်တိုနှင့်အမျိုးသမီးတစ်ယောက် အနားရောက်လာပြီး ထက်အောင်ကိုလက်ဆွဲနှုတ်ဆက်ကာ မိတ်ဆက်လေသည်။ ထက်အောင်ကြားဖူးနေသော အသံပဲဖြစ်သည်။

"ကျွန်မ ရီဘတ်ကာလန်းစီပါ ဒေါက်တာ၊ ကိုရယ်လ်တွင်းက ဒေါက်တာကို အထူးကြိုဆိုစောင့်မျှော်လျက်ပါ"

"ဝမ်းသာပါတယ် ရီဘတ်ကာ .. ဒါက ကျွန်တော့်လက်ထောက်ပါ .. အဲ ကျွန်တော့်က ထက်အောင်၊ သူက ခင်ညိုအေး"

ရီဘတ်ကာ နမည်တွေကို ရွတ်ကြည့်၏။

"ထက်အန် .. ကမီညျုအီး"

အရေးထဲ ရယ်စရာ ဖြစ်နေရသေး၏။ ထက်အောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



" အိုကေ ရီဘတ်ကာ . . ကျွန်တော်တို့ လူနာတွေဆီ သွားရအောင် "

ရီဘတ်ကာက နတ်၏လက်ထောက်ကို လှမ်းကြည့်၏။ သူက ခေါ်သွားဟူသော သဘောဖြင့်မေးဆတ်ပြ၏။

" သစ်ဝေး . . ဒေါက်တာ ဒီဘက်ကလာပါ "

ရီဘတ်ကာ ကြို လမ်းကလေးတစ်ခု အတိုင်း ထက်အောင်တို့ကို ခေါ်သွား၏။ ကြီးမားလှသော သင်္ဘောကြီး၏ ပထမကုန်းပတ်မှ ဒုတိယကုန်းပတ်ဆီ ဆင်းရ၏။ ဒုတိယကုန်းပတ်မှာ ဟောခန်းကျယ်ကြီးက နေရာယူထားသည်။ ဟောခန်းထဲကို ထက်အောင်တို့ ဝင်သွားလျှင် ကြမ်းပြင်ပေါ်မှာ ထိုင်နေ လှဲလျောင်းနေကြသော ဒုက္ခသည်ခရီးသည်တွေကို သနားစရာတွေ့ရလေသည်။

ရီဘတ်ကာက . . ခရီးသည်များဘက်ကို လှည့်၍ ကြေညာ၏။ ထို့နောက်တော့ နှလုံးရောဂါခံစားနေရသူ လူနာ အမျိုးသားကြီးကို ထက်အောင်ကြည့်ပေး၏။ ကျွမ်းကျင်သော ခင်ညိုအေးက အသစ်စက်စက် နှလုံးခုန်နှုန်းထိန်းကိရိယာ ကလေးကိုလူနာ၏ ရင်ပတ်တွင် တပ်ဆင်ပေး၏။





မေ့စ်ပိတ်ကာခေါ် ရင်းစက်ကလေးက နှလုံးခုန်မမှန် ဖြစ်နေသော လူနာ၏နှလုံးကို လျှပ်စစ်နည်းဖြင့် ထိန်းချုပ်ကာ နှလုံးခုန်ခြင်း တိကျစေ၏။ အမောပြေစေမည့် အားဆေးတစ်ချို့ကို ထက်အောင်က လက်မောင်းကြောမှ သွင်းပေးသည်။

ထက်အောင်တို့ ကုသမှုများ ပြုလုပ်နေစဉ် မိန်းကလေး တစ်ယောက်အနားကို ရောက်လာသည်။ ဝိုင်း၍ ကူညီလုပ်ကိုင် ပေးသည်။ ကြည့်ရင်းကပင် ထက်အောင် မှတ်မိသွား၏။

" အိမွန် " ဟု ခေါ်လိုက်၏။ နောက်ဆုံးတော့ ရီဘတ်ကာမပီမသခေါ်နေသည့် အေမွန်းဆိုသည်မှာ အိမွန်ဖြစ်နေသည်။

" ကိုထက်အောင် "

" အိမွန် ဂျပန်ကို သွားနေတာမဟုတ်လား၊ သင်တန်း ပြီးပြီလား "

" ဟုတ်တယ်၊ သင်တန်းပြီးလို့ ဟောင်ကောင်ကို ရောက်နေတာ ဟောင်ကောင်ကနေ ဒီသင်္ဘောကြီးနဲ့ တမင်လိုက် လာတာ "

" ဪ "



www.burmeseclassic.com

www.burmeseclassic.com



အိမ္ဗန်ကို မြင်တော့ ထက်အောင်ရင်ထဲမှာ နာကျင်၍သွားရပါ၏။ သံယောဇဉ်တွယ်ကာခဲ့မိသော မြတ်နိုးရသူလေး ဘက်စီ သို့မဟုတ် ယမင်းထွန်းကို သတိရမိသည်။

ရာဇဝတ်မှု၊ အကြမ်းဖက်မှုတွေ ဆက်တိုက်ကျူးလွန်ကာ တရားဥပဒေစိုးမိုးရေးကို အန္တရာယ်ပေးနေသော 'ကေ'ဟု၍ လျှို့ဝှက်ခံထားသော ရာဇဝတ်ကောင်အား နှိမ်နင်းဖမ်းဆီးရာတွင် ယမင်းကို အသုံးချခဲ့မိ၏။

ယမင်းခမျာ ထက်အောင်အား အကာအကွယ်ပေးရင်း ကျည်ဆံထိမှန် သေဆုံးသွားရ၏။

( အေးဂျင့်ထက်အောင်နှင့် အော်ပရေးရှင်းနတ်မြင်းပျံ) ဇာတ်လမ်းဖြင့် ရေးသားဖော်ပြပြီး။

အိမ္ဗန်က ယမင်းထွန်း၏အချစ်ဆုံး သူငယ်ချင်း။ အိမ္ဗန် မျက်နှာကလေး ငိုင်ငေးငေးဖြစ်သွားပြီး . . .

" ဘက်စီကို သတိရတယ် ကိုထက်အောင် " ဟု ဆိုလေသည်။

ထက်အောင် ပို၍ပင်ခံစားလိုက်ရပါ၏။

. . . . . . . . . . . . . . . . . . . . . . . . .





ကိုရယ်လ်ကွင်းသင်္ဘောကြီးမှ ရေမိုင်နှစ်ဆယ်တစ်မိုင် အကွာ။

ပုံဖျက်ထားသော ညစ်ထေးထေးသင်္ဘောကြီး အတွင်းမှာ ရေယာဉ်မှူးနှင့်အတူ ရေငုပ်အဖွဲ့ခေါင်းဆောင်သည် ဆိုင်ဖါကုဒ်ခေါ် ကြေးနန်းအချက်ပြအသံများကို နားထောင်၍နေ၏။

" တွိ တွိ . . တွိ . . တွိ "

" တွိ . . တွိ . . တွိ . . တွိ "

ဝင်လာသော ကြေးနန်းအချက်ပြ အသံများမှာ သီးသန့် စာလုံးဖော်စကားဝှက်များပင် ဖြစ်သည်။ ကုဒ်အပတ်စဉ် မည်၍ မည်မျှစကားဝှက် အုပ်စုဘယ်လောက်ဆိုတာ အချင်းချင်းအသံ ပေးထားမှသာ ဖော်နိုင်၏။

ယခုဝင်လာနေသော စကားဝှက်များကို ဆိုင်ဖာကုဒ် စကားဝှက်ဖော် လျှို့ဝှက်ညွှန်ကြားချက်ဖြင့် ဖော်ကြည့်ရာ အောက်ပါစကားကို ရလေသည်။

" ဖရဲသီး . . တဲ့။ "

ဖရဲသီးက အစိမ်းရောင်။

အစိမ်းရောင်ဟူသည် မီးစိမ်းပြသည်ဟူသည့် အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



**အသား။ စီးစိမ်းပြသည်ဟူသည်မှာ ဆက်လုပ်ဟု အချက်ပေး ခြင်းတစ်မျိုးပင်။**

ရေငုတ်အဖွဲ့ခေါင်းဆောင်သည် ဆရာဒွေးဆီက ပေးပို့လိုက်သော ဆက်လုပ်ဟူသည့် ဤအမိန့်ကို ရလျှင်ရခြင်း၊ သူ၏ အဖွဲ့ဝင်ဆယ့်တစ်ယောက်ကို အသင့်ပြင်စေ၏။

ခပ်ညစ်ညစ် ခပ်ဟောင်းဟောင်းသင်္ဘောကြီး၏ ဝမ်းထဲမှာ လျှို့ဝှက်ရေလုံခန်းတစ်ခန်းရှိသည်။ ဗွပ်ဖားလိုလို ပြွန်လုံးကြီးသုံးလုံးပါသောယာဉ်မှာလည်း ထိုရေလုံခန်းအတွင်းမှာ အသင့်ဖြစ်နေပေပြီ။

ရေငုပ်သမားဆယ့်နှစ်ဦး စုံညီသည်နှင့် ရေလုံခန်း၏ တံခါးပေါက်ဝိုင်းများကို ဖက်အူအရစ်လှည့်၍ ပိတ်ပစ်လိုက်သည်။

ထိုတံခါးများသည် ပရက်ရှာဒုံးခေါ် ရေလုံဖိအားသွင်းတံခါးများဖြစ်၏။ ထို့နောက် ဟိုင်ဒရောလစ်စနစ်ဖြင့် သင်္ဘောဝမ်းဗိုက်အောက် တစ်နေရာမှ အပေါက်ကြီးတစ်ပေါက်ကို တဖြည်းဖြည်းဖွင့်လိုက်၏။ ပြာမှိုင်းမှိုင်း ပင်လယ်ရေးတွေလိမ့်ဝင်လာကာ တစ်ခန်းလုံး ရေအပြည့်သွား၏။





ရေငုပ်သမားဆယ့်နှစ်ယောက်သည် သတ္တုပြွန်ကြီးသုံးလုံးအား ဆက်စပ်တည်ဆောက်ထားသည့် ယာဉ်၏နဘေးမှာတစ်ဘက် ခြောက်ယောက်စီ နေရာယူကာ ရေလုံခန်းအပြင်သို့ ယာဉ်ကိုထွန်းထုတ်လိုက်ကြ၏။ ပေနှစ်ဆယ်တိတိရှည်သော ယာဉ်သည် ပင်လယ်ပြင်အတွင်း လွတ်လပ်စွာ ရောက်ရှိသွား၏။

ရေငုပ်အဖွဲ့ခေါင်းဆောင်က အလယ်သတ္တုပြွန်ကြီးပေါ်မှာမှောက်၍ နေရာယူကာ ခလုတ်တစ်ချို့ကို ကိုင်တွယ်ကစားနေ၏။

သတ္တုပြွန်ကြီးသုံးခု နောက်ဘက်မှ ရေယက်ပန်ကာသုံးလုံးလည်လာကာ ပြွန်လုံးယာဉ်ကြီးသည် ရေအောက်ပေခြောက်ဆယ်ကျော်သို့ ငုပ်လျှိုးသွားတော့သည်။

ရေငုပ်သမားဆယ့်တစ်ယောက်က ယာဉ်ကြီးနဘေးက လက်ကိုင်ကွင်းတွေကို ဆွဲကာလိုက်ပါသွားကြသည်။ စင်စစ် ဤပြွန်လုံးသင်္ဘောန် ရေယာဉ်မှာ ရေတိမ်ငုပ် ရေငုပ်ယာဉ်ပင်ဖြစ်ပြီး စကူဘာရေတိမ်ငုပ် ဝတ်စုံနှင့်တွဲဘက် အသုံးပြုနိုင်သည်။

ယခု ဤယာဉ်ကြီးသည် ရေမှောင်မည်းသော ရေလွှာ



www.burmeseclassic.com

www.burmeseclassic.com



ပြင်အောက်မှာ ရေပြင်အတွင်း ခပ်လေးလေး ခပ်မှန်မှန် လှုပ်ရှားသွားလာနေသော ရေငုတ်သမားများတွယ်၍ ခိုကပ်လိုက်ပါသွားကြ၏။

ရေအနက်ပေ ရှစ်ဆယ်သို့ကပ်၍ ငုပ်ကာ၊ ကိုရယ်လ်ကွင်းသင်္ဘောကြီးဆီ ဦးတည်မောင်းဝင်သွားလေသည်။

ရေငုပ်အဖွဲ့၏ လက်ကောက်ဝတ်မှာ ရေငုတ်နာရီ ကွန်ပက်စ်အိမ်မြှောင်၊ ရေဖိအားပြကိရိယာစသည်တို့ အစုံအလင် တပ်ဆင်၍ထားလေရာ ဦးတည်ရာခရီးကို ဖြောင့်မတ်စွာ မောင်းဝင်သွားနိုင်၏။

ရေမိုင်နှစ်ဆယ့်တစ်မိုင်ခရီးကို ရေအောက်မှ နှင်ရသဖြင့် နှစ်နာရီကြာအောင် သွားရမည်ဖြစ်သော်လည်း ရေငုပ်ယာဉ်ကြီး၏ လျှင်မြန်မှုကြောင့် လေးဆယ့်ငါးမိနစ်အတွင်း ကိုရယ်လ်ကွင်းသင်္ဘောကြီး၏ ရေအောက်သို့ ရောက်သွားကြလေသည်။

ရေငုပ်ယာဉ်ကြီးကို တဖြည်းဖြည်း ပြန်၍ဖော်ကာ သင်္ဘောကြီး၏ ဝမ်းမှာသွားကပ်၏။ ထို့နောက် သင်္ဘောကြီး၏ နဘေး သံပြားထူထူကြီး တစ်နေရာရှိ အမှတ်အသားတစ်ခုမှာ





လေစုတ်စက်ဖြင့်ကပ်၍ တန်းတစ်ခုကို တပ်ဆင်လိုက်ကြ၏။

ထိုတန်းမှာ ဆယ်ခြောက်ပေအမြင့်တွင် သင်္ဘောအင်ဂျင်ခန်းမှ လေဝင်ပေါက်ရှိသည်။ သံပြားထူထူကြီးဖြင့်ပိတ်၍ထားသော ထိုလေဝင်ပေါက်မှာ လူတစ်ကိုယ်ဝင်၍ မရသော်လည်း သင်္ဘောတည်ဆောက်စဉ်က ထည့်သွင်းတည်ဆောက်ထားသော ရေလုံတံခါးတစ်ချပ်ရှိနေ၏။

ထိုတံခါး၏ တည်နေရာအတိအကျကို အေရှပိုလ်က ကွန်ပျူတာများဖြင့် ဝိုင်ရီအုပ်စုဆီ စောစောပိုင်းကတည်းက သတင်းပို့ထားခဲ့ခြင်းဖြစ်သည်။

ကြေးပြားလေရှင်ပေါက်မှ မီးရောင်လင်းနေသဖြင့် ရေငုပ်အဖွဲ့ခေါင်းဆောင်သည် သူရောက်နေသော နေရာတိကျမှန်ကန်ကြောင်းကို အသေအချာသိရလေပြီ။

တန်းပေါ်မှာ လိုက်၍ကပ်နေသော သူ့လူများအား ပြွန်လုံးရှည် ရေငုပ်ယာဉ်ကြီးအတွင်းမှာ ထည့်၍ယူဆောင်လာသော အနီးကပ်တိုက်ပွဲသုံး လက်နက်ငယ်တွေကို ထုတ်ယူနိုင်းလိုက်၏။

ရေအောက်သင်္ဘော ရောနှင့်ကပ်၍ထားသော ရေငုပ်



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ကြီးထဲက လက်ဆင့်ကမ်း သယ်ဆောင်ရခြင်းဖြစ်သည်။

လက်နက်များအားလုံး ရေလုံအိတ်ဖြင့် ထည့်၍ထား၏။ ရေငုတ်အဖွဲ့ဝင်တစ်ဦးက ခေါင်းဆောင်လုပ်သူကို မေးသည်။

" ဒီနေရာ သေချာပြီလား ဆရာတဲ့ "

" သေချာပါတယ် .. ခပ်တိုးတိုးမြည်နေတဲ့ အင်ဂျင်စက်သံကိုကြားတယ်၊ မင်းနားနဲ့ ကပ်နားထောင်ကြည့်လေ "

" ဟုတ်တယ် ဆရာ အင်ဂျင်စက်က အမြဲမပြတ်နှိုးထားရတာ မဟုတ်လား "

" အေး . . ဒီကိုလွှတ်မလာခင် သဘောကြီးရဲ့ပုံစံ ဒီနိုင်းအပြာရောင်ပုံနှိပ် ပုံစံတွေကို ငါကအထပ်ထပ်လေ့လာခဲ့ပြီးပြီ တို့ရဲ့ အပေါ်တည့်တည့်ဟာ အင်ဂျင်ခန်းပဲ သေချာတယ်"

" ဒါဆို တံခါးကို လာဖွင့်ဖို့ပဲ လိုတာပေါ့နော် ဆရာ"

" အေး . . အဲဒါကို စောင့်ရမှာပဲ "

" ခုနေ သဘောကြီး ထွက်သွားရင် ဘာဖြစ်မလဲ ဆရာ"

" အင် . . ငါတို့ ပြုတ်ကျကျန်မနေပါစေနဲ့လို့ ဆုတောင်းရမှာပေါ့ကွာ "





## အခန်း(၁၀)



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်တစ်လေးငါးနာရီ။

ညဥ့်သန်းခေါင်ကို ရောက်လုလုအချိန်။

ကိုရယ်လ်ကွင်းသင်္ဘောကြီးဆီ ရဟတ်ယာဥ်ကြီးတစ်စင်းချဥ်းကပ်လာနေ သံတိုကြားရ၏။

ထက်အောင်ခန်းမ အပြင်ကုန်းပတ်လက်ကို အညောင်းဆန့်ရင်း လေတဝကြီးထွက်ရှူသလိုလို လုပ်ကာ မယောင်မလည်လေ့လာကြည့်၏။

ရဟတ်ယာဥ်ကြီးတစ်စီး သင်္ဘောကြီးပေါ်ကို ဆင်း





သက်ဖို့ ဟန်ပြင်နေ၏။ ဆရာဒွေး ဇာတ်တိုက်စီစဥ်ထားသော အစီအစဥ်တွေထဲမှာ ဤရဟတ်ယာဥ် ကိစ္စမပါ။

ပန်ကာအိုနှစ်ခုပါပြီး ဂျစ်ကားတစ်စီးလောက်ကို အေးအေးဆေးဆေး ဆွဲယူသွားနိုင်လောက်သည့် ဤရဟတ်ယာဥ်သည် ဆရာနတ်အဖွဲ့က ခေါ်ယူထားခြင်းဖြစ်မည်။

ထက်အောင် အကဲခတ်နေရိုက် ပါးတစ်ဘက်မှာ အေးကနဲ ဖြစ်သွားရ၏။ အတွေ့အကြုံအရ သေနတ်ပြောင်းတစ်ခုဖြင့်ပါးကို အထောက်ခံလိုက်ရကြောင်း သိလိုက်သည်။

"ကိုယ့်အလုပ်ကို ကိုယ်လုပ်ပါ . . ဒေါက်တာ ဘာလို့ကိုယ်နဲ့မဆိုင်တာကို စိတ်ဝင်စားချင်ရတာလဲ၊ နောက်တစ်ခါဆိုရင် သတိပေးမနေတော့ဘူး၊ တွေ့ရာနေရာမှာ ဆော်ရလိမ့်မယ်၊ ကဲ . . အထဲပြန်ဝင် "

ဟောခန်းကြီးထဲ ပြန်ဝင်လာသည်။ သူ့ကို ပစ္စတိုဖြင့်ချိန်သူမှာ စင်မြင့်ပေါ်မှာ စားပွဲဝိုင်းဖြင့် ထိုင်နေသူတွေထဲက တစ်ယောက်ဖြစ်နေ၏။

တစ်နေရာရာသို့ ထက်အောင် အချက်ပြသလား၊ သင်္ဘောပေါ်မှ တစ်ခုခုကို လွှတ်ချသလား၊ သင်္ဘောနဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ထက်အောင်နှင့် ချိန်းဆိုထားသူ တစ်စုံတစ်ယောက် ရောက်နေသလားစသဖြင့် အသေအချာ စစ်ဆေးပြီးမှ ထက်အောင်နောက်ကလိုက်လာခြင်းဖြစ်၏။

ထက်အောင် လူနာတွေဆီ ပြန်သွားကာ စမ်းသပ်စစ်ဆေးပေးပြီး ဆေးသေတ္တာတစ်လုံးထဲက နှလုံးခုန်နှုန်းတိုင်းသော ကိရိယာကလေးကိုယူကာ လူနာတစ်ယောက်၏နှလုံးခုန်နှုန်းကို တိုင်းကြည့်နေသည်။

သည်တော့မှ ထက်အောင်နောက်က ဝင်လိုက်လာကာ ရပ်ကြည့်နေသောသူလည်း လှည့်ထွက်ကာ စင်မြင့်ပေါ်တက်သွားတော့သည်။

ထိုခဏတွင် . . .

" တွီ တွီ . ."

စီတီစင်ခရှိန်ဂရပ်ဖ်နာရီကလေးမှ နာရီထိုးသံကို တိုးတိုးကလေး ထွက်ပေါ်လာသည်။ ဒိုင်ခွက်ပေါ်ကို ကြည့်လိုက်တော့ . . . ဆယ့်နှစ်သုညနာရီ။

အပိုပေ့စ်ပိတ်ကာ စက်ကလေးတစ်လုံးမှာ ဆေးသေတ္တာထဲတွင် လှဲလျောင်းနေရာက မီးကလေးတစ်ပွင့် လင်းလာပြီး၊





မျက်နှာစာပေါ်တွင် ထွက်စာတန်းကလေးတွေ ပေါ်၍လာ၏။

" အိုး . . ပင်းသည်ဒိုး "

တံခါးဖွင့်လိုက်ဟူ၍ အချက်ပေးညွှန်ကြားချက်ကလေးဝင်ဖြစ်သည်။

ထက်အောင် ဘယ်တံခါးကို ဖွင့်ရမည်ဆိုတာ နားလည်လိုက်ပါပြီ။ တကယ်တော့ ဤအပိုယူလာသော မှေပတ်ဆာနှလုံးခုန်နှုန်းထိန်း စက်ကလေးမှာ အစစ်မဟုတ် ကပရင်တာစာလုံးဖော်အချက်ပေးသော အလိုအလျောက် ဆက်သွယ်ရေးစက်ကလေးသာဖြစ်သည်။

ထက်အောင် စင်ကလေးပေါ် မသိမသာ လှမ်းအကဲခတ်သည်။ သူတို့ကို ကြည့်နေသူမရှိ။ တာထွက်ဖို့ ပြင်းသည်။ ခင်ညိုအေးဆီ လှမ်းမျှော်ကြည့်ပြီး မသိမသာ ခေါင်းညိတ်ပြ၏။ သူလှစ်ရှားတော့မည်ဟူသော အချက်ပြခြင်း။

သို့သော် မောင်းပြန်သေနတ်ကိုင် လူနှစ်ယောက် ထက်အောင်တို့ဆီ ရောက်လာ၏။

" ဒေါက်တာ ကျုပ်တို့ ဆရာနတ်နေမကောင်းလို့ ဆေးအိတ်ယူပြီး လိုက်ခဲ့ပါ . . ရိဘတ်ကာလဲ လိုက်ခဲ့ရမယ်ဲ့"

www.burmeseclassic.com



ထက်အောင် ငြင်းလို့မရတော့ပါ။ ဆေးသေတ္တာကိုဆွဲ၍ ရိဘတ်ကာနှင့်အတူ ထွက်ခဲ့ရသည်။ လှေကားတွေကို ကျွေပတ်ခါ သင်္ဘော၏အကောင်းဆုံး အခန်းဖြစ်သော မာလိန်စင်ပေါ် တက်လာကြသည်။

မာလိန်စင်၏ ဆုံလည်ဆိုဖာခုံကြီးတစ်လုံးပေါ်မှာ ဆရာနတ်ကို တွေ့လိုက်ရ၏။ သင်္ဘောကြီးပေါ်က ခရီးသည် ပေါင်းများစွာကို ဒုက္ခပေးထားသော ဆရာနတ်မျက်နှာကြီး ရှုံ့မဲ့ကာ ဘာဖြစ်နေသည်မသိ။

" ဒေါက်တာ ကျုပ် ဗိုက်ထဲက တအားနာနေတယ် ကြည့်ပေးပါ "

သည်လောက်တော့ ထက်အောင်ရပါသည်။ ညာဖြီးခြင်းမဟုတ် အမှန်တကယ် ကြည့်ပေး၏။ ဆရာနတ်ဗိုက်မှာ ဝေဒနာအရိပ်အရောင် မတွေ့၊ ပုံမှန်အတိုင်း ပျော့ပြောင်းလို့။

အူအတက်ပေါက်တတ်သော နေရာကို လက်ကလေးနှင့်အသာတင်ပြီး မေးသည်။

" ဒီနေရာက နာသလား "

" မဟုတ်ဘူး ဗိုက်တစ်ခုလုံး အောင့်နေတာ "





" ဝမ်းသွားသလား "

" သွားတယ် နှစ်ခါရှိပြီ "

"တစ်ခုခုအစား မှားတယ်ထင်တယ်၊ ခင်ဗျား ဘာစား …ဲ"

" ကဏန်းတွေ တော်တော်စားလိုက်မိတယ် …ါက်တာ"

" အိုး . . ဂေါ်ဒ် အဲဒါပဲ အဲဒါကြောင့်ဖြစ်တာ ရတယ် …း‌ပေးမယ်၊ ဘာမှ မစားဘဲ ငြိမ်ငြိမ်နေပါ . ."

ဆေးအိတ်ထဲက ဆိုဒါမင့်၊ ကာလိုရိုဖန်နီကောလ်၊ …ာရာပဟိုးလ် ဝမ်းပိတ်ဆေးများ သုံးခွက်စာပေးလိုက်၏။

" တစ်ခွက်သောက်လိုက်ပါ ချက်ချင်း ကောင်းသွားလိမ့် …ယ်"

" ကျေးဇူးပဲ ဒေါက်တာ "

ဆရာနတ် နည်းနည်းကျေနပ်သွားသည်။

" ရိဘတ်ကာ ဝိုင်ကျိကိုခေါ်၊ ဆရာဆတ်ကိုလွှတ်ပေးဖို့ …ယ်လို့ အခြေအနေရှိလဲ မေးစမ်း . ." ဟု ရိဘတ်ကာကို …ိုင်းနေသည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



" ဒေါက်တာ ပြန်နိုင်ပြီ "

ထက်အောင်ကို ပြန်နိုင်းလိုက်သည်။

လိုက်ပို့လိုက်ပုသော သဘောဖြင့် သူ့လူတစ်ယောက်ကို မေးဆတ်၍ ပြလိုက်သည်။ မောင်းပြန်သေနတ်ကိုင်ထားသူမှာ နောက်ကကပ်လိုက်လာပြီး လှေခါးတစ်ခုအဆင်းမှာ ရပ်ကျန်ရစ်၏။ ထိုနေရာမှကြည့်လျှင် ဒုတိယကုန်းပတ်နှင့် ဟောခန်းအဝင်ပေါက်ကို မြင်နေရလေပြီ။

" ကိုင်း . . ဒေါက်တာ ဒီကနေ အေးအေးဆေးဆေးဆင်သွားပေတော့နော် . . ကျုပ် ကြည့်နေမယ် " ဟု ပြောကာ ရပ်ကျန်ရစ်ခဲ့၏။

ဆေးသေတ္တာကလေးကို လက်ကဆွဲကာ လှေခါးလက်ရမ်းအား ကိုင်းပြီးဖြည်းဖြည်း ဆင်းလာနေသည်။ ဦးကျော်ကွန်ပျူတာအတွင်းမှာ အလွတ်ကျက်မှတ်ထားသည်။ သင်္ဘောကြီး၏ဘလူးပရင့်ပုံစံပြာကို ပြန်စဉ်းစားသည်။

ပထမကုန်းပတ်မှ အဆင်း၊ ဒုတိယကုန်းပတ်အဝင်ညာဘက်မှာ ချက်ပြုတ်ခန်း၊ စားဖိုဆောင်ရှိ၏။ စားဖိုဆောင်နှင့်ကပ်လျက်အခန်းက ဟင်းပွဲများပြင်ဆင် တည်ခင်းရာ စားပွဲထိုးများ၏အခန်း။

ထိုအခန်းနှင့်ကပ်လျက် အခန်းမှာ ပစ္စည်းအတင်အချလုပ်သည့် ဓာတ်လှေခါးတစ်ခုရှိသည်။ ထိုဓာတ်လှေခါးသည် စက်ခန်းဆီ တိုက်ရိုက်ရောက်၏။ စက်ခန်းအတွက် လိုအပ်သော ပစ္စည်းနှင့်လူများ အမြန်ချပေးနိုင်အောင် တင်ဆင်ထားသော အခန်းဖြစ်သည်။

ထက်အောင် လှေခါးအဆုံးအရောက်တွင် ဖျက်ကနဲ ကွေ့ဝင်လိုက်ပြီး ကိုယ်ယောင်ဖျောက်လိုက်၏။ အပေါ်က စောင့်ကြည့်နေသူက လှမ်းအော်မလား စောင့်ကြည့်၏။ အော်သံ မကြားရ။ စားပွဲထိုးများ အခန်းအနီးမှ ဖြစ်ထွက်လာစဉ် " ဟော့ စက်ခန်းအတွက် နိုက်ဂျက်အင်ဂျင်နီယာ သောက်ဖို့ ကော်ဖီနဲ့ မုန့်သွားပို့စမ်း " ဟု စားပွဲထိုးအုပ်စုက စားဖိုမှူးကြီးက စားပွဲထိုးကလေးတစ်ယောက်အား ခိုင်း၏။

စားပွဲထိုးကလေးသည် ကော်ဖီပန်းကန်၊ မုန့်ထည့်ထားသော ပန်းကန်များကို ဆယ်ကာစက်ခန်းအတွင်း ဆင်းသည့် ဓာတ်လှေခါးဆီ လျှောက်လာစဉ် . . .

" ညီလေး "





မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . အာ . . ဒေါက်တာ "

" ကိုယ်သွားပေး . . ပေးမယ် "

" အာ မလှုပ်ပါနဲ့ ဆရာ . . အေးအေးဆေးဆေး နေပါ "

" မဟုတ်ဘူး ညီလေး၊ အကြောင်းရှိလို့ပါ . . နောက်ပြီး မင်းတို့လူတွေကို တိတ်တိတ်စည်းရုံးထား အစ်ကိုတို့ ဒီကောင်တွေကိုပြန်ချမယ် "

" ဟာ ဖြစ်ပါ့မလား သူတို့လက်ထဲမှာ မောင်းပြန်တွေချည်းပဲ၊ ပြီး တကယ် ရက်စက်တဲ့ ကောင်တွေဗျ . . ကျွန်တော်တို့ ကပ္ပတိန်ကြီး၊ အာရီအုံနဲ့ သဘော်သားဝန်ဆို သူတို့ပိုင်းနှိပ်စက်တာနဲ့ သေပြီလားမသိဘူး "

" ဖြစ်တယ် ညီလေး၊ အစ်ကိုတို့ကို ကူမည့်သူတွေ လာလိမ့်မယ် . . ကိုင်း ပေး အစ်ကို အောက်ကိုဆင်းမယ် "

ထက်အောင် ဗန်းကိုကိုင်ကာ ဓာတ်လှေခါးခလုတ်ကို နှိပ်ပြီးဆင်းသွားလေသည်။ စက်ခန်းဆီ ဓာတ်လှေခါးရောက်သွားလျှင် မောင်းပြန်သေနတ်ကိုင်ထားသူ တစ်ယောက်က အရင်လှမ်း၍ စစ်ဆေးကြည့်၏။ ထက်အောင် ဆရာဝန်ဝတ်စုံကိုချွတ်ကာ တကယ့်စားပွဲထိုးပမာ လှမ်းဝင်လာလေသည်။





စက်ခန်းတွင်းမှာ တာဝန်ကျနေသော စက်ဘက် ဒုတိယ အင်ဂျင်နီယာသည် ထက်အောင်စားပွဲထိုး စားဖိုဆောင်မှ လူ မဟုတ်သည်ကိုသိ၏။ သို့သော် မသိမသာ အကဲခတ်နေသည်။

ထက်အောင်က နတ်လူတွေ မသိအောင် အင်ဂျင်နီယာ နှင့် မီးအင်ဂျင်နရတာစက်ကို မောင်းနေသူအား ဝိုင်နှင့်ဂျို ပုံသဏ္ဍာန်ရေးပြကာ သူ့ကိုယ်သူလဲ လက်ညှိုးထိုးပြ၏။

သူ ဝိုင်ဂျိုကဟူ၍ သင်္ကေတလုပ်ပြခြင်းပင် ဖြစ်သည်။ အင်ဂျင်နီယာက မသိမသာ ခေါင်းညိတ်ပြသည်။

ထက်အောင်က ကော်ဖီအိုးနှင့် မုန့်တွေကိုပြကာ "ဟိုလူတွေပါ ခေါ်ကျွေးလိုက်ပါလား " ဟု ပြော၏။

" ဟေ့လူတွေ ကော်ဖီလာသောက်လေ" ဟု လှမ်းခေါ်၏။ နတ်လူနှစ်ယောက် ဗိုက်ဆာနေသဖြင့်လာ၍ စားသောက်နေကြစဉ် ထက်အောင် စက်ခန်းအတွင်းမှာ ပျောက်သွား၏။

သင်္ဘောတည်ဆောက်စဉ်ကတည်းက ထည့်သွင်းတည်ဆောက်ထားသော စက်ခန်းအရေးပေါ် တံခါးပေါက်ကို ရှာ၏။ မီနီးအင်ဂျင်နီကြီး၏ ညာဘက် ဆယ်ပေခန့်အကွာ။

ဝက်အူရစ်ဖိအားပေး မင်းတုံးများဖြင့်တွဲနေသော



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ဘီးကို တွေ့ရလေသည်။ ထက်အောင် လက်ကိုင်ဘီးကိုလှည့်ကာ တံခါးကိုတွန်းဖွင့်ကြည့်၏။

တံခါးဖွင့်ပြီး အေးမြသော ပင်လယ်လေအတွင်းသို့ ဝင်လာသည်။ အိုကေ . . တံခါးကို အသာပြန်စေ့ထားလိုက်ပြီး စောစောက အင်ဂျင်နီယာနှင့် နတ်လှူနှစ်ယောက်ဆီ ပြန်လာကာ ဝင်ရောနေလိုက်သည်။

" ဟေ့ . . တို့လူတွေကို ဆရာဝန်ကောင်ကို ရှာကြစမ်း၊ ဒီကောင် ပျောက်သွားတာ မသင်္ကာစရာ ကောင်းနေတယ်၊ တွေ့ရင် မလွှတ်စေနဲ့ ငါ့ဆီရအောင် ခေါ်ခဲ့ "

အင်ဂျင်နီယာနှင့် စကားပြောနေသူ နှစ်ယောက်၊ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ . . . .

" ဘာတွေ ဖြစ်ကုန်ပြီလဲ အပေါ်တက်ကြည့်ဦးစို့ကွာ "

ဟုဆိုလေသည်။ သူတို့နှစ်ယောက် ထက်အောင်ကို ကျောပေးလိုက်ချိန်မှာ . . .

ထက်အောင် ဝုန်းကနဲထ၍ လှုပ်ရှားလေသည်။ တစ်ယောက်ကိုခုန်၍ ကျောကုန်းကို ကန်ပစ်လိုက်၏။ နောက်တစ်ယောက်ကိုတော့ နောက်ဘက်မှ ဖက်၍လှဲချကာ နဘေးကို





ဖိနပ်ချွန်ဖြင့် ပြင်းထန်စွာကန်လိုက်၏။

'အွတ်' ကနဲ မြည်ကာလိမ့်ထွက်သွားစဉ် ကျောကုန်းကို အကန်ခံရသူသည် မောင်းပြန်သေနတ် မောင်းကိုဆွဲတင်လေ၏။ ဒါပေမယ့် သူ့ထက်ပိုလျှင်သော ထက်အောင်ခုန်၍ ဝင်လာကာ မေးဖျားကို ကန်လိုက်ရာ ချာကနဲလည်ထွက်သွားသည်။

ထက်အောင် ရပ်မနေ မောင်းပြန်သေနတ်ကိုင်လက်ကို လက်ဝါးစောင်းဖြင့် ခုန်ချလိုက်ပြန်သည်။ ဖျောက်ကနဲ လက်ဖျံရိုးကျိုးသွားသံကို အားလုံးကြားလိုက်ရ၏။ အီးကနဲ အော်နေရသည်။ သေနတ်သည်လည်း ဒုန်းကနဲ လွတ်ကျသွား၏။

ရန်သူ့လက်တွင်းမှ မောင်းပြန်သေနတ်သည် ထက်အောင်လက်တွင်း ရောက်သွားပြီ။ ကြမ်းပေါ်မှာလဲ၍ အသက်ကို ကြိုးစားရှူနေရသော နောက်တစ်ယောက်ဆီက သေနတ်ကို မီးအင်ဂျင်စက်မောင်းက ဆွဲလုကာ ယူထားလိုက်သည်။

" ကြိုး ကောင်းကောင်းရှာပြီး တုတ်ထားလိုက်ဗျာ "

ဟု ထက်အောင်က အင်ဂျင်နီယာအား ပြော၏။

လက်သန်းလုံးခန့် နိုင်လွန်ကြိုးတစ်ချောင်း ယူလာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လှဆိုးနှစ်ယောက်ကို ကျောချင်းကပ်ထိုင်စေပြီး အထပ်ထပ်တုတ်ထားလိုက်သည်။

အင်ဂျင်နီယာက ထက်အောင်အား မေး၏။

" ခင်ဗျားက ဆရာဝန်ဆိုတာလား "

" ဆရာဝန်ယောင် ဆောင်လာတာ၊ ကျုပ် အေးဂျင့် ထက်အောင် "

" ဒါကြောင့်လဲ ဒီလောက်တော်တာပဲဗျာ၊ ဒီကောင်နှစ်ကောင်ကို ထိန်းချုပ်လိုက်ပုံဟာ အရမ်းကြည့်လို့ကောင်းတာပဲ . . ဒါထက် သင်္ဘောပေါ် ရောက်လာတာ ကိုထက်အောင် တစ်ယောက်ထဲလား "

" နောက် ဆယ့်နှစ်ယောက် အင်မာဂျင်တံခါးက တက်လာကြလိမ့်မယ် "

" ဟင် . . ဟုတ်လား "

" ကျွန်တော် ပြန်တက်မယ် . . ဒီနှစ်ကောင်ကို အသေအချာကြည့်ထားဗျာ ဟုတ်လား "

" စိတ်ချ "

" သေနတ်တစ်လက်လဲ ယူထား ပစ်တတ်လား "





အင်ဂျင်နီယာက သူ့လက်ထောက် အင်ဂျင်မောင်းသူအား လက်ညှိုးထိုးပြကာ . . .

" သူက နေဗီကထွက်တာ ကောင်းကောင်းပစ်တတ်ပါတယ် "

" ကောင်းတယ် . . ကြည့်လုပ်ဗျာ ကျွန်တော့်လူတွေ တက်လာရင်လဲ ကူညီဦး၊ ပြီး ကျွန်တော့်ဆီက အမိန့်ရမှ လှုပ်ရှားမယ်လို့ပြောပေး "

" ကောင်းပြီ ကိုထက်အောင် "

" စက်ခန်းကို အာရ်တီနဲ့ ပြောလို့ရတယ် မဟုတ်လား "

" ရတယ် . . ဆက်သွယ်ရေးခန်းထဲက ခလုတ်နှိပ်ပြောရုံပဲ "

" အိုကေ . . ကျွန်တော်တတ်မယ် "

ထက်အောင် ပေ့ါပါးစွာပြန်၍ ထွက်သွား၏။ သေနတ်ကို ပခုံးမှာလွယ်၍ ယူသွားသည်။

အင်ဂျင်နီယာ ဖြစ်သူသည် ထက်အောင်၏ လှုပ်ရှားမှုများကို မျက်စိထဲက မထွက်နိုင်အောင် သဘောကျကျန်ရစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)



www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်တံခါးပေါက် ပွင့်လာသည်ကို ရေငုပ်အဖွဲ့ကလူတစ်ယောက် မြင်သွားသည်။

နာရီဝက်ခန့်စောင့်ကြည့်နေပြီးမှ လေစုတ်ခွက်ပါသော သံကွင်းတွေ သင်္ဘောရောသံပြားထူကြီးမှာ တစ်ဆင့်ပြီးတစ်ဆင့် တွယ်ကပ်ပြီး အရေးပေါ်တံခါးပေါက်ဆီ တက်လာသည်။

ဆယ်မိနစ်ခန့်ကြာလျှင် ကိုရယ်လ်ကွင်း သင်္ဘောကြီး၏ အင်ဂျင်ခန်းအတွင်းမှာ အထူးကွန်မန်ဒိုဆယ့်နှစ်ယောက် တိုက်ပွဲဝင်လက်နက်တွေ အသင့်ကိုင်ဆောင်ကာ ရောက်နေလေပြီ။





နတ်၏အဖွဲ့သားတွေက လူခြောက်ဆယ်ကျော်ရှိသည်။ သင်္ဘော၏အချက်အချာကျသော နေရာတွေမှာဖြန့်၍ နေရာယူထားကြသည်။

စောစောဝမ်းလျော မိုက်အောင့်ကာ ခွေနေသောနတ် ပြန်၍ ကျန်းမာလာကာ နေရာအနှံ့ လျှောက်သွားနေလေသည်။ ယခု နတ် ဟောခန်းကြီးထဲ ဝင်လာ၏။ ညဉ့်နက်နေပြီမို့ ခရီးသည်တွေမှာ လှဲလျောင်းကာ အိပ်သူက အိပ်နေကြသည်။

နတ်လူမမာတွေအား ပြုစုပေးနေသော ခင်ညိုအေးနား ကပ်လာကာ . . .

“ဒီမှာ နပ်စ် မင်းရဲ့ ဆရာဝန်အစုတ် ဘယ်မှာလဲ” ဟု ရိုင်းပြစွာပေး၏။

ခင်ညိုအေး ကြောက်ရွံ့ဟန် တမင်ဆောင်ပြီး . . .

“ ကျွန် . . ကျွန်မ . . မသိဘူး ” ဟု ဖြေလေသည်။

“ ကောင်းပြီဟေ့ . . သူကိုခေါ်ခဲ့ ”

နတ် ခင်ညိုအေးကို ဖမ်းဆီးသွားလေပြီ။

ရီဘတ်ကာရှိနေသော ရေဒီယိုဆက်သွယ်ရေးခန်းထဲ ခေါ်သွားကာ စပီကာတွေဖွင့်ပြီး ထက်အောင်ကို ခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒေါက်တာ ခင်ဗျားရဲ့ နပ်စ်မလေးကို ကျုပ် ဖမ်းထားပြီ၊ သူ့အသက်ကို မသေစေချင်ရင် ခင်ဗျား ပုန်းနေရာကနေ အမြန်ထွက်လာခဲ့ပါ "

ထက်အောင် ထိုကြေညာသံကိုကြား၏။ ခင်ညိုအေး အတွက် စိတ်ပူ၍သွားသည်။ စားပွဲထိုးများ အခန်းသို့ သူဝင်လိုက်၏။

" ဟာ . . ဆရာ "

" ဆရာ ဘာတွေဖြစ်ကုန်ပြီလဲ ဆရာနပ်စ်မလေးကို ဖမ်းထားတယ် "

" ဟုတ်တယ် . . ကျုပ်တို့ ပြန်ချနေပြီ "

' ဟင် " စားပွဲထိုးများ၊ သဘော်သားများအားလုံး အံ့ဩနေကြသည်။ ထက်အောင်လွယ်ထားသော သေနတ်ကိုဖြုတ်၍ ပေးလိုက်ပြီး။

" ရော့ . . ဒီသေနတ်ယူထား . . သဘော်ပေါ်မှာ တိုက်ပွဲဖြစ်ရင် ခရီးသည်တွေကို မထိခိုက်ရအောင် ကာကွယ်ပေးဟုတ်လား "

" ကောင်းပြီ ဆရာ "





" ဆရာ . . အခု ဘာလုပ်မှာလဲ "

" ကျွန်တော် သွားအဖမ်းခံလိုက်မယ်၊ ဒီလိုမှ မလုပ်ရင် သူတို့က ခင်ညိုအေးကို နှိပ်စက်ကျမှာ "

သဘော်သားများမှာ မျက်နှာတွေ တင်းမာလျက်။

" ကောင်းပြီ ဆရာ၊ ကျွန်တော်တို့လဲ ကျွန်တော်တို့ နည်းနဲ့ ကျွန်တော်တို့ ပြန်ချမယ်၊ ကိုင်း . . ဆရာသွား "

ထက်အောင်ဟောခန်းထဲ ဝင်လာ၏။ လူနာတွေနားမှာ အိမွန်ပြုစုနေသည်။

" ဟော ကိုထက်အောင်၊ ခင်ညိုအေးကို ဖမ်းထားကြပြီ ဘယ်လိုလုပ်မလဲဟင် "

" လူချင်းလဲရမယ် အိမွန် ကိုသွားအဖမ်းခံလိုက်မယ် "

" ဖြစ်ပါ့မလား . . သူတို့က ကိုထက်အောင်ကို နှိပ်စက်နေရင်ဘယ်လို လုပ်မလဲ "

" မတတ်နိုင်ဘူး အိမွန်၊ အိမွန်နဲ့ ရီဘတ်ကာကိုယ့်ကို လာဆက်သွယ်ပါ၊ ကိုယ့်မှာ အစီအစဉ်တွေရှိတယ် "

" ကောင်းပြီ စိတ်ချ . . အိမွန် လုပ်ရပါ့တယ် "

အိမွန် သတ္တိရှိစွာ ကတိပေးနေစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ဒေါက်တာပုန်းနေရာက ထွက်လာပြီလား . . ကဲ ကြွ . . ကြွ . . ဆရာနတ်ဆီ သွားရအောင်"

မောင်းပြန်သေနတ်ကိုင် လူဆိုးနှစ်ယောက် ထက်အောင်ကိုလာခေါ်သွားလေပြီ။

မာလိန်စင်ပေါ် ရောက်ခဲ့ရပြန်၏။ ဆရာနတ်သည် ထက်အောင်ကို တွေ့လျှင် မျက်လုံးကြီးပြူးကာ . . .

"ဒေါက်တာ ခင်ဗျား ကျုပ်တို့ကို သက်သက်အလုပ်ရှုပ်အောင်လုပ်တယ်၊ ဘာကောင်းသလဲ . . ဘာလဲ ခင်ဗျားက စပိုင်လား ပြော"

ပစ္စတိုကြီး တရမ်းရမ်းဖြင့် အော်ဟစ်ခြိမ်းခြောက်လေသည်။ ပြီးတော့ သူ့လူတွေကို အမိန့်ပေးပြန်၏။

"သူ့ကိုယ်မှာ ရှာစမ်း" တဲ့။

ဆရာနတ်လူတွေက နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေကြ၏။ ဘာမျှမတွေ့။

"ခင်ဗျား ဆရာဝန်အစစ်ပဲလား . ."

နတ်ပစ္စတိုကြီးကို မောင်းတင်ကာ ထက်အောင်၏နဖူးတည့်တည့်မှာ ချိန်ပြီးမေးသည်။ နည်းနည်းကလေး လှုပ်ရှား





လိုက်လျှင်သော်လည်းကောင်း၊ မတော်တဆသော်လည်းကောင်း ကျည်ဆံအချိန်မရွေး ထွက်ကာ ထက်အောင်ဘဝဆုံးနိုင်၏။

ဒါပေမယ့် ထက်အောင် မလှုပ်မရှား အိန္ဒြေမပျက်ရပ်နေဆဲ။ တည်ငြိမ်စွာ ပြန်၍ ဖြေသည်။

"ကျုပ် . . ခင်ဗျားကိုတောင် ဆေးကုသပေးခဲ့ပြီပဲ၊ ဘာမေးစရာလိုလဲ"

"စောစောက ခင်ဗျား ဘယ်မှာသွားနေသလဲ"

"ထောင့်တစ်ထောင့်မှာ မှေးကနဲ ပျော်သွားတယ်၊ ကျုပ်က အိပ်ပျက်မခံနိုင်ဘူး"

"ကောင်းပြီ . . တစ်ဝကြီးအိပ်ရစေမယ်ပေါ့ . . စက္ကင်းအောဖစ်ဆာရဲ့အခန်းထဲ ထည့်ပြီး အပြင်က သော့ခတ်ပိတ်ထားလိုက်ကွာ၊ ကိစ္စရှိမှ ခေါ်ထုတ်မယ်"

ထက်အောင်ကို ဒုတိယကုန်းပတ်အရာရှိ ကိုယ်ပိုင်အိပ်ခန်းကလေးထဲ ဆွဲသွင်းကာ သော့ပိတ်လှောင်ထားလိုက်၏။

လူနာတစ်ယောက် ချောင်းအဆက်မပြတ် ဆိုးကာ အမောဖောက်နေသည်ဆိုသဖြင့် လာခေါ်သော အိမ့်မွန်နှင့်အတူ ဖမ်းထားသော ခင်ညိုအေးကို ပြန်လွှတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အခြေအနေကို သိချင်သဖြင့် အိမ်မှန် တမင်တက်လာခြင်းသာ ဖြစ်သည်။ ထက်အောင်ကို ဒုတိယ အရာ ရှိအခန်းတွင်းမှာ ပိတ်လှောင်ထားတာ သူမကောင်း ကောင်း သိသွားသည်။

ထိုအချိန်တွင် နတ်သည် သဘော်ာပဲ့ပိုင်းမှ စက်သေနတ် ဆင်ထားသော စင်ကလေးပေါ်တက်သွား၏။

ကွန်ပျူတာအီလက်ထရောနစ် ပစ္စည်းများဖြင့် ဆင်ထားသော ပစ္စည်းကြီးတစ်ခုကို လာစစ်ဆေးခြင်းဖြစ်သည်။

ထိုပစ္စည်းကို စောင့်နေသူအား နတ်ကမေးသည်။

"အားလုံး အိုကေလား"

"အိုကေပါတယ် . . ဆရာနတ်"

"ဒါကြီး ပေါက်ကွဲရင် ဘာဖြစ်သွားမလဲ"

"ဒီသဘော်ာပဲ့ပိုင်းတစ်ခုလုံး ရေထဲပြုတ်ကျသွားမယ်၊ သဘော်ာလဲ နစ်မှာပဲ"

"ဟောခန်းထဲက ခရီးသည်တွေဆီ ပေါက်ကွဲမှု ရောက်နိုင်သလား"

"မရောက်နိုင်ဘူး"





"ကောင်းတယ် . . ငါကလဲ လူ့အသက်တွေအများကြီး သေစေချင်ပါဘူး။ အဲ သဘော်ာနစ်လို့ ဒုက္ခရောက်ကုန်တာ တော့ မတတ်နိုင်ဘူးပေါ့ကွာ"

ဆရာနတ် ပြုံးပြုံးကြီး ပြောလိုက်လေသည်။ ရက်စက်အရာမှာ ကမ်းကုန်သော ငရဲမင်းကြီး၏ လူသတ်အပြုံးပင် ဖြစ်သည်။

. . . . . . . . . . . . . . . . . . . . . . . . . .

ကိုရယ်လ်ကွင်းလို ဧရာမအပျော်စီးသဘော်ာကြီးကို လူဆိုးတစ်စုက ဖမ်းဆီးထားခြင်းမှာ ထူးခြားသော ကိစ္စတစ်ခု ဖြစ်နေပေရာ နိုင်ငံတကာအဖွဲ့အစည်းတွေအားလုံးက စိတ်ဝင် စားကြသည်။

တာဝန်ရှိသော အဖွဲ့အစည်းတွေအားလုံးက ဝိုင်ကျီအုပ်စု နှင့် ဆက်သွယ်ကာ ပါဝင်ကူညီရန် ကမ်းလှမ်းလာကြသည်။

ဟောင်ကောင်အခြေစိုက်၊ အေရှပိုလ်အဖွဲ့ကဆိုလျှင် အရေးပေါ် အခြေအနေတစ်ရပ်အဖြစ် အထူးအာရုံစူးစိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကူညီနေသည်။

ကိုရယ်လ်ကွင်းသင်္ဘောကြီး ရှိနေသောနေရာမှာ ပင်လယ်ပြင် ရေနက်ပိုင်း ကမ်းရိုးတန်းနှင့် မလှမ်းမကမ်းကွာဝေးသောနေရာ ဖြစ်နေ၏။

ဟောင်ကောင်အရှေ့ပိုလ်က သတင်းထုတ်ပြန်ထားသည်ဖြစ်၍ နိုင်ငံတကာရေကြောင်းလမ်းမှာ သွားလာနေသော သင်္ဘောများအားလုံး ကိုရယ်လ်ကွင်းကိစ္စကို သိသွားကြပြီ။

အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းသည် လွန်စွာခတ်မိတိုးတတ်၍နေသေးရာ ည (သုညတစ်သုညသုည) နာရီတိတိတွင် အရေးကြီးလှသော သတင်းပို့ချက်တစ်ခုဝင်၍ လာ၏။

ပို့ပေးသည့် ဌာနက စက်မှုနိုင်ငံကြီးတစ်နိုင်ငံမှ ဂြိုဟ်တုထောက်လှမ်းရေးဌာနတစ်ခုဖြစ်သည်။

ထိုဌာနက လွှတ်တင်ထားသော ကမ္ဘာပတ်နေသည့် ဂြိုလ်တုတစ်လုံးမှ ညကြည့်ကိရိယာ တပ်ဆင်ထားသည့် ကင်မရာဖြင့်ရိုက်ယူသော ဗွီဒီယိုပုံရိပ်များအရ ကိုရယ်လ်ကွင်း ကိုရယ်လ်ကွင်းသင်္ဘောကြီးပေါ်တွင် အလွန်အင်အားပြင်းထန်





သော ထိန်းချုပ်ဖောက်ခွဲနိုင်သည့် ဗုံးကြီးတစ်လုံးတွေ့ရသည် ဆို၏။

ထိုဗုံးကြီးမှာ မည်မျှအင်အားပြင်းထန် သနည်းဆိုလျှင် ကိုရယ်လ်ကွင်း၏ သင်္ဘောကြီးကိုပင် ထက်ပိုင်းပြတ်ကာ စုန်းစုန်းမြုပ်သွားစေနိုင်သည် ဆို၏။

ဤသတင်းကို ကြားလျှင် ဝိုင်ဂျီပေါ်က ဆရာဒွေးတို့ မျက်လုံးပြူးသွားကြရပြီ။

ဆရာနတ်တို့အုပ်စုမှာ ရရာဒိုင်းနမိုင်းတွေဖြင့် စုစည်းမှုပြုလုပ်ထားသော လက်လုပ်သာမာန် ဗုံးတစ်လုံးလောက်သာ ရှိလိမ့်မည်ဟု ယုံကြည်ထားခဲ့ရာ၊ ယခု ရောမအီလက်ထရောနစ်ထိန်းချုပ်ဗုံးကြီး ရှိသည်ဆိုသဖြင့် မျက်လုံးပြူးကြရပြီ။

သင်္ဘောပေါ်ရောက်နေသော ထက်အောင်တို့အစု ဤကိစ္စကို လုံးဝမသိသေး။ နှလုံးထိန်းကိရိယာအဖြစ် ဟန်ဆောင်ထားသော တွက်ဓိစာတန်း ဆက်သွယ်ရေးစက်ကလေးဖြင့် အကြောင်းကြားကြရလေသည်။

ထိုအချိန်မှာ ခင်ညိုအေးနှင့် အိမွန်သာ ဆက်သွယ်ရေးစက်ကလေးထည့်ထားရာ ဆေးသေတ္တာနားမှာရှိ၏။ စက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးက မီးပွင့်ကလေးဖြင့် အချက်ပြပြီးနောက် စာတန်းကလေးပေါ်၍လာသည်။

"ဆူပါဖိုးအွန်ဘုတ်" တဲ့။

သဘောပေါ်မှာ ရောမဖိုးကြီးတစ်လုံး ရှိနေကြောင်း သင်္ကေတပေးခြင်းပင်။

"ဖိုင်း . . အင် . . စ်ထရိုက် အစ် . ."

ရှာဖွေဖျက်ဆီးပစ်ပါ . . ဟု ထပ်ဆင့်ညွှန်ကြားသည်။

အိမ္ဗန် ခင်ညိုအေးကိုကြည့်ကာ စိတ်တုန်လှုပ်ချောက်ချားမှုကို ထိန်းပြီး ခပ်တိုးတိုးပြော၏။

"ဆူပါဖိုးဆိုတာ ဘယ်လို ဖိုးလဲ ညို"

"အင်အားသိပ်ပြင်းထန်တယ်၊ အီလက်ထရောနစ်ပစ္စည်းတွေ၊ ကွန်ပျူတာရီမုစတဲ့ အဆင့်မြင့်ပစ္စည်းတွေနဲ့ ထိန်းချုပ်ထားတတ်တယ် . . ဒီသင်္ဘောကြီးပေါ်မှာသာ ပေါက်ရင် တစ်စုံးလုံးပျက်စီး နစ်မြုပ်သွားမှာ"

"ဟင် . . ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ကိုထက်အောင်ကို ကယ်တင်ကြမယ်၊ ပြီးရင် ဗိုင်းကြိုကြိုတာပေါ့ အိမ္ဗန် ဒီမှာ နေခဲ့ကိုယ် အပေါ်တတ်မယ်"





"ဟင့်အင်း . . အိမ္ဗန်လိုက်မယ်"

"အန္တရာယ်များတယ်၊ ယောကျ်ားကြီးတွေနဲ့ တိုက်ခိုက်မှာ အိမ္ဗန်ရဲ့"

အိမ္ဗန် မဲ့ပြုံးကလေး ပြုံးလိုက်၏။

"လက်နက်မဲ့အသံတိတ် တိုက်ခိုက်ကြေးဆိုရင် အိမ္ဗန် ဘယ်ယောကျ်ားကိုမှ မကြောက်ဘူး။ ရော့ ညို . . အိမ္ဗန် လက်ကို ချုပ်ကြည့်စမ်းပါ"

အိမ္ဗန်လက်သီးကလေးဆုပ်ကာ ညာလက်ကိုထိုးပေးသည်။

ခင်ညိုအေးလက်နှစ်ဘက်ဖြင့် မိမိရရဖမ်းချုပ်လိုက်၏။

ဒါပေမယ့် . . .

"ဖက်"

အိမ္ဗန်ဘယ်လို လုပ်လိုက်သည်မသိပါ။ မျက်လှည့်ပြလိုက်သလို ချုပ်ထားသောလက်က လွတ်သွားသည်။ ခင်ညိုအေးမျက်လုံးကလေး ဝိုင်းသွားကာ "ဟာ အိမ္ဗန်က ဖိုက်တာပဲ" ဟု အံ့ဩဟန်ဖြင့် ဆိုလေသည်။

"ဟုတ်တယ် . . အိမ္ဗန် ကျိုတိုမြို့ဟောင်းက ကိုဒ့်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဗိုင်းအက်အာဖ်ဒီဖင့်စ်က အမြင့်ဆုံးဒီပလိုမာ လက်မှတ်ရလာတာ"

"ဟယ်"

"ဂျူဒို၊ ကာရတေး တိုက်ကွမ်တို၊ ဂျူဂျစ်ဆူ၊ ကွန်ဖုံး၊ တိုက်ချီကျွမ်စတဲ့ ပညာရပ်တွေကို သုတေသနစာတမ်းတွေ ရေးနိုင်တဲ့အဆင့်အထိ လေ့လာသင်ယူခဲ့တယ်၊ ကြွားတာမဟုတ်ဘူးနော် ညီသိအောင် ပြောပြတာ"

"သိပါပြီ . . သိပါပြီ . . ဒီလောင်ဆိုရင် ရိပ်မိလိုက်ပြီ အဲ . . လာ တက်စို့"

"ခဏလေးညီ အိမ္မန်တို့ ရီဘတ်ကာဆီ အရင်သွားရအောင်"

"ဟင် . . ရီဘတ်ကာဆီ သွားမယ်ဟုတ်လား"

"ဟုတ်တယ် . . ရီဘတ်ကာလဲ ဖိုက်တာတစ်ယောက်ပဲလေ၊ သူကတော့ မပြောဘူး။ ဒါပေမယ့် အိမ္မန်သိနေတယ်"

"သြော် . . မြွေမြွေချင်းတော့ ခြေကိုမြင်ပေါ့ ရီဘတ်ကာဟာ နတ်တို့ဘက်ကတော့ မဟုတ်ဘူးနော် အိမ္မန်"

"လုံးဝမဟုတ်ဘူး . . ဒါလဲ အိမ္မန် ကျိန်းသေပြောရဲ





ပါတယ်"

"ကောင်းပြီ . . ကဲ လာ သွားစို့"

"ညီ နောက်ကလိုက်၊ တို့ ရှေ့ကသွားမယ်"

"ကောင်းပါပြီတဲ့ ကာရတေးမမရယ်"

ခင်ညိုအေးပြုံး၍ နောက်ကလိုက်သွား၏။ အိမ္မန်၏ သာမာန်မိန်းမချောကလေး တစ်ယောက်ဟန်များမှာ လုံးဝ ပျောက်ကွယ်သွား၏။ ခြေကိုဖွ၍ နင်းကာ ကြောင်ရိုင်းတစ်ကောင်လို မျက်ကွယ် ကျည်ကွယ်နေရာတွေအား အကာအကွယ်ယူကာ လျှောက်လှမ်းသွား၏။

ရှေ့လက်တစ်ကမ်း မျက်စိတစ်ဆုံးတွင် လှုပ်ရှားမှုမရှိ အန္တရာယ်ကင်းပြီးဆိုမှ နောက်က ခင်ညိုအေးကို လှမ်းခေါ်သည်။ အိမ္မန်နှင့် ခင်ညိုအေးတို့ နှစ်ယောက် ဟောလ်ခန်းမအတွင်းမှ တိတ်တဆိတ် ထွက်သွားသည်ကို အိပ်ငိုက်ချင်ယောင်ဆောင်ကာ စောင့်ကြည့်နေသူ တစ်ဦးရှိ၏။

ဂျူလီဝေါင်း . . .။

သူမသည်လည်း သူမ၏တီးဝိုင်းအဖွဲ့သားများနှင့်အတူ ဟောခန်းမအတွင်း ဖမ်းဆီးထားခြင်း ခံရသူဖြစ်သည်။ ယခု

www.burmeseclassic.com

www.burmeseclassic.com



အိမ့္ဝန်နှင့် ခင်ညိုအေး ထွက်သွားသည်ကို မြင်လျှင် ဂျူလီဝေါင်း နေရာကထ၏။

ကိုယ်လက်သန့်စင်သော အခန်းကိုသွားသလိုလိုနှင့် အမှောင်ရိပ်တစ်ခုမှာ ဂျူလီဝေါင်း ရိပ်ခနဲ ပျောက်သွားသည်။ ဂျူလီဝေါင်း ဆွဲခိုတက်သွားသောတန်းမှာ လက်ခုပ်တစ်ဖောင် မကမြင့်၍ လက်သုံးလုံးမျှကျယ်သည်။ ထိုတန်းပေါ်မှာ ဂျူလီဝေါင်း အတိမ်းအစောင်းမရှိ ရိပ်ကနဲ ဖြတ်ပြေးသွားခြင်း ပင်ဖြစ်၏။





## အခန်း(၁၂)



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါ်ကျော်စ ညအလယ်။

မီးတွေ ထိန်ထိန်လင်း၍ နေသော်လည်း ကိုရယ်လ်ကွင်းခေါ် သင်္ဘာဘုရင်မ သင်္ဘောကြီးပေါ်မှာ လူသူအရိပ်အရောင်လုံးဝမတွေ့ရ။

ကျောက်ကြိုးတဆုံးချကာ ရပ်၍နေသော သင်္ဘောကြီးသည် လှိုင်းတွေပေါ်မှာ အိအိကလေး လှုပ်ရှားနေသည်။ သင်္ဘောကြီး၏ ဒုတိယကုန်းပတ်ပေါ်မှာ တည်ဆောက်ထားသည့် ပေနှစ်ရာလေးဆယ်ကျော်သော ခန်းမကြီးထဲမှာ ဖမ်းဆီး





ထားခြင်းခံရသည့် ဒုက္ခသည် ခရီးသည်များ၏ ကံကြမ္မာမှာကား ဘယ်လိုမှ ခန့်မှန်းမရသေးပေ။

သင်္ဘောကြီးကို အပိုင်စီးထားသော အလွန်လက်ရဲဇက်ရဲနိုင်သည့် လူဆိုးအုပ်စုခေါင်းဆောင် ဖန်ဆရာနတ်သည် ဆူပါဗုံးဟု သတ်မှတ်ရမည့် အလွန်ကြောက်စရာကောင်းသော ဗုံးကြီးတစ်လုံးရှိနေသည်။

ဖန်ဆရာနတ်ကိုယ်တိုင်ကလည်း သင်္ဘောကြီးကို ဖောက်ခွဲဖို့ ဆုံးဖြတ်ချက်ချထားပြီး ဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်း အသီးသီး၏ ဝိုင်းဝန်းပူးပေါင်းကူညီမှုနှင့် သင်္ဘောကြီးကို ကယ်တင်ဖို့ အနီးကပ်စောင့်ကြည့်ကြိုးစားနေသော ဝိုင်ဂျီသင်္ဘောအုပ်စုနှင့် မစ္စတာဒီဟုအမည်ပေးထားသော ဆရာဒွေးတို့အဖွဲ့မှာ အကြံရခက်၍နေဆဲ။

ဆရာဒွေး ရေဒီယိုဖြင့် ကိုရယ်လ်ကွင်းပေါ်က ရီဘတ်ကာလန်းစီထံ ဆက်သွယ်ကြည့်သည်။

" ဟဲလို ရီဘတ်ကာ . . ဟဲလို ရီဘတ်ကာ . . တစ်စ် အစ် ဝိုင်ဂျီ . . ကောလင်း ယူ ဝိုင်ဂျီ တူ ရီဘတ်ကာ "

ဝိုင်ဂျီမှ ရီဘတ်ကာသို့ခေါ်ကြောင်း အထပ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားနေမိ၏။

ဆရာဒွေး အသံဆုံးသည်နှင့် ရီဘတ်ကာ၏အသံ ဝင်လာသည်။

" သစ်အစ် ရီဘတ်ကာလန်းစီ . . ကျွန်မ ရီဘတ်ကာပါ ပြောပါ ဝိုင်ကျီ "

" မင်းတို့ဘက်က အခြေအနေ ဘယ်လိုလဲ ရီဘတ်ကာ"

" ခရီးသည်တွေကို ဟောလ်ခန်းထဲမှာ ပိတ်ဆို့ထားတုန်းပဲရှင့် . . လူမမာတွေကတော့ ဒေါက်တာထက်အောင်နဲ့ ခင်ညိုအေးတို့ ပြုစုကုသမှုကြောင့် စိုးရိမ်ရတဲ့ အခြေအနေမရှိတော့ပါဘူး "

" ပရိုက်ဗိတ်စီ တစ်ခုရှိတယ် . . ရီဘတ်ကာ ဝိုင်ကျီ ခေါင်းဆောင်ရဲ့ ရီကွက်စ်ပါ "

ဆရာဒွေးက ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု မေတ္တာရပ်ခံကြောင်း ရီဘတ်ကာအား ပြော၏။

" ရီဘတ်ကာဟာ ရှင်တို့ဘက်ကပါ . . ပြောပါ ဝိုင်ကျီ"

" ဒေါက်တာထက်အောင်ဆီ သတင်းတစ်ခု ပေးချင်တယ်၊ လျှို့ဝှက်ကိစ္စပဲ . . လက်ဆင့်ကမ်းအကြောင်းကြားပေးပါ၊





သတင်းက တိုတိုပါပဲ . . အဲဒီသင်္ဘောကြီးပေါ်မှာ ဆူပါဗုံးခေါ်တဲ့ အီလက်ထရောနစ်ဗုံးကြီးရှိကြောင်း ဂြိုလ်တုဓါတ်ပုံအရ သိရတယ်လို့ ကြိုတင်ဖျက်ဆီးထားပါလို့ "

" ဟင် . . ဝိုင်ကျီခေါင်းဆောင်၊ ကျွန်မ အခွင့်အရေးရရင် ပြောပေးပါ့မယ်၊ ဒါပေမယ့် ဒေါက်တာထက်အောင်ရဲ့ အခြေအနေက မကောင်းလှဘူးရှင့် "

" ဟင် . . ဘယ်လို ဖြစ်တာလဲ ရီဘတ်ကာ "

" ဆရာနတ်က သူ့ကိုမသက်ာဘူးဆိုပြီး ဒုတိယအရာရှိရဲ့အခန်းထဲမှာ ပိတ်လှောင်ထားတယ် "

" ဟင် "

" ကျွန်မ ကြိုးစားကြည့်ပါ့မယ် ဝိုင်ကျီ "

" ကောင်းပြီ . . ဆက်လုပ်ပါ ရီဘတ်ကာ ပူးပေါင်းဆောင်ရွက်မှုအတွက် အထူးကျေးဇူးတင်ပါတယ်၊ ဒါပဲ ရီဘတ်ကာ ဒါပဲ . ."

ဆရာဒွေး စက်ကိုပတ်ကာ ငြိမ်၍ စဉ်းစားနေ၏။

ထက်အောင်ကို ဆရာနတ်က ဖမ်းထားပြီ။ အထူးတပ်ဖွဲ့ရေငုပ်ကွန်မန်ဒို ဆယ့်နှစ်ယောက် ဘယ်ရောက်နေသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



နပ်စ်အဖြစ် သရုပ်ဆောင်နေသော ခင်ညိုအေး အခြေ အနေလည်း မသိရ။ အကယ်၍ သဘော်ကြီးသာ တစ်ခုခုဖြစ် သွားလျှင် သူ၏ အစီအစဉ်ညံ့ဖျင်းမှုကြောင်းပဲ ဖြစ်မည်။

ဤသို့ တာဝန်ကြီးမျိုးနှင့် သူနှင့်မှ ထိုက်တန်ပဟုတွေး ကာ ထိုသို့ဖြစ်လာသည်နှင့် မိမိကိုယ် မိမိဒဏ်ခတ်ကာ ထွက်စာ တင်ဖို့ဆုံးဖြတ်လိုက်၏။

သို့သော် ဆရာဒွေးမထင်မှတ်သည့် အိမ္ဗနံဆိုသော မိန်းကလေး သင်္ဘောပေါ်မှာ ပါလာခြင်းသည် ဆရာဒွေးတို့ ဘက်က အသာရသွားသည့် အချက်ကလေးတစ်ရပ် ဖြစ်နေ၏။

အသေးအဖွဲ့ဟု ယူဆရမလိုရှိသော ဤအချက်သည် ရပ်တန့်နေသော အစီအစဉ်တစ်ခုလုံးကို ပြန်လည်ချောမွေ့ သွားအောင် အထောက်အကူပြုမည့် အချက်ပင်။

အိမ္ဗနံသည် လက်နက်ကိုင်အစောင့်တွေကြားက ဖြတ် ကာ ခင်ညိုအေးကို မာလိန်စင်နားအထိ ခေါ်သွား၏။ မာလိန်စင် နားမှာ ရီဘက်ကာလန်းစီရှိနေသော ရေဒီယို ဆက်သွယ်ရေး အခန်းရှိသည်။ ထို့အတူ ထက်အောင်အား ပိတ်လှောင်ထား သော ဒုတိယကုန်းပတ်အရာရှိ၏ အခန်းလည်းရှိသည်။





သို့သော် စကြံလမ်းကလေးအတွင်းမှာ မောင်းပြန် သေနတ်မကိုင်ပဲ ဓားမြှောင်တစ်လက်ခါးထိုး၍ စောင့်နေသော တစ်ယောက်ရှိ၏။ သူ့ကို ချူပှာဝမ်ဟု ခေါ်သည်။ ချူပှာဝမ် သည် ကြေးစားလက်ဝှေ့သမား ဖြစ်သည်။ ကွန်ဖူး ကစ်ဘောက် ဆာသမားလည်း ဖြစ်၏။

လက်ဝှေ့ကြိုးဝိုင်းပေါ်မှာ ပြိုင်ဘက်နှစ်ယောက် သေဆုံး သွားရသည်အထိ ထိုးသတ်ခဲ့ပြီးနောက် ချူပှာဝမ်အား ယှဉ်ပြိုင် ရဲသူ အာရှတိုက်သားထဲက မပေါ်တော့ပါ။

ဤတွင် ချူပှာဝမ် စီးပွားရေးဆန်လာ၏။ ကြည့်ချင်ပွဲ သဘောမျိုး အကြံအဖန်ပွဲတွေ ထိုးသတ်တော့၏။

နှစ်ယောက် တစ်ယောက်ထိုးသတ်ခြင်းမျိုး၊ ပြိုင်ဘက် ကို လက်နက်ကိုင်ခိုင်းပြီး သူက ဗလာလက်သီးဖြင့် ထိုးသတ် ခြင်းမျိုး၊ ဤပွဲစဉ်တွေ သွင်းရာက ဝက်ဝံကြီးတစ်ကောင်နှင့် ယှဉ်ပြိုင်သတ်ခြင်းအထိ ပွဲမျိုးစုံ၏။

ပိုက်ဆံဆွေ အများကြီးရ၏။ သို့သော် ပွဲကန်ထရိုက်နှင့် စကားများရသည်တွင် ပွဲကန်ထရိုက်သူဌေးနှင့် တပည့်လူမိုက် တစ်ယောက်ကို ချူပှာဝမ် သိတ်ပစ်ကာ ဝရမ်းပြေးဘဝရောက်



www.burmeseclassic.com

www.burmeseclassic.com



ရတော့၏။ နောက်ဆုံး အာရှနိုင်ငံတွေမှာ ဘယ်နိုင်ငံကိုမှ မသွားရဲ ရေထဲမှာ ကျဉ်လည်နေခဲ့ရာက ဆရာနတ်နှင့်တွေ့ကာ တပည့်ခံလိုက်ရတော့၏။

ချူသည် အတော်အသတ်အပုတ် လျင်သူဖြစ်သည်။ အဖျစ်အညှစ် အရိုက်အပုတ်သာမက ခြေကန်လည်း သန်စွမ်းလှသည်။ လူတစ်ယောက်ကို မိမိရရကန်မိလျှင် နံရိုးပင် ကျိုးသွားစေနိုင်သူဖြစ်သည်။

ချူဟာဝမ် မာလိန်စင်နားက စကြိုလမ်းကလေးမှာ စောင့်နေစဉ် . .

" ဝုန်း . . ဂလုံ "

တစ်စုံတစ်ခု ပစ်ကျသံပေါ်ထွက်လာသည်။

ချူဟာဝမ်အသံ ထွက်ပေါ်ရာဆီ သတိဖြင့်လျှောက်သွားပြီး ကြည့်စဉ် စကြိုထောင့်မှလဲကျနေသော သံပိုက်လုံးတစ်လုံးကိုတွေ့၏။

ဘယ်က သံပိုက်လုံးက ပြုတ်ကျပြီး သည်နေရာရောက်နေပါလိမ့်။

ချူဟာဝမ် နောက်ဘက်တစ်နေရာမှ လေ့ခါးတစ်ခုကို





ခို၍အသံတိတ် ခုန်ဆင်းသွားသော အရိပ်သဏ္ဌာန်နှစ်ခုကို တွေ့လိုက်နိုင်ခြင်း မရှိတော့။ ထိုသဏ္ဌာန်နှစ်ခုမှာ အိမ့်မွန်နှင့် ခင်ညို့အေး။

" ဟင် . . အိမ်မွန် "

. . . . . . . . . . . . . . . . . . . . . . . . .

" လာကြပါဦး ဆရာနတ် လုပ်ပါဦး ကျွန်တော့်ကို သတ်နေပြီ "

သင်္ဘောပဲ့စင်ဘက်က အော်သံတစ်သံ ထွက်ပေါ်လာ၏။

နတ် ပြေးထွက်လာပြီး . . . .

" ရော်နီ သောင်းကျန်းနေပြီထင်တယ် . . လာဟေ့ ချူ ဝိုင်းဖမ်းပေးပါဦးကွ " ဟု ဆိုကာ ချူဟာဝမ်ကိုပါခေါ်၍ ဆင်းပြေးသွားလေသည်။

မာလိန်စင်ပေါ်မှာ တစ်ယောက်မျှ မကျန်ရစ်ပါ။

ရော်နီဟူသည်မှာ စိတ်ရောဂါသည် နတ်တပည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ပြီး တချီတချီစိတ်ဖောက်ပြန်လျှင် နီးရာလူကို သဲသဲမဲမဲ လည်ပင်းညှစ်တတ်၏။

ကျော်နီအတွက် နတ်တို့အလုပ်ရှုပ်နေကြစဉ် ရီဘတ်ကာ၊ အိမွန်၊ ခင်ညိုအေးတို့သုံးဦး ရေဒီယိုခန်းအတွင်းမှ ထွက်လာကြသည်။ ရီဘတ်ကာက မာလိုနီစင်ပေါ် တက်ကာ ထင်အောင် အါး ချုပ်လှောင်ထားသော အခန်းသော့ကိုဖြုတ်ယူ၏။

ရီဘတ်ကာလက်ထဲ သော့ရောက်လာပြီး စကြံလမ်းကလေးထဲဝင်လိုက်စဉ် . .

" ဒါက ဘာလုပ်ကြမလို့လဲ "

ဖမ်း၍တားလိုက်သော လူရိပ်နှင့်လှမ်း၍ ပြောလိုက်သံ။ သုံးယောက်စလုံး အံ့သြသွားသည်။ ခြေနှစ်ဘက်ကိုခွဲကာ ကျကျနနရှေ့က ပိတ်ရပ်ထားသူမှာ ဂျူလီဝေါင်းဖြစ်နေ၏။

အိမွန် ရှေ့ထွက်လာသည်။

" တို့လမ်းက ဖယ်ပါ ဂျူလီ "

" ဒီလို ဘယ်ရမလဲ မြန်မာမလေး၊ ဂျူလီကိုနိုင်ရင် ကျော်ဖြတ်သွားပေါ့ မနိုင်ရင်တော့ . . မင်းတို့လက်ထဲက သော့ပြန်ယူရုံပဲ "





" ဟီတ် "

မထင်မှတ်ပဲ ဂျူလီဝေါင်းက စတင်စိန်ခေါ်လာလေပြီ။

အိမွန်ထက် အရင် ရီဘတ်ကာ ဝုန်းကနဲ ခုန်ဝင်သွား၏။ လျင်လိုက်တဲ့ ဂျူလီ၊ ရီဘတ်ကာ၏ လက်သီးချက်ကို ဖက်ကနဲ ပုတ်ထုတ်ကာ ရီဘတ်ကာညာဘက်နဘေးကို ဝုန်းကနဲ ခြေခွင်ပတ်ကန်လိုက်၏။

ရီဘတ်ကာ ယိုင်သွားစဉ် ခင်ညိုအေး ဒေါသတကြီးဝင်သွားပြန်သည်။ ခင်ညိုအေး လက်သီးကို မသုံးခုန်၍ ဂျူလီမေးဖျားကို ကန်လိုက်သည်။ ထိလိုက်သည်နှင့် လဲကျသွတီလစ်သွားနိုင်လောက်အောင် ပြန်းထန်သော ကန်ချက်။

ဒါပေမယ့် ဂျူလီမေးဖျားကလေးပင့်ကာ အသာလေးတိမ်းရှောင်ပြီး၊ ခင်ညိုအေး ပေါင်တံရှည်ကြီးကို ဖမ်းချုပ်ကာ လှန်တွန်းတင်လိုက်၏။

ဝုန်းကနဲ ဖွဲ့ထွားလှသော ခင်ညိုအေး ဟန်ချက်ပျက်ကာ လဲကျသွားရပြန်၏။

အာရှ၏ကြယ်တစ်ပွင့်အဖြစ် နံမည်ကျော်နေသော ဂျူလီ၊ ရီဘတ်ကာနှင့် ခင်ညိုအေးတို့ကို အလွယ်တကူ



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ပြီးချိန်၊ အိမ့္မန် ရှေ့တက်လာသည်။

အိမ့္မန်လက်နှစ်ဘက်က လက်ချောင်းကလေးတွေ ကွေးဆန့်လှုပ်ရှားရင်း ခုန်၍ဝင်သွားကာ ဂျူလီကို ကျောပေးလိုက်သည်။ ဂျူလီ ကြောင်သွားချိန်မှာ . . . .

" ဟိတ် "

အိမ့္မန်၏ညာခြေသည် ဂျူလီဆီတန်းဝင်သွား၏။ ဂျူလီ ကမန်းကတန်း လက်ဖျံဖြင့် ထောင်ကာလိုက်ရချိန်မှာ . .

အိမ့္မန်ကြမ်းပေါ် လှဲချလိုက်ပြီး ကတ်ကြေးသဏ္ဌာန် ခြေနှစ်ဘက်ကို လိမ်ကာဂျူလီ ခြေထောက်တွေကို ကလန့်ပြီး ရိုက်ပစ်လိုက်သည်။

ဂျူလီဝုန်းကနဲ လဲကျသွားချိန်၊ လိမ့်၍ဝင်သွားကာ ကိုယ်ပေါ်ခွထိုင်ပြီး လက်ပြန်လွှဲရိုက်ပစ်လိုက်၏။ ဂျူလီမျက်လုံးတွေထဲ ဝင်းဝင်းတောက်သွားကာ လည်၍ထွက်သွားသည်။

ထိုစဉ်မှာပင် ရိဘတ်ကာနှင့် ခင်ညိုအေး ရောက်လာကာ ဂျူလီကို ဝိုင်းချုပ်ကြသည်။

အိမ့္မန်က ' ရိဘတ်ကာ သော့သွားဖွင့် 'ဟု ပြောမှ ရိဘတ်ကာ ထင်အောင်အား ချုပ်ထားသော အခန်းကိုပြေးသွား





၏။

ထက်အောင် အပြင်ထွက်လာစဉ် အိမ့္မန်လည်း ဂျူလီကို လက်ပြန်လိမ်ထားရာက ထင်အောင်ထွက်လာသော အခန်းတွင်း ဆောင့်တွန်းပစ်လိုက်သည်။

" သူက ဘာဖြစ်လို့လဲ " ဟု ထက်အောင်ကမေး၏။

" သူက ဆရာနတ်ရဲ့လူရင်း ဖြစ်နေတယ် " ဟု ခင်ညိုအေးက ပြောသည်။ ရိဘတ်ကာကလည်း ပခုံးကိုတွန့်ကာ

" ဂျူ . . သိပ်သန်တာပဲ . . သူတိုက်ခိုက်ပုံက ယောကျ်ား တစ်ယောက်ထက် ကြောက်စရာကောင်းတယ်၊ အေမွန်းသာမပါရင် ကိုယ်တို့နိုင်မှာမဟုတ်ဘူး " ဟုဆိုလေသည်။

*ထိုစဉ် လှေခါးက ပြန်တက်လာသံတွေ ကြားရသည်။ ထက်အောင်က နတ်တို့လာပြီလားဟုဆိုကာ မာလိန်စင်၏ တစ်ဘက်စွန်းကို ထွက်လာရ၏။ စကြံကလေးတစ်ခုမှ ခါးကုန်း၍ ဝပ်ကာပြေးပြီး၊ အသက်ကယ်လှေကြီးတွေ ချိတ်ဆွဲထားရာ ကြားမှဝပ်သည်။

ခင်ညိုအေးက စူပါဗုံးသတင်းကို ပေးသည်။ ရိဘတ်ကာကလည်း ဝိုင်ဂျီမှ သတင်းလှမ်းပို့ထားပုံကို ပြောပြ၏။ ထက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ငြိမ်သက်စွာ စဉ်းစားနေပြီးနောက် . . .

" ရေဒီယိုခန်းထဲကို ပြန်သွားလို့ရဦးမလား ရိဘတ်ကာ" ဟုမေးသည်။

" ရပါတယ် ဒေါက်တာ "

" ဒါဖြင့် ရေဒီယိုအခန်းထဲ ပြန်ဝင်သွားပါ၊ ပြီးတော့ နှစ်ဆယ်ငါးမိနစ်တိတိ စောင့်ပြီး၊ အင်ဂျင်ခန်းထဲကို လှမ်းပြော ပေးပါ၊ အဲဒီမှာ ကျွန်တော့်လူတွေရှိတယ် "

" ရတယ် ဒေါက်တာ ဘာပြောရမလဲသာ ပြောပါ "

" ထက်အောင်က အမိန့်ပေးတယ် . . ဖရဲသီးလို့ "

" ဘာ . . ဩော် . . စကားဝှက်ဟုတ်လား "

" ဟုတ်တယ် . . ဖရဲသီးလို့သာ ပြောပါ "

" ရပြီ "

" ခင်ညိုအေးနဲ့ အိမ့်မွန် ဟောလ်ထဲကိုပြန်၊ မကြာခင် တိုက်ပွဲဖြစ်လိမ့်မယ်၊ ခရီးသည်တွေ မလန့်အောင် ထိန်းထားပါ၊ ပြီးတော့ ဟောခန်းအပြင်ကို ဘယ်သူမှ မထွက်စေနဲ့ ကြားလား"

" ကောင်းပြီ၊ ကိုထက်အောင် ရှင်က ဘယ်ကိုသွားမှာ လဲ"





" ဗုံးကိုရှာရမယ် ချိန်နှတ်ရဟတ်ယာဉ်ကြီးနဲ့ လာချပေး သွားတာဖြစ်လိမ့်မယ် ထင်တယ်၊ အဲဒါဆိုရင် ပွဲစင်ပေါ်မှာပဲ ရှိလိမ့်မယ် "

" ကိုထက်အောင် တစ်ယောက်ထဲ ဖြစ်ပါ့မလား "

" ခြေရာဖျောက်သွားရမှာ ဗုံးနားရောက်မှ အလစ်ဝင် ရမှာ တစ်ယောက်ထဲက အကောင်းဆုံးပါပဲလေ ကိုင်း . . ခု ဆွေးနွေးတာတွေအတိုင်း ကိုယ့်တာဝန် ကိုယ်ကြေကြေရအောင်"

" အိုကေ "

သူတို့လေးယောက် လူစုခွဲလိုက်၏။

ထက်အောင်အား ချုပ်နှောင်ထားသော အခန်းတွင်းမှ ဂျူလီ တဝုန်းဝုန်း တံခါးကိုထုနေ၏။

" ဒီဆရာဝန် ရူးသွားပြီထင်တယ် " ဟု နုတ်ကပြော လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၃)



www.burmeseclassic.com

www.burmeseclassic.com



ပိုက်လုံးတစ်လုံးကတွယ်၍ ဆင်းလာစဉ်၊ စကြံလမ်းတစ်ဘက်ထိပ်မှာ ရပ်နေသော မောင်းပြန်သေနတ်နှင့် အစောင့်တစ်ယောက်ကို ရှောင်မရတော့ပဲ မျက်နှာချင်းဆိုင် တိုးမိလေ၏။

" ဟေ့ . . ရပ် . . ရပ် . . စမ်း ပစ်လိုက်မယ် "

ဖြောင်းကနဲ သေနတ်မောင်းကိုဆွဲအတင် ထက်အောင်လွှားကနဲ ခုန်ဝင်သွားကာ ညာခြေဖျားက သေနတ်မောင်းကို ခတ်ထုတ်ပစ်လိုက်ပြီ၊ လက်သီးက မျက်ခွက်ကို စွတ်ထိုးပစ်လိုက်၏။





ဝုန်းကနဲ လဲကျသွားစဉ် တတောင်ဖြင့် ထပ်၍ထောင်းပစ်လေရာ 'အင့်'ကနဲ အသံထွက်ပြီး ခွေ၍ကျသွားတော့၏။

သတိလစ်သွားပေပြီ၊ ထက်အောင် မောင်းပြန်သေနတ်ကိုကောက်ယူလိုက်သည်။ ရှားရှားပါးပါး ဂျာမန်လုပ် မော်ဇာဆပ်မရှင်းဂန်းဖြစ်နေသည်။

လဲကျနေသူခါးမှာ ပတ်ထားသည့် ခါးပတ်ကြားအပိုမဂ္ဂရှင်းဘောက်စ်ကိုဆွဲယူကာ ခါးမှာထိုးပြီး ပွဲစင်ဆီသွားဖို့လမ်းကို မျှော်ကြည့်၏။

ဒုတိယ ကုန်းပတ်ဆီ ပြန်ဆင်းရမည်။ မိနီမွန်း ခေါ် ရေကူးကန်ကလေးနဘေးက ဖြစ်သွားရမည်။ ရေကူးကန်ကလေးနဘေးမှာ အုန်းပင်ကလေးတစ်မျိုးကို သစ်သားစည်ကြီးတွေဖြင့် ထည့်စိုက်ထားသော ပန်းအိုးတွေကို တွေ့ရသည်။

ထိုပန်းအိုးအနားမှာ အစောင့်နှစ်ယောက်ရှိသည်။ ဒုတိယကုန်းပတ်ပေါ် ဆင်းပြီး၊ အုန်းပင်ကလေးတွေနား ကပ်မသွားပဲ ရေကူးကန်ကို မည်သို့ဖြတ်ပြေးရမည်ကို စဉ်းစား၏။

အစောင့်နှစ်ယောက်ကို လှည့်ထွက်ရမည်။ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမလဲ၊ ခါးမှာထိုးထားသည့် မဂ္ဂရှင်းဘောက်စ်ထဲက ကျည်ဆံတစ်ချို့ကို ထုတ်ယူလိုက်ပြီး တစ်ဘက်ကို ကျော်ပစ်လိုက်၏။

ဝရောကနဲ အသံမြည်ကာ ပြန့်ကျဲသွားသည်။ အစောင့်နှစ်ယောက် ထက်အောင် နားမလည်သော ဘာသာစကားဖြင့် ပြောဆိုကြကာ အသံထွက်ပေါ်လာရာဆီ လှည့်ထွက်သွားစဉ် ထင်အောင် ခြေသံမကြားအောင် အုန်းပင်ပုကလေးတွေဆီ ပြေးဝင်သွားလေသည်။

ပြီးတော့ နေပူစာလှုံရန် ချထားသော ရွက်ဖျင်ကုလားထိုင်ကလေးတွေကြားက မိကျောင်းတွားတွားကာ ဆက်လာခဲ့သည်။

ပွဲစင်အောက်တည့်တည့်ကို ထက်အောင် ရောက်သွားပြီ။ မှောင်ရိပ်တစ်ခုမှာ ဝပ်လျက်၊ ပွဲစင်ပေါ်ကို မော့ကြည့်သည်။ မောင်းပြန်သေနတ်ကိုင်ထားသော လူနှစ်ယောက် စောင့်နေသည်ကိုတွေ့ရ၏။

သဘော်ာကုန်းပတ် သံဘောင်ကိုကျော်၍ပြီး လက်ရန်းသံတိုင်ကိုဆွဲခိုကာ အပြင်တစ်ပတ်ပတ်သွားလျှင် ပွဲစင်၏နောက်ဘက် သဘော်ာပွဲအလံတိုင်ဆီ ရောက်သွားနိုင်သည်။





အခြားနည်းလမ်း မရှိသဖြင့် ဤနည်းလမ်းကိုပဲ ရွေးရတော့မည်။ ထက်အောင်လက်တွင်းက မော်ဇာမရှင်းဂန်းကလေးကိုကျော်ပိုးလွယ်လိုက်သည်။ ပြီးတော့ ကုန်းပတ်သံဘောင်ကိုကျော်ကာ လက်ရန်းသံတိုင်ကို ဆွဲခိုလိုက်သည်။

သူ၏အောက်ဘက် ပေသုံးဆယ်ခန့်အကွာမှာ လှိုင်းလုံးကြီးတွေက သဘော်ာကြီးကို တဝုန်းဝုန်း ရိုက်ခတ်သွား၍နေ၏။

ခြေချော်လက်ချော်အောက်သို့ ကျသွားလျှင် သဘော်ာပေါ် ဘယ်လိုမှ ပြန်တက်နိုင်တော့မှာ မဟုတ်တော့။ လက်အားကိုအသုံးပြုကာ တစ်ကိုယ်လုံးအလေးချိန်ကို ခိုဆွဲ၍ ရွေ့သွားရသည်မှာ ချွေးဒီးဒီးကျပြီး လက်မောင်းတွေ ပြုတ်ထွက်မတတ် နာကျင်အောင် ကြိုးစားရ၏။

ခြေတောက်များက မတ်စောက်စောက် တစ်ခြမ်းစောင်းနေသော ကုန်းပတ်သံပြားကြီးကိုသာ ကန်မိသည်။ ဘာမျှနင်းစရာမရှိ။ ကန်မိတိုင်း ချော်၍ချော်၍ ထွက်သွားသည်။

မိနစ်နှစ်ဆယ်ခန့်ကြာမှ အလံတိုင်နှင့်တည့်တည့်ကို ရောက်သွား၏။ အလံတိုင်ကို ဖမ်းခိုထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်အောင် ကျောဘက်မှာ မှောင်မည်းနေသော ပင်လယ်ပြင် ကြီးသာရှိနေလေသည်။

အလံတိုင်ကိုခိုခ၍ တစ်လက်မခြင်း အပေါ်တွဲတက်စဉ် ခြေနင်းစရာသံဘောင်တစ်ခုကို နင်းရမိသည်။ ထက်အောင် မျက်လုံးတည့်တည့်မှာ ပွဲစင်သံပြားကို တွေ့နေရပြီ။ ပိတ်ချ ကာဆီးထားသော အ[illegible]ဝတ္ထုတွေကြားက အစောင့်တွေ၏ ခြေထောက်တွေကို မြင်နေရသည်။

ပုံလျက်ကျနေသော ကျည်ကပ်ကြီးကိုလည်း တွေ့ရ၏။ ကြီးမားသော စက်သေနတ်ကြီး၏ ကျည်ကပ်ကြီးပင် ဖြစ်သည်။ စူပါဗုံးဆိုတာကိုတော့ ထက်အောင် မမြင်ရသေးပါ။ ထိုနေရာ ပဲ စောင့်၍ကြည့်ရပေလိမ့်မည်။ ခဏကြာလျှင် အခြေအနေ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကုန်လိမ့်မည်။ သည်တော့မှ ပွဲစင်ပေါ်တက် ရပေလိမ့်မယ်။

. . . . . . . . . . . . . . . . . . . . . . . . .

ရေဒီယိုဆက်သွယ်ရေးအရာရှိ စားပွဲမှာ ရီဘတ်ကာ





ထိုင်နေစဉ် ချူဟာဝမ်က နောက်တည့်တည့်မှ ရပ်ကာအကဲခတ် နေသည်။

ထက်အောင်မှာကြားထားသည့် အစီအစဉ်ကို ရီဘတ်ကာ မလုပ်နိုင်သေး။ ခဏအကြာတွင် မာလိန်စင်ပေါ်မှ နတ်ဆင်းလာပြီး . . .

" ဟေ့ ချူဟာဝမ် ဟိုဆရာဝန်ကောင်အထဲက တအား သောင်းကျန်းနေတယ်၊ တံခါးဖွင့်ပြီး ငြိမ်သွားအောင် လုပ်စမ်း ကွာ "

စကားနည်းသော ချူဟာဝမ်၊ နတ်၏ အမိန့်ကိုရသည် နှင့် ဒုတိယကုန်းပတ်အရာရှိ အခန်းသော့ကို သွားယူလေသည်။ ဒါပေမယ့် ကီးဘုတ်ခေါ် သော့တွေချိတ်သောနေရာမှာ ထိုအခန်း သော့မရှိပါ။

မာစတာကီးယူသွားဟု တစ်ယောက်ကဆိုမှ အခန်း တိုင်းကိုဖွင့်၍ရသော သော့တံကို ကောက်သွားသည်။ ချူဟာဝမ် ထွက်သွားသည်နှင့် ရီဘတ်ကာတစ်ယောက် အင်ဂျင်စက်ခန်းဆီ လှမ်းစကားပြောရန် စပီကာကိုဖွင့်၏။

" အင်ဂျင်ခန်းက ကိုထက်အောင်လူတွေလား၊



www.burmeseclassic.com

www.burmeseclassic.com



ကိုထက်အောင်မှာထားတယ် . . စကားဝှက်ပြောမယ် ဖရဲသီး ထပ်ပြောမယ် . . ဖရဲသီး ကြားပြီလား ဖရဲသီး ”

ရီဘတ်ကာ ထပ်ခါထပ်ခါပြော၏။ ပြီးတော့ စက်ထိ ပိတ်ကာ လစ်ပြေးလာခဲ့တော့၏။ အိမ္ဗန်နှင့် ခင်ညိုအေး အမြန်ဆုံးပြေးမှ ဖြစ်မည်။

ချူပြာဝမ် ထက်အောင်အား ပိတ်ထားခဲ့သော အခန်း တံခါးကိုသွားဖွင့်လျှင် ထက်အောင်မရှိတော့ပဲ ဂျူလီအား ပိတ်လှောင်ထားသည်ကို တွေ့ရမည်။

ဂျူလီကို တိုက်ခိုက်ပြီး ဤအခန်းထဲ ပိတ်လှောင်ထား ခဲ့သူ၊ ပြီးတော့ ထက်အောင်အား ကယ်ထုတ်သွားသူမှာ ရီဘတ်ကာ၊ ခင်ညိုအေး၊ အိမ္ဗန်တို့သုံးယောက်ဖြစ်ကြောင်း သိသွားလိမ့်မည်။

ထက်အောင်ကို ရှာမည်ဖြစ်သလို သူတို့သုံးယောက် ကိုလည်း အသည်းအသန် ရှာဖွေလိမ့်မည်။ အိမ္ဗန်နှင့် ခင်ညိုအေး တို့အား ခေါ်ယူရှောင်တိမ်းရလိမ့်မည်။ ဟောခန်းမထဲမှာရှိနေ သော အိမ္ဗန်တို့ကို လေသံဖြင့်ခေါ်ယူပြီး ရှောင်ထွက်လာခဲ့၏။

အိမ္ဗန်နှင့် ခင်ညိုအေးတို့သည် စက်ဘ်ပူနိုင်ငံမှ တရုတ်





ဘယဆေး ဆရာရတ်ဂျက်လီ၊ ဖိလစ်ပိုင်မှ မစ္စတာစွန်လာနတ် တို့အား အခြေအနေ အကျိုးအကြောင်း အကုန်အစင်အသိပေး ပြီး ခရီးသည်တွေအား တိုက်ပွဲဖြစ်လျှင် ဘယ်ကိုမှမသွားပဲ ဟောခန်းထဲမှာပဲနေဖို့၊ မိမိတို့အား ကယ်တင်မည့် ကွန်မန်ဒိုတွေ ရောက်လာပြီဖြစ်ကြောင်း မှာကြားပြောပြထားရန် တာဝန်ပေး ခဲ့သည်။

သူတို့ဟောခန်းနောက်ပေါက်မှ ထွက်ပြီး ပွဲစင်ဘက် ကူးဖို့ကြိုးစားကြည့်မည် ကြံရွယ်စဉ် . . .

“ ဟေ့ . . ရပ်စမ်း . . ဒါက ဘယ်ကိုထွက်မလို့လဲ ”

“ အင် ”

သူတို့နောက်မှာ လက်နက်ကိုင် အစောင့်တစ်ယောက်၊ မောင်းပြန်သေနတ်ကို အသင့်ကိုင်ထားသည်။

“ မင်းကို ကြည့်ရတာ မရိုးဘူး။ လာ . . ငါနဲ့ ဟောခန်း ထဲကို ပြန်လိုက်ခဲ့ . . ကဲ သွား ရှေ့ကသွား ”

မောင်းပြန်သေနတ်ဖြင့် ချိန်ရွယ်ကာ ဟောခန်းထဲ ပြန် မောင်းသွင်းခြင်း ခံရပေပြီ။ အိမ္ဗန်က ရီဘတ်ကာကို မျက်စိမှိတ် ပြလိုက်၏။ ပြီးတော့ . . နောက်မှာ ရပ်နေသော လူဆိုးသိ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန် ပြန်ကန်လိုက်သည်။ အလွန်လျင်မြန်သော ကန်ချက်၊ အားအလွန်ပါသည်ဖြစ်ရာ လူဆိုးမှာ ဝုန်းကနဲလဲကျသွားသည်။

ရီဘတ်ကာနှင့် ခင်ညိုအေးက လက်သီးတွေ လက်ဝါးစောင်းတွေ ဖောဖောသီသီလိုက်၍ ပစ်သွင်းလိုက်ကြသည်။ သွေးသံရဲရဲနှင့် ကုန်းထလာသူမှာ အိမွန်တတောင်ဖြင့် ထောင်းပစ်လိုက်မှ ဝုန်းကနဲ မှောက်လျက်ကျသွားလေ တော့သည်။ ပြန်ထမလာတော့ပေ။

ခင်ညိုအေးက မောင်းပြန်သေနတ်ကျည်ကပ်ကို ဆွဲယူကာ စစ်ဆေးကြည့်လိုက်သည်။

ရီဘတ်ကာနှင့် အိမွန်က လူဆိုးလဲကျနေသည်ကို ခြေထောက်မှ ဆွဲယူကာ ချောင်တစ်ခုမှာ ဝှက်ထားလိုက်၏။ ပြီး ကုန်းပတ်ကျယ်ကြီး၏နဘေးမှ ဖြတ်ကာ ပွဲစင်ဘက်ကို ထွက်ပြေးသွားသည်။ သူတို့သုံးယောက်၏ လှုပ်ရှားမှုများမှာ တက်ညီလက်ညီ နိုင်လှ၏။

ခင်ညိုအေးက ဆေးဝန်ထမ်းဆိုသော်လည်း ကွန်မန်ဒိုတွေနှင့် နှစ်လကြာရှည်တွဲကာ အချို့သောသင်တန်းတွေကိုလည်း တက်ထားသူဖြစ်သဖြင့် တိုက်ပွဲဝင်လှုပ်ရှားမှုများကို





ပိုင်နိုင်ကျွမ်းကျင်သည်မှာ မဆန်း။

အိမွန်သည်လည်း ခုန်ပျံကျော်လွှားရာ အသံတိတ်လှုပ်ရှားရာ မျက်စိကိုအသုံးပြု နားကိုစွင့်၍ ရန်သူသတင်းအရိပ်အခြေကိုကြည့်ရာမှာ ကိုယ်ခံပညာအထူး ကျွမ်းကျင်သူမို့ ပိရိသက်ယပ်သည်မှာ မဆန်း။ ရှေ့ဆုံးက အရံအတားတွေလိုဖြစ်နေသော ပိုက်လုံးတွေ လက်ရမ်းတွေ၊ ကြိုးတန်းတွေကို လွှားကနဲ ရိပ်ကနဲ ခုန်ပျံကျော်လွှား၍ ဝင်သွားနိုင်၏။

ရီဘတ်ကာ . . ဟောင်ကောင်သူ ရီဘတ်ကာလည်း ခင်ညိုအေးနှင့် အိမွန်တို့လိုပဲ လျှင်မြန်ဖျတ်လက်စွာ လှုပ်ရှားနိုင်သည်။ အမှားအယွင်းမရှိ ကပ်လိုက်လာနိုင်သည်။ တော်ရုံယောကျာ်းပင် ခလုတ်တိုက်ကာ ကားကနဲ ပစ်ကျနိုင်သော အတားအဆီးတွေကြားမှာ ဝေ့ကနဲဝဲကာ ဖက်ကနဲအသံတိတ်ကျအောင်လှုပ်ရှားနိုင်သည်။ ရီဘတ်ကာကိုယ်တိုင် ကိုယ်ခံပညာတွေ လေ့ကျင့်သင်ယူထားဖူးပုံ ရ၏။

သူတို့၏ လှုပ်ရှားသွားလာမှုကို အနီးကပ်ရှိနေကြသော သေနတ်ကြီးတွေ တကားကားနှင့် လူဆိုးကြီးတွေ မသိကြ။ ဒါပေမယ့် အပြင်တစ်နေရာက စောင့်ကြည့်နေသော ချူဟာဝမ်



www.burmeseclassic.com

www.burmeseclassic.com



သိနေသည်။

ချူဟာဝမ်ကို ဂျူလီဝေါင်က ပြောပြထားသဖြင့် ရီဘတ်ကာ၊ အိမွန်၊ ခင်ညိုအေးတို့ သုံးယောက်အကြောင်း သိနေသည်။ ချူဟာဝမ် သင်္ဘောကြီး၏နောက် ဗိုလ်တိုင်မှာ တပ်ထားသည့် ကရိန်းကိုခွာ၍ ကြိုးတန်းလန်းနှင့်ချကာ ပိုက်ကွန်ကြီးတစ်ခုကိုချိတ်ဆွဲ၍ စောင့်ကြည့်နေ၏။

ရီဘတ်ကာတို့ သုံးယောက် အမြင့်တစ်နေရာက ခုန်၍ ချစဉ် ကုန်းပတ်ပေါ်မှာ ဖြန့်ချထားသော ပိုက်ကွန်ကြီးပေါ်ကျ၏။ ဤတွင် ချူဟာဝမ် ဝုန်းကနဲ ကရိန်းကြီးကို ဆောင့်ဆွဲတင်လိုက်သည်တွင်း . . .

"ဝုန်း"

ကုန်းပတ်ပေါ်က ပိုက်ကြီးသည် ရီဘတ်ကာ၊ အိမွန်၊ ခင်ညိုအေးတို့ သုံးယောက်ကို အထုပ်ကြီးဖြစ်အောင် လုံးထွေးကာဆွဲမြောက်တင်လိုက်လေသည်။

ရီဘတ်ကာတို့ သုံးယောက်မှာ တောရိုင်းသတ္တဝါ သုံးကောင်ကို ဖမ်းဆီးထားသလို မလှုပ်မရှားနိုင်ပဲ ပါသွားရ၏။

ပိုက်ကြီးသည် ပထမ ကုန်းပတ်ရှိ အဆင့်တစ်ဆင့်အထိ





ဆွဲတင်သွားခြင်းခံရကာ၊ ကွက်လပ်တစ်ခုတွင် တဖြည်းဖြည်း ပြန်ကျလာသည်။

ကုန်းပတ်ပေါ်ကျသည်နှင့် ပိုက်ကွန်ကြီးမှာ ပြန်၍ ပြေသွားသည်။ သတ္တိခဲမကလေး သုံးယောက်သည် ဝုန်းကနဲ ခုန်၍ထကာ ဒူးတွေလက်တွေ အသင့်မြှောက်ပြီး တိုက်ပွဲဝင်ရန် အသင့်ပုံစံ ရှိနေလေသည်။

သို့သော် အရပ်လေးမျက်နှာက ရန်သူကို အသင့်တိုက်ခိုက်ရန် ကျောချင်းကပ်၍ ရပ်နေသော သူတို့သုံးယောက်ပတ်ပတ်လည်မှာ လူဆိုး လူမိုက် လူကြမ်း လူရမ်း ယောကျ်ားကြီးတွေ ပတ်ပတ်လည်ဝိုင်းနေ၏။

သူတို့လို လက်နက်မဲ့ တိုက်ခိုက်ရန် စောင့်နေခြင်း မဟုတ်။ ကြောက်ခမန်းလိလိ အစွမ်းထက်လှသော မောင်းပြန် သေနတ်တွေကို အော်တိုခလုတ်ဖြင့် မတ်ခတ်ရန် ဝိုင်းချိန်ရွယ်ထားကြခြင်း ဖြစ်လေသည်။

အားလုံးရှေ့မှာ လက်နက်မဲ့ကားကားကြီး ရပ်နေသူက ချူဟာဝမ်။

"ဒီမှာအမိရဲ့ သိပ်သူရဲကောင်းဆန်မနေနဲ့ . . ဒီနေရာ



www.burmeseclassic.com

www.burmeseclassic.com



မှာတင် အကုန်မသာပေါ်သွားမယ် . . ဟင်း၊ ကဲ . . ဟိုအခန်းထဲကို ဝင်လိုက်ကြစမ်း ''

ချူဟာဝမ် မောင်းသွင်းလိုက်သော အခန်းမှာ အားကစားခန်း ဖြစ်၏။ ပြောင်လက်နေသော ကျွန်းသားကြမ်းပြင်အလယ်တွင် စားပွဲခုံတစ်လုံးရှိ၏။

ရီဘတ်တာတို့သုံးယောက် ပင်ပေါင်ခုံကို ကျောခိုင်းမှီ၍ ရပ်နေစဉ်၊ ချူဟာဝမ် သူတို့ရှေ့မှာ လာရပ်ပြီး . . .

'' မင်းတို့သုံးယောက်ဟာ သာမန်အရပ်သူတွေ မဟုတ်ဘူး။ ပြောစမ်း မင်းတို့ ဘယ်ကလဲ ဘယ်အဖွဲ့အစည်းတွေကလဲ ''

ချူဟာဝမ်မေးနေစဉ် ခင်ညိုအား လွယ်ထားသည့် သေနတ်ကို လူတစ်ယောက်က လာဖြုတ်သွားသည်။ ရီဘတ်ကာတို့ဆီက အဖြေစကားမရသောအခါ ချူဟာဝမ် ခါးပတ်မှာ ချိတ်ထားသော ဓားမြှောင်ကိုဆွဲထုတ်ကာ . . . .

'' မင်းတို့ မပြောဘူးပေါ့ . . မပြောရင် ပြောအောင် လုပ်ရလိမ့်မယ် '' ဟု ခြိမ်းခြောက်ပြီး အိမွန်မျက်နှာနားမှာ ဓားသွားကိုင်ကာ ဝှေ့ရမ်းလိုက်၏။ ထိုစဉ် . . .

'' ဝေါ . . ဒက် . . ဒက် . . ဒက် ''





အနီးကပ်ပေါ်ထွက်လာသော မောင်းပြန်သေနတ်သံတွေကိုကြားလိုက်ရ၏။ မာလိန်စင်နောက်ဘက် ဝရံတာပေါ်က နတ်ထွက်လာပြီး ' ဟေ့ . . ဘယ်သူပစ်တာလဲ ဘာဖြစ်လို့လဲကွ ' ဟု အသံကုန်အော်၍မေးသည်။

ဒုတိယကုန်းပတ်ပေါ်မှ သူ့လူတစ်ယောက်က . . .

'' ရန်သူ ဆရာနတ် ရန်သူ ''

ဟု ပြန်အော်၍ မဆုံးမီမှာပင် သေနတ်သံထွက်ပေါ်လာပြီး အော်ပြောသူ ထိမှန်လဲကျသွားလေသည်။

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com



## အခန်း(၁၄)

❀ မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာနတ် တစ်ချက်ကြောင်၍ သွားပြီးမှ မာလိန်စင် အထတက်လာသော ကျည်ဆံများကြောင့် ရောက်ရာနေရာမှာ ဝပ်ချလိုက်ပြီး . . .

" ဟေ့ကောင်တွေ ဒီသုံးယောက်ကို ချုပ်ဟာဝမ်နဲ့လွှတ်ထားခဲ့၊ မင်းတို့အားလုံး အောက်ကိုဆင်း . . အောက်ကိုဆင်း" ဟု အောက်ဟစ်အမိန့်ပေးလေသည်။

အမှောင်ရိပ်တွင်းမှ လှုပ်ရှားမှုတစ်ခု ပေါ်လာသည်။

ဆရာနတ်ဘက်က လူဆိုးတစ်ယောက်သည် လက်ယာ





နေသလို၊ မည်းမည်းမြင်ရာ ရမ်းပစ်လိုက်သည်။

" ဝေါ . . ဒက် . . ဒက် . . ဒက် "

" ဟာ . . မ . . . မပစ်နဲ့ ငါတို့ကွ "

" အား "

အော်ဟစ်ကားဆီးသံ တစ်ကပ်လုံးကုန်အောင် ဆွဲမွှေ့လိုက်သော မောင်းပြန်သေနတ်သံ၊ လူတစ်ယောက်ထိမှန်ပြီး နာနာကျည်းကျည်း အော်ဟစ်သံတွေ ပေါ်ထွက်လာ၏။

နောက် ကြမ်းတမ်းစွာ ဆဲရေးတိုင်ထွာသံတွေ ပေါ်ထွက်လာသည်။

" ဟေ့ကောင်တွေ . . ဘာကောင်တွေလဲကွ ဒီမှာထိသွားပြီး အသုံးမကျတာ ကိုယ့်အချင်းချင်း ပြန်ပစ်ရတယ်လို့ကွာ "

ခေါင်းဆောင်လုပ်သူ၏ မကျေမနပ် တဖျစ်တောက်တောက် ပြောဆိုသံထွက်လာပြီး၊ ဟာခဏမှာ ဖုံလုံတိုင်တစ်ခုပေါ်က ပင့်ကူတစ်ကောင်လို လျှောကနဲ ခိုဆင်းလာသူ တစ်ဦးကို မြင်လိုက်ရ၏။

လူမှားပစ်သိုင်မိသောကြောင့် ရုတ်တရုတ် မစိမ်ပဲ

www.burmeseclassic.com



ကြည့်နေစဉ် ကြိုးဖြင့်ဆင်းလာသူသည် မြေပေါ်ခြေမချခင် လက်တွင်းက မီနီဂန်းဖြင့် ဆွဲမွှေ့ပစ်ခတ်လိုက်သည်။

"ဒက် . . ဒက် . . ဒက် . . ဒက် "

ခပ်တိုးတိုးထွက်လာသော မောင်းပြန်သေနတ်သံ အောက်မှာ လူနှစ်ယောက် ထွေးကနဲလဲကျသွားသည်။ ပစ်သော သူကတော့ ကုန်းပတ်ပေါ် ခြေချမိသည်နှင့် ဖက်ကနဲခုန်ကာ ထောင့်ချိုးတစ်ခုမှာ ပျောက်သွားသည်။

ဆရာနတ်လူတွေ မနေ ဝုန်းကနဲ ဝုန်းကနဲ ခုန်၍ချကြ ကာ ရန်သူဝင်ပြေးသွားရာနောက်ကို တရကြမ်းလိုက်၍ပစ်ကြ လေသည်။

ဒါပေမယ့် . . . .

သေနတ်သံတွေ ဆူညံကာ ယမ်းခိုးတွေသာ ထောင်း ကနဲ ထသွား၏။ ပစ်ပြေးသူ ရန်သူကိုတော့ အရိပ်အယောင်ပင် မတွေ့ရ။

ပစ်ပြေး . . ဟစ်အင် ရမ်းပစ်ပြီး ပြေးနည်းဗျူဟာ၊ အင်အားကြီးမား၍ မြင်နေရသော ရန်သူကို လူအင်အားနည်း နည်းနှင့် ထိထိရောက်ရောက် ပစ်ခတ်တိုက်ခိုက်နည်း၊ တောတွင်း





ပျောက်ကျားတို့၏ နည်းဗျူဟာတစ်ခုပင် ဖြစ်လေသည်။

အထူးကွန်မန်ဒို အကြမ်းဖက်သမား နှိမ်နင်းရေးရဲတပ်ဖွဲ့ ဝင်များသည် သံထည်တွေကြီးပဲရှိကာ အလွန်ကြီးမားသော ကိုရယ်လ်ကွင်း သင်္ဘောကြီးကို မုတ်သုန်မိုးသစ်တောကြီးလို သဘောထားလိုက်ကြသည်။

တောတွင်း ပျောက်ကျားနည်းစနစ် တောတွင်းအနီးကပ် ပစ်ခတ်ခြင်း၊ တောတွင်းကိုယ်ယောင် ဖျောက်ပြေးခြင်းစသည့် တိုက်ပွဲဝင်နည်းဗျူဟာတွေကို ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင် ကျင် အသုံးချသွားကြ၏။

မိမိထက် အင်အားလေးငါးဆများသော ရန်သူကို ပိုင်အောင် တိုက်သောနည်းပင်ဖြစ်လေသည်။

ယခုပင် ကြည့်ပါ . . .

ဆရာနတ်တပည့် လူဆိုးလူမိုက်တွေ တဒေါက်ဒေါက် ဖြင့် ပစ်ပြေးကွယ်ပျောက်သွားသော ရန်သူကို မကျေမနပ်ဖြစ် နေစဉ်။

"ဒက် . . ဒက် . . ဒက် . . ဒက် "

"ဒက် . . ဒက် . . ဒက် . . ဒက် "



www.burmeseclassic.com

www.burmeseclassic.com



" ဒက် . . ဒက် . . ဒက် . . ဒက် "

သွက်လက်လှသော မောင်းပြန်သေနတ်သံတွေ အပေါ်ဆင့်တစ်နေရာမှ တစ်ပြိုင်နက်ပေါ်လာ၏။

ရန်သူရှိနေမှန်း သိပါလျက် အကာအကွယ်မယူ စိတ်မရှည် မိုက်လုံးကြီးစွာ သွားလာနေသော ဆရာနတ်တပည့် လူဆိုးတွေ ထွေးကနဲလဲကျသွားကြလေ၏။

ဆူညံအော်ဟစ် ငြီးတွားသံတွေ ပေါ်လာပြီး ကျည်ကွယ်ရာ ဘေးလွတ်ရာဆီ ဝုန်းကနဲ ဝုန်းကနဲ ဒိုင်ဗင်ထိုးဝင်သွားကြသည်။

အပေါ်စီးမှ နေရာယူထားသူ ရဲကွန်မန်ဒိုများကတော့ လှုပ်ရှားမှု မှန်သမျှကို မလွတ်တမ်း လှမ်းပစ်၍နေသည်။ ပစ်ခတ်မှုများနှင့် အနီးကပ်တည်ရှိနေသော ဗုကွသည်များ ဓားစာခံ ခရီးသည်များရှိနေသည့် ဟောခန်းကြီးထဲမှာတော့ ကလေးတွေက ကြောက်လန့်တကြား ငိုကြ၏။

မိန်းမသားတွေ ခများလည်း ကြွက်စိကြွက်စိ တစ်ယောက်တစ်ခွန်း ပြောကာအသံတွေ ညံနေ၏။ ပြေးလွှားပုန်းအောင်သူတို့က ပြေးလွှားပုန်းအောင်းနေ၏။





စက်ဘုပူဆေးဆရာ ရယ်ဂျက်လီကတော့ အားလုံးကို ချော့မော့ဖြောင်းဖျ နှစ်သိမ့်နေသည်။ ယောကျ်ားတွေကို စည်းရုံး၍ ဟော ထောင့်မှာ စုပုံထားသည့် စားပွဲ၊ ကုလားထိုင်တွေကို ကတုတ်ခံတပ်သဖွယ် အကာအရံအဖြစ် ရွှေ့သယ်နေရာ ချထားသည်။

ဟောခန်းအတွင်းထိ ကျည်ဆံတစ်ချို့ ဝင်ရောက်လာရာ ယောကျ်ားတစ်ယောက်၏ ပေါင်းကိုထိမှန်သွားသဖြင့် ရက်ဂျက်လီပင် သွေးမထွက်အောင် ပတ်တီးစည်းပေးထားရ၏။

ဝိုင်ဂျီအုပ်စုက ရေမိုင်သုံးမိုင်အကွာမှ စောင့်ကြည့်နေသော ဆရာဒွေးတို့သည် တိတ်ဆိတ်သော ညကာလပင်လယ်ကြီးအတွင်းမှာ ခပ်သဲ့သဲ့ပေါ်ထွက်လာသော သေနတ်သံများ၊ ကျည်ဆံများ ရဲကနဲ ရဲကနဲ မိုးပေါ်ထောင်တက်လာသည်ကို မြင်နေရသဖြင့် လည်းကောင်း၊ ရဲအထူးကွန်မန်ဒိုများနှင့် လူဆိုး လူရမ်းကား အကြမ်းဖက်သမားတို့ တိုက်ပွဲဖြစ်နေကြပြီဟု သိရလေသည်။

" ဟဲလို ရီဘတ်ကာ ဟဲလို ရီဘတ်ကာ . . သစ်အစ် ဝိုင်ဂျီ ကောလင်း ဟဲလို . . ရီဘတ်ကာ ဝိုင်ဂျီမှ ခေါ်တယ် . . ဝိုင်ဂျီမှ ခေါ်တယ်၊ ကြားလား ကြားရင် အကြောင်းပြန် "



www.burmeseclassic.com

www.burmeseclassic.com



ဆရာဒွေးတို့ဘက်မှ တစ်ချိန်လုံး ခေါ်နေ၏။ ရိဘတ်ကာမှ ထူးသံမကြားရပါ။ ပြန်ထူးလာသူ ဖန်ဆရာနတ်ကိုယ်တိုင် ဖြစ်နေသည်။

" ဟဲလို . . ဝိုင်ဂျီ . . သစ်အစ်နတ် . . ဖန်ဆရာနတ် . . ဝိုင်ဂျီ ကျုပ်ကိုယ်တိုင် ပြောနေတယ် . . ခင်ဗျားတို့ ဝင်မလာနဲ့ ကျုပ်လက်ထဲမှာ သင်္ဘောကြီးတစ်စီးလုံး ပေါက်ကွဲနစ်မြုပ်သွားနိုင်တဲ့ ဗုံးကြီးရှိတယ်ဆိုတာ သိတယ် မဟုတ်လား၊ ခင်ဗျားတို့ကပ်လာရင် . . ကျုပ် ရီမုလ်နဲ့ဖောက်ခွဲပစ်လိုက်မယ် . . ရီမုလ်က ကျုပ်လက်ထဲမှာ အဆင်သင့်ကိုင်ထားတယ် ဒါပဲ "

" နတ် . . တို့ဘာမှ မလှုပ်ရှားဘူး။ ခရီးသည်တွေကို ပြန်လွှတ်ပေးမယ်ဆိုရင် သင်္ဘောကိုမင်းကြိုက်သလို လုပ်နိုင်တယ် . . ခု သင်္ဘောပေါ်မှာ ဘာတွေဖြစ်နေလဲ "

" ဘာဖြစ်ရမလဲ . . ခင်ဗျားတို့လွှတ်လိုက်တဲ့ကောင်တွေနဲ့ တိုက်ပွဲဖြစ်နေတာ . . ဒီကောင်တွေလောက်ကို ကျုပ်မကြောက်ဘူး၊ အကုန်ပြုတ်သွားအောင် တိုက်ပစ်မယ်။ အဲ သင်္ဘောပေါ်ကခရီးသည်တွေရဲ့ အသက်ကိုငဲ့ညှာရင် ခင်ဗျားတို့ အနားကပ်မလာနဲ့ ဒါပဲ "





" ကောင်ပြီး နတ် . . ငါတို့ ဒီပိုစေရှင်မှာပဲနေမယ် မင်းဘာမှ အရမ်းမလုပ်ပါနဲ့ မင်းအစ်ကိုဆတ်ကိုလွှတ်ပေးဖို့ ငါတို့ညှိနေတယ် . . ဆတ်မကြာခင် ဒီကိုရောက်လာလိမ့်မယ်"

" ခင်ဗျားတို့ပြောတာ ကျုပ်ယုံရမှာလား . .၊ ကျုပ် ဘယ်နှစ်နာရီအထိ စောင့်ရမလဲ ပြော "

" မနက်ငါးနာရီအထိ စောင့်ကွာ . . ဟိုက ခုလောက်ဆို ဆတ်ကိုခေါ်ပြီး ရဟတ်ယာဉ်နဲ့လာနေကြပြီ "

နတ်ဘက်က ပြန်ဖြေသံမကြားရပါ။ အသံတိတ်ဆိတ်၍သွား၏။ ထိုခဏမှာပင် ကိုရယ်လ်ကွင်းသင်္ဘောကြီးပေါ်က ပေါက်ကွဲသံတစ်ချို့ ထွက်ပေါ်လာသည်။ အပေါင်းအဖွဲ့က် လက်နက်မျိုးစုံကို ကိုင်တွယ်ထားသော လူဆိုးလူရမ်းကားများသည် ရဲကွန်မန်ဒိုများကို လောင်ချာဖြင့် ပစ်ခတ်ခုခံနေခြင်းဖြစ်လေသည်။

လူအင်အားကွာနေသဖြင့် သူတို့ဘက်က အသာရနေသလိုရှိလေသည်။ အထူးကွန်မန်ဒိုတပ်ဖွဲ့ဝင်များကတော့ တစ်နေရာတည်းက မှုသေပစ်ခတ်တိုက်ခိုက်နိုင်ခြင်းမရှိ၊ ချက်ချင်းဆိုသလို နေရာပြောင်းရွှေ့သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုန်းစရာခိုစရာတွေ ပေါလှပြီး . . အခန်းတွေအများအပြားရှိကာ အလွန်ကြီးမားလှသော ဟိုတယ်အဆောက်အဦးကြီးတစ်ခုရေထဲ မျောလာသည်နှင့်တူသော ဤသင်္ဘောကြီးပေါ်မှာ ပုန်းနေသူဆယ့်နှစ်ယောက်ကို ရှာဖို့ဆိုတာမလွယ်လှပါ။

မာလိန်စင်ပေါ်က ဆရာနတ်သည် ဟိုက်ဒရောလစ်ရွေ့လျားဆလိုက်မီးတွေကို အသုံးပြုကာ ရန်သူကိုရှာဖွေရင်း အမိန့်ပေးနေ၏။

ကွန်မန်ဒိုဆယ့်နှစ်ယောက်ကတော့ နှစ်စုထပ်၍ ခွဲလိုက်သည်။ ခြောက်ယောက်တစ်ခု၊ ပထမအစုသည် ပစ်ရင်းခတ်ရင်း ကပင် သင်္ဘောဦးပိုင်းဆီ ဆုတ်ခွာသွား၏။ ရောင်ပြအုပ်စုဖြစ်သည်။

ဆရာနတ်ကိုယ်တိုင် မာလိန်စင်ပေါ်မှ ဆီးကြည့်ကာ ထပ်ချပ်လိုက်ပြီး တိုက်ဖို့အမိန့်ပေးနေသဖြင့် သူ့တို့တွေဦးပိုင်းဆီစုလိုက်ကြ၏။ ဒါပေမယ့် . . ကွန်မန်ဒိုခြောက်ယောက်အစုသည် ကျည်အားကိုလည်း သိပ်မသုံး၊ လူကိုလည်း အမြင်မခံ။

တစ်ယောက်တစ်နေရာက ပေါ်လာပြီး ဖောက်ကနဲပစ်နောက် ပြန်ပျောက်သွားပြန်၏။ ဆရာနတ်လူတွေဘက်က





တစ်ယောက်တလေ ရှေ့ကျွံထွက်သွားလျှင် ကွန်မန်ဒိုတွေဘက်က မောင်းပြန်မသုံးပဲ အော်တိုမစ်တစ်ပစ္စတိုဖြင့် လှမ်းပစ်ချသည်။

ရောင်ပြအုပ်စုဦးပိုင်း ထွက်သွားစဉ် ကွန်မန်ဒိုခြောက်ယောက်အုပ်စုသည် ဟောခန်းအဝက မောင်းပြန်ကိုင်လူဆိုးသုံးယောက်ကို အသံတိတ်နည်းဖြင့် ရှင်းပစ်လိုက်သည်။ ဟောခန်းထဲ ဝင်လာကြ၏။ ခေါင်းဆောင်လုပ်သူ ရဲတပ်ကြပ်ကြီးက . .

“ ခရီးသည်တွေအားလုံး ဘာမှမကြောက်ကြပါနဲ့ . . ဟောခန်းအပြင်ကို လုံးဝမထွက်ပါနဲ့ နောက် တခဏကြာရင် မီးပြတ်သွားမယ် . . မှောင်သွားမယ်၊ မကြောက်နဲ့ ငြိမ်ငြိမ်ကလေးဝပ်နေကြပါ၊ ခန်းမထဲမှာ လက်နှိပ်ဓာတ်မီးသုံးရင်တော့ မနက်မိုးမလင်းခင် ကျွန်တော်တို့ သင်္ဘောပေါ်က လူဆိုးတွေကို ရှင်းပြီးသားဖြစ်မှာပါ ” ဟု အင်္ဂလိပ်ဘာသာဖြင့် ရှင်းပြ၏။

ခရီးသည်တွေက သူ့စကားအဆုံးမှာ လက်ခုပ်တီး၍ အားပေးဂုဏ်ပြုကြ၏။ ကွန်မန်ဒိုင်အုပ်စု လှစ်ကနဲ ဟောခန်းထဲကပြန်ထွက်သွားကာ မာလိန်စင်ဆီဦးတည်၍ တက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သည်။ မာလိန်စင်ပေါ်မှာ ဆရာနတ်၏အတော်ဆုံးလူတွေ ရှိ၏။

တက်လာသော ကွန်မင်ဒိုတွေကို ဆီးကြိုတိုက်ခိုက်၏။ သူတို့ကအပေါ်စီး နေရာရထားသဖြင့် ကွန်မန်ဒိုတွေဆက်တက်မရ၊ အရှိန်ရပ်သွားသည်။

ဆရာနတ် မာလိန်စင်ပေါ်တွင် ရှိန်မှန်းသိသဖြင့် အလွတ်မပေးစတမ်း စောင့်ကြည့်နေ၏။

ကွန်မန်ဒိုတွေက မာလိန်စင်ကိုဝိုင်းထားပြီဟု သိရလျှင် ဆရာနတ်အသံမပေး ဝရုံတာဘက်မထွက်တော့ ငြိမ်၍နေသည်။ သားနားသပ်ရပ်၍ အထက်တန်းကျလှသော မာလိန်စင်ပေါ်က မီးရောင်တစ်ချို့ကို ဆရာနတ်လိုက်ပိတ်ပစ်ကာ အမှောင်ချလိုက်၏။ ကွန်မန်ဒိုရဲ့တပ်ကြပ်ကြီးကတော့ အသာပြုံး၍ နေလိုက်၏။ မကြာခင် တစ်သင်္ဘောလုံးမှောင်၍ သွားတော့မည်ကို ဆရာနတ်မသိသေး။ ဦးပိုင်းက တစ်ချက်တစ်ချက် ပေါ်ထွက်လာသော သေနတ်သံတွေက လွဲလို့ဆိတ်တိတ်၍နေသည်။

သေနတ်သံတွေ တိတ်ဆိတ်သွားသော တစ်ခဏမှာ . .

" ဝှစ် . . ရှီး . . ရှီ . ."

ငှက်အော်သံလိုလို ထူးဆန်းသောလက်ခေါက်မှုတ်သံ





တစ်သံပေါ်ထွက်လာ၏။

" ရှစ် . . ရှီး . . ရှီ . ."

ကမ်းခြေနှင့် မိုင်ပေါင်းများစွာ ကွာဝေးသောပင်လယ်ပြင်အလယ်မှာ ဘယ်ကငှက်ကလာ အော်နေပါသလဲ။

ထိုအသံကိုကြားလျှင် ကွန်မန်တိုတပ်ကြပ်ကြီးသည် အသံလာရာပုံပိုင်းဆီ လှမ်းမျှော်ပြီး . . .

" ရှစ် . . ရှီး . . ရှစ် . . ရှစ် . . ရှစ် . . ရှီး "

ငှက်အော်သံပြန်၍ ပြုလိုက်၏။

ပထမထွက်ပေါ်လာသော လက်ခေါက်မှုတ်သံမှာ ထက်အောင်ဆီကဖြစ်၏။ ပကတိငှက်အော်သံနှင့်တူလှပြီး . . တောတွင်းမှာဆိုလျှင် တစ်မိုင်ပတ်လည်အတွင်း ကောင်းစွာကြားနိုင်၏။ ဤလက်ခေါက်မှုတ်သံမှာ သာမာန်အချက်ပေးသံ သက်သက်သာမဟုတ်။ စကားဝှက်ပမာ သတင်းပို့၍ရအောင် တီထွင်ထားခြင်းဖြစ်သည်။

" ရှစ် . . ရှီး . . ရှီး . . ရှစ် . . ရှစ် "

ရဲတပ်ကြပ်ကြီးဆီက ထပ်၍မှုတ်သံပေါ်လာပြီး အသံတိတ်သွား၏။ ပဲ့စင်အောက်ဘက်မှာဝပ်၍နေသော ထက်အောင်



www.burmeseclassic.com

www.burmeseclassic.com



သူ့လူတွေ မာလိန်စင်ကို ဝိုင်းထားပြီဖြစ်ကြောင်း သိလိုက်သည်။

သင်္ဘောဦးပိုင်းဆီကလည်း သေနတ်သံတွေကိုကြားနေရ၏။ ထိုနေရာတွင်လည်း လူဖြန့်ထားပြီးပြီ။ ကွန်မန်ဒိုလူစုနှစ်စု ခွဲလိုက်ပြီဖြစ်ကြောင်း ထက်အောင်သိလိုက်၏။ ထို့နောက် ဆရာနတ်ကို ဝိုင်းဖမ်းဖို့ ကြိုးစားကြမည်။

နောက်ဆုံးတိုက်ပွဲမှာ အမှောင်ချတိုက်ပွဲ၊ သင်္ဘောတစ်ခုလုံးကို အမှောင်ချပြီး အပိုင်တိုက်ဖြစ်ကြလိမ့်မည်။ အမှောင်တွင်းတိုက်ပွဲအတွက် ကိရိယာတွေပစ္စည်းတွေ သူတို့မှာပါလာသည် မဟုတ်လား။

ထိုခဏတွင် ထက်အောင်ပွဲစင်ပေါ် တက်သောလှေခါးခြေရင်းကိုရောက်သွားသည်။ မောင်းပြန်သေနတ်နှင့် ငနဲသားတစ်ကောင် လှေခါးထိပ်မှာ ပိတ်ရပ်နေလေရာ . .

"ရှစ်"

"ဟာ"

"ဝုန်း"

"အီး"

ပထမလေချွန်သံပေးလိုက်၏။ ငမိုက်သားအနီးကပ်





ပေါ်လာသော ထက်အောင်ကိုကြောင်ကြည့်နေစဉ်၊ သေနတ်ဒင်ဖြင့် ကောက်ထုပ်စလိုက်သည်။

"အီးကနဲ" အော်ကာလဲကျသွားစဉ်၊ ပွဲစင်လှေခါးပေါ် ခပ်သွက်သွက်ပြေးထွက်လိုက်သည်။

ရုတ်တရက် လှေခါးထိပ်မှာငနဲသား တစ်ယောက်ပေါ်လာပြီး ထက်အောင်မေးဖျားကိုကန်၍ချလိုက်၏။ ခေါင်းကိုငုံ့၍ တိမ်းရှောင်ကာ ကန်သော ခြေထောက်ကို ဖမ်းဆောင့်ဆွဲချလိုက်သည်။

"အီး"

ငမိုက်သားခဗျာ . . လှေခါးလက်ရမ်းပေါ်က ကျော်ပြီး ပစ်ကျသွား၏။

ကုန်းပတ်ပေါ်ကိုမကျ၊ လှိုင်းလုံးတွေထဲ ဝုန်းကနဲပစ်ကျသွားခြင်းဖြစ်သည်။ ထက်အောင် ပွဲစင်ပေါ်ရောက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)



www.burmeseclassic.com

www.burmeseclassic.com



ကိုရယ်လ်ကွင်း၏ ပွဲစင်သည်အတော်ကြီးမား ကျယ်ပြန့်သည်။ သဘော်ပွဲပိုင်းမှချသော ကျောက်ဆူးကြီးအတွက် ကျောက်ဆူးအိမ်နှင့် ကျောက်ဆူးကြိုးရစ်စက်တစ်လုံးရှိ၏။

ထိုအရာများမှလွဲလျှင် ပွဲစင်သည် အထပ်နှစ်ထပ်ရှိသော ပလက်ဖောင်းစင့်မြင့်ကြီးအဖြစ် ရှင်းလင်း၍နေသည်။ ခရီးသည်များအနားယူ အပန်းဖြေနိုင်ရန် ရွက်ဖျင်ကုလားထိုင်နှစ်တန်းချထားသေး၏။

ကိုရယ်လ်ကွင်းပေါ်မှာ ခရီးသည်များ၏ လွတ်လပ်မှုကို





အထူးဦးစားပေးသည်။ အခြားအခြားသော သင်္ဘောတွေလို ခရီးသည်တွေမသွားရဟု တားမြစ်ထားသည့် ဧရိယာလုံးဝမရှိ။

ခရီးသည်တွေအနေဖြင့် ဘယ်နေရာကိုမဆို သွားလို့ရသည်။ သင်္ဘောကြီးကိုပဲ့ကိုင် မောင်းနှင်နေသည့် မာလိန်စင်လည်းတက်ရောက်လေ့လာနိုင်သည်။

လှေခါးအဆင့်ဆင့်ဖြင့် ဆင်းရသော အင်ဂျင်စက်ခန်းကိုလည်း ဆင်းကြည့်ပြီး မေးမြန်းစပ်စုလို့ရသည်။ ပွဲစင်ကိုပင် ခရီးသည်များ ပင်လယ်ပြင်ရှုခင်းကို ကြည့်ရှုအပန်းဖြေရာနေရာအဖြစ်အသုံးပြုထားသည်။

သို့သော် . . အခု ပွဲစင်ပေါ်တွင် ရွက်ဖျင်ကုလားထိုင်တွေ အစီအရီမရှိ၊ ဟိုတစ်လုံး သည်တစ်လုံးကျဲပြန့်လို့ . . သံပန်းလက်ရန်းအနီးတွင်မူ သုံးချောင်းထောက်ဒေါက်ကြီးတစ်ချောင်းပေါ်တွင်တင်ထားသည့် စက်သေနတ်ကြီးတစ်လက်ကို တွေ့ရ၏။

ခဲယမ်းမီးကျောက်ထည့်ထားသော သံသေတ္တာကြီးတစ်လုံးက နဘေးမှာချထားသည်။ သံသေတ္တာထဲမှာတော့ ကျည်ဆံခွေအတွဲလိုက်ကြီး အဆင့်သင့်ထည့်ထားသည်။ ထက်အောင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဌာနက ရဟာတ်ယာဉ်တစ်စီးကို ပစ်ချလိုက်သည်မှာ ဤစက်သေနတ်ကြီးပင် ဖြစ်ပေလိမ့်မည်။

ယခု စက်သေနတ်ကြီးနားတွင် မည်သူမျှမရှိ၊ ပဲ့စင်တစ်ခုလုံးမှာ လူတစ်ယောက်သာ စောင့်နေသည်။ ချူပြာဝမ်တပည့် ဂါလာချွန်း၊ ဂါလာချွန်းသည် ကိုယ်ကလေးချိန်ပေါင်နှစ်ရာ့လေးဆယ်တီတီရှိသည်။ နပန်းသမားကြီးဖြစ်၏။

ချွန်းတက်သည့် နပန်းက စင်ပေါ်မှတစ်ဦးကိုတစ်ဦး ချုပ်ကိုင် အနိုင်ယူရသည့် နပန်းရိုးရိုးမဟုတ်။ ကိုးရီးယား၊ တရုပ်နှင့် ဗီယက်နမ်နယ်စပ်မှ နပန်းပညာတစ်ရပ်ဖြစ်သည့် ဆန်တိုနပန်းဖြစ်သည်။ ဆန်တိုနပန်းဟုသည် လူကိုအသေသတ်သည့် သိုင်းပညာရပ်တစ်မျိုးပင် ဖြစ်သည်။

ချွန်းက ဆန်တိုဘုရင်၊ အာရှပင်လယ်ပြင်မှာ ဂါလာချွန်းဟူသောနာမည် ဖျောက်ကာဆန်တိုချွန်းဟုသော အမည်ပင်ထွင်ခဲ့၏။ စိန်ခေါ်ပွဲပေါင်းမြောက်များစွာမှာ ချွန်းကအနိုင်ယူသတ်ဖြတ်ပြီး ငါးမန်းစာကျွေးပစ်ခဲ့သည့် လူမိုက်တွေမနည်းတော့ပြီ။

ယခု . . ။

ဆန်တိုချွန်း . . ပဲ့စင်အလယ်မှာ ခြေကိုခွ၊ ခါးကို





ထောက်၍ခန့်ခန့်ကြီး ရပ်နေသည်။ ထက်အောင် သိုင်းရှူးရှူးနေသည့် ခပ်ပေါပေါတိုက်ခိုင်ရေးသမား တစ်ယောက်မဟုတ်ပါ။ သူရင်ဆိုင်နေသည်မှာ မှုတသောစိတ်ဓာတ်ရှိသည့် ရန်သူလည်းမဟုတ်။

ဒီတော့ ကျောမှာလွယ်ထားရာက အသင့်ကိုင်ထားသည့် မောင်းပြန်သေနတ်ကို မောင်းဆွဲတင်ပြီး ချွန်းကိုထိုးပစ်ဖို့ကြံ၏။ ချွန်းညာဘက်ဘေးသို့ ခြေတစ်လှမ်းဖယ်ပေးလိုက်၏။ ပြီးလက်မကြီးထောင်ကာ ပြောလိုက်သည်။

"မင်းက ငါ့ကိုပစ်မလို့လား . . ငါဘာလဲဆိုတာ မင်းသိလား၊ အေး , . အဲဒီဟာကြီးကို ကျည်ဆံတစ်တောင့်ချော်ထိသွားတာနဲ့ မင်းရော ငါရော၊ ပြီးတော့ ဟောဒီသင်္ဘောကြီးပဲ့ပိုင်းကြီးတစ်ခုလုံးပါ . . အစိပ်စိပ်အမွှာမွှာ ဖြစ်သွားအောင်ကွဲမယ့်ဗုံးကြီးကွ"

ထက်အောင် မောင်းကိုဆွဲတင်နေသော လက်များရပ်တန့်သွား၏။ ချွန်းနောက်မှာ လူတစ်ယောက်၏ ခါးစောင်းလောက်အမြင့်ရှိပြီး ရေတိုင်ကီကြီးတစ်လုံးလောက် လုံးပြောင်ကာ ရှစ်ပေတီတီရှည်သော အနီရောင်ဗုံးကြီးတစ်လုံးရှိ ထွေးရ

www.burmeseclassic.com



သည်။ ဗုံးကြီး၏ တစ်ဘက်ထိပ်မှာ ဘက်ထရီများ၊ ကွိုင်ထုပ်များ၊ လျှပ်စီးပတ်လမ်းဆားတစ်များ၊ မီတာမြားတံများ၊ နိုင်ခွက်များဖြင့် ပြည့်နေသောခုံကြီးတစ်ခုရှိ၏။

" အီလက်ထရွန်နစ်ပစ္စည်းတွေနဲ့ ထိန်းချုပ်ထားတဲ့ ဗုံးကိုယ့်လူ ကျည်တစ်ချက်ထိတာနဲ့ ရှော့ဖြစ်ပြီး ထကွဲမှာနားလည်လား "

ချွန်းကခပ်မာမာဖြင့် ခြိမ်းခြောက်နေဆဲ။ ထက်အောင်စက်ရုပ်မျက်နှာပမာ ခံစားမှုမဲ့ မျက်နှာမျိုးဖြင့် လှမ်းကြည့်နေရာက . .

" ဒီမှာကိုယ့်လူ . . ငါ အဲဒီဗုံးအကြောင်း မင်းထက်ပိုသိတယ် . .။ အေး . . မင်းဟာ ဂါလာချွန်းခေါ် ဆန်တိုချွန်းဆိုတာလဲ ငါကောင်းကောင်းသိတယ်၊ ဗုံးကွဲမှာ ကြောက်လို့ မင်းကို သေနတ်နဲ့ပစ်မရလဲ လက်နဲ့ပဲရင်ဆိုင်ရတော့မှာပေါ့ကွာ "

ဟု အေးအေးတည်ငြိမ်စွာ ပြောပြီး၊ လက်က သေနတ်ကို သဘော်ပုံစင်၏ ကုန်းပတ်သံပြားပေါ်မှာ အသာချထားလိုက်သည်။





ချွန်းက ဟက်ကနဲရယ်လိုက်ကာ . . .

" ဩော် . . မင်းကလဲ ဖိုက်တာပဲလား၊ ကောင်းတာပေါ့ကွာ။ ငါကလဲ အမြဲတမ်းသတ်ပုတ်မယ့် အဖော်ကိုရှာနေတာ၊ လက်တွေက သွေးဆာနေတာကွ . . ဟား ဟား "

ချွန်း ရှေ့တစ်လှမ်းထက်လိုက်၏။ ထက်အောင် . . ချွန်း၏ ဘယ်ဘက်ဆီတန်းဝင်သွားသည်။ ခြေလှမ်းကွက်အရှင်များ၊ ဖန်တိုပညာ၏ လေးကွက်စကြာ၊ ဘယ်တော့မရှုံးနိုင်သော တိုက်ပွဲဝင်ခြေလှမ်းများဖြစ်သည်။

ချွန်းကတော့ ရှေ့တစ်လှမ်းတက်လာတာကလွဲလို့ ဘာမှ မလှုပ်ရှား။ ခြေဖဝါးနှစ်ဘက်ကို ကြမ်းပေါ်မှာ အပြားလိုက်ချ အသေစွဲထားကာ ငြိမ်နေ၏။

သူက ကျောက်တုံးလို တည်ငြိမ်ပြီး ခုခံမည့်သူ။ ပြီးတော့ ချွန်းသည် အသားတွေမာကြောအောင် မပြတ်လေ့ကျင့်ထားသူ . .။

တော်ရုံရိုက်ပုတ်ထိုးကျိတ် ကန်ကျောက်ခြင်းကို လုံးဝဂရုမစိုက်ပါချေ။ ဒါကြောင့် ချွန်း ထက်အောင်ကိုကြည့်ပြီး လုံးဝအထင်မကြီးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချွန်း တွေးနေသည်က ဒီကောင် ငါ့ပခုံးလောက်ရှိတာ . . လူပုံကလဲ ပိန်ကပ်ကပ်နဲ့ သင်း ငါ့ကို ကန်လိမ့်မယ်ထင်တယ် . . လေးငါးချက်လောက် ကန်စမ်းပါစေ၊ သုံးလေးချက်လောက် ထိုးလိုက်ပစေဦး။

ပြီးမှ တစ်ချက်တည်း ဖမ်းချုပ်ဖျစ်ညှစ် ချိုးဖွဲ့ပြီး အသက်ရှူရပ်သွားတဲ့အထိ လွှတ်တမ်းညှစ်ထားလိုက်မည်ဟု တွေးနေ၏။ ထက်အောင် ချွန်းအကြံကို ရိပ်မိသွားပုံရသည်။

ချွန်းက သူ၏ခံနိုင်ရည်စွမ်းကို ပြသတော့မည် ထင်သည်။ ကောင်းပြီ ချွန်း . . ထက်အောင် ဘာကောင်လဲ တာ မင်း သိရမယ်။

အရေးကြီးသော တစ်ယောက်ချင်းတိုက်ပွဲတွေမှာ သူလုပ်လေ့ရှိသည့်အတိုင်း၊ သူ၏ သိုင်းပညာဆရာကြီး ဦးစိုး လွှန်းဖေကို ရည်စူးကန်တော့လိုက်ကာ . .

“ ဟိတ် ”

**ကျားတစ်ကောင်လို မာန်သွင်းအော်ဟစ်ပြီး ပြေးဝင် သွားသည်။ ချွန်းနှင့် ခြေဆယ်လှမ်းစာလောက် အကွာမှာ လေထဲ ထ၍ခုန်၏။ ပြေးလာသောအရှိန်နှင့် ပေါင်းပြီးခုန်လိုက်သော**





းသည် ချွန်း၏ ဦးခေါင်းမကမြင့်၍သွား၏။

ပြီးမှ အရှိန်နှင့်ပြန်ကျသည်။ ပေါင်တစ်ရာလေးဆယ့် ပေါင်တိတိရှိသော သူ၏ကိုယ်ကလေးချိန်နှင့် ထိုအရှိန်ပေါင်း ပြီး ချွန်း၏ရင်ဝကို ကန်မိသည်။

ချွန်း၏ရင်ညွှန့်အလယ်တည့်တည့်ကို ဖနောင့်ဖြင့် ပါက်မိခြင်းဖြစ်သည်။

ဝှန်းခနဲအသံကြီး ထွက်ပေါ်လာပြီး ချွန်းဆီက ‘အင့်’ကနဲ ည်သံထွက်ပေါ်လာသော်လည်း ချွန်းလဲကျသွားခြင်းမရှိ၊ ညွတ်၍ နောက်သို့အနည်းငယ် ကော့ယိုင်သွား၏။

ချွန်း နည်းနည်းဖြုံသွား၏။ ဤမျှပြင်းထန်ပြီး စနစ် ကျသောကန်ချက်မျိုး သူတစ်ခါမျှ မခံရဖူးပါ။ ရင်ထဲတစ်ချက် ကန်နေ၍ပင်သွားသည်။ တော်ရုံလူဆို တစ်ချက်တည်းနှင့် ပွဲပြီး နိုင်လောက်သည့် ကန်ချက်ဖြစ်ပါလေ၏။

ထက်အောင်ပြန်ကျသည်နှင့် နောက်ကျွန်းလှလှပပပစ်ကာ ပြန်ခုန်ထွက်သွားသည်။ ချွန်းနှင့် ဆယ့်ငါးပေအကွာ အရောက်မှာ မတ်တပ်ပြန်၍ရပ်မိကာ မဆိုင်းပဲ ပြေးဝင်လာပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



ချွန်း မတုန့်မလှုပ် ရပ်နေဆဲ . အကာအကွယ်ယူဖို့ပင် မစဉ်းစား။ လုပ်စမ်း . . ကောင်လေး၊ မင်း ဘာလုပ်မလဲ

ပြေးခုန်ကန် ဤနည်းကို ထက်အောင်မသုံးတော့ပါ။

ချွန်းရှေ့မှာ ရပ်ကာဘယ်ခြေကို ဆုံလည်လိုအဖြောင့်ရပ်ပြီး ညာခြေကို ချွန်းမေးဖျားကိုလှမ်းကန်၏။

ဖြောင်းကနဲ .

ချွန်းထင်ထားသည့်သည်ထက် အဆနှစ်ဆယ်လောက်ပို၍ ပြင်းထန်သော ကန်ချက်ဖြစ်လေရာ ချွန်းခေါင်းတစ်ခြမ်း လည်၍ထွက်သွား၏။

တပြိုက်နည်းတည်းမှာပင် ငါးမူးထုပျဉ်ချပ်များ သုံးမတ်ထုပျဉ်ချပ်များကို ထက်ခြမ်းကွဲအောင် ထိုးနိုင်ပြီး ကျောက်ဖရုံသီးတစ်လုံးကို လေထဲမြှောက်တင်ကာ လေထဲမှာပဲ လွင့်စင်ကွဲကျေအောင်ထိုးနိုင်သော ထက်အောင်၏ ဗယ်ညာလက်သီးတွဲများသည် ချွန်းဝမ်းဗိုက်တွေဗဟိုချက်တွေကို ဆက်တိုက်ဝင်သွား၏။

ချွန်းမှာ အကာအကွယ်မဲ့ဖြစ်နေချိန်မို့ နံရိုးကျိုးမတတ် ခံစားလိုက်ရလေရာ . .

" အီး "





မခံမရပ်နိုင်အောင် နာကျင်သောအသံကြီးအော်ရင်း ထက်အောင်ကို လက်ကြီးတစ်ဘက်ဖြင့် ဆောင့်တွန်းလိုက်၏။ ထက်အောင်နောက်သို့ ယိုင်ကာလဲကျလုလု ဖြစ်သွားသည်။ ချွန်း ဒေါသဖြစ်နေပြီ။ တောဆင်ရိုင်းကြီးတစ်ကောင်လို ထက်အောင်နောက်ကိုဖိလိုက်၏။

ထက်အောင် သူ့ချိုင်းအောက်ကလျှို၍ လှစ်ကနဲသူ့နောက်ရောက်သွား၏။ သူပြန်မလှည့်နိုင်ခင် သူ့နောက်ကျောကန်၍ သူ့ပခုံးပေါ် ထက်အောင်ရောက်လာ၏။

ထက်အောင် ရက်ရက်စက်စက် မညှာမတာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ ချွန်း မျက်လုံးတွေ ပြာဝေကာ ဘယ်လိုမှ တောင့်မခံနိုင်ပဲ ခင်ထိုင်ကျသွား၏။

ခုထိ ချွန်းမကွဲ၊ သွေးမထွက်၊ သို့သော် ထက်အောင်တိုက်ခိုက်ထားသော ဒဏ်ရာတွေဖြင့် အတော်ခံရခက်နေပြီ။

" အီး . . ဟင်း "

ချွန်း ဒေါသတကြီး ထက်အောင်လက်တစ်ဘက်ကို ဖမ်းဆုပ်မိ၏။ ကျိုးပဲ့သွားအောင် ဖျစ်ညှစ်ဖို့ဟန်ပြင်စဉ်၊ ဆုပ်ထားသော သူ့လက်ပေါ် ထက်အောင်လက်တစ်ဘက် ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကာ သူ့လက်မနှင့် လက်ညှိုးခွဆုံကြားကို ညှစ်လိုက်သည်တွင် . .

" အား "

ချွန်းအသံကုန် အော်လိုက်ရပြန်၏။ ချွန်း၏ ထက်အောင်လက်ကို ဖမ်းညှစ်ထားသော ညာလက်သည် ဓာတ်လိုက်ခံရသလို ကျင်၍တတ်သွားတော့၏။

" မှတ်ထား ချွန်း . . အဲဒါ မြန်မာ့အကျော်သိုင်းပညာပဲ "

" မင်း . . မင်းကို ငါသတ်မယ် "

ချွန်းလှုပ်ရှား၍ ရသေးသော ဗယ်လက်ကိုမြှောက်ကာ ပြေးဝင်လာပြန်သည်။ အရှုးအမူးဒေါသတကြီး၊ မျက်ထောင့်နီကြီးနှင့် ညာလက်က လှုပ်မရတန်းလန်းကြီးကျလျက် ဗယ်လက်ကြီးမြှောက်ဝင်လာပုံမှာ ရူးသွပ်နေသော မျောက်ဝံကြီးတစ်ကောင်ပမာ။

ထက်အောင် တစ်ချီထဲအလဲတွယ်ပစ်ဖို့ စဉ်းစားပြင်ဆင်ကာ ခြေနှစ်လှမ်းမျှ လှုပ်ရှားလိုက်၏။ ချွန်းအနီး ရောက်လာစဉ်ချွန်းလက်ကြီးကို လက်ဖျံဖြင့်ရိုက်ဖယ်လိုက်ပြီး၊ ညာဒူးဖြင့် ဗယ်





နံကြားကို ခုန်တိုက်လိုက်စဉ် . . .

" ဖတ် "

ရုတ်တရက် မှောင်ကြီးကျသွား၏။ သဘော်တစ်ခုလုံး မှောင်သွားခြင်းပင် ဖြစ်ပါသည်။ ချွန်း၏ နံကြားဆီဒူးဝင်သွားသည်ကိုထိတွေ့သိရှိလိုက်၏။ ဝုန်းကနဲ ပြင်းထန်စွာဆောင့်မိသွားသည်ဖြစ်ရာ၊ ချွန်းနံရိုးနှစ်ချောင်းလောက်တော့ အနည်းဆုံးကျိုးသွားလိမ့်မည်ဟု တွေးရသည်။

" အီး "

မှောင်ထဲမှာ ချွန်းဖြည်းဖြည်းချင်း ဖင်ထိုင်ကျသွားသည်ကို အသံအားဖြင့်သိရှိလိုက်၏။

ထက်အောင် ဗုံးကြီးနားကို လှမ်းလာခဲ့သည်။ အမှောင်တွင်းက ရမ်းသမ်းပစ်ခတ်သံတွေပါ ပေါ်လာ၏။ မီးကျည်ခဲများလို ကျည်ဆံထိပ်ဖူးများ ရဲကနဲ ရဲကနဲပျံဝဲလာကာ ပွဲစင်ပေါ်မှာ ကျော်ဖြတ်သွားသည်ကို မြင်ရ၏။

ဟောခန်းထဲက ဓားစာခံခရီးသည်များမှာတော့ ငြိမ်၍နေသည်။ ထက်အောင် ဗုံးကြီးနသောကို ရောက်သွားပြီး . . စမ်းသပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒူးထောက်ထိုင်ချကာ မျက်စိကိုတစ်မိနစ် လောက်မှိတ်ထားလိုက်သည်။ ပြန်ဖွင့်ကြည့်လိုက်တော့ စောစောကထက် အမှောင်ထဲကပစ္စည်းတွေကို ပို၍မြင်လာရ၏။

ဗုံးကြီးပေါ်က ဒိုင်ကွက်တွေ ခလုတ်တွေကို အကြမ်းဖျင်းလေ့လာကြည့်လိုက်သည်။ လျှပ်စစ်စီးဆင်းမှု အင်မီယာပြဒိုင်ခွက်များ၊ နာရီမိနစ်စက္ကန့်ပြ ကောင်တာဒိုင်ခွက်များ။

ဤတွင် ဝမ်နင်သတိပြုဟူသော စာတပ်ထားသည့် ကြေးပြားလေးတစ်ခုကို တွေ့ရသည်။ အမှောင်တွင်းမှာပဲ ကြိုးစား၍ ဖတ်ကြည့်သည်။

"ဤဗုံးတွင် တပ်ဆင်ထားသော ဘတ်ထရီးနှင့် အခြားအစိပ်အပိုင်းများကို ဖြုတ်ရန်မကြိုးစားပါနှင့် အစိပ်အပိုင်းတစ်ခုခုကိုဖြုတ်ပစ်ခဲ့လျှင် အချိန်ဆယ်မိနစ်အတွင်းဗုံးသည် အလိုအလျောက် ပေါက်ကွဲသွားလိမ့်မည် "

ထက်အောင် တွေဝေသွားသည်။ အန္တရာယ်ဗုံးကြီး၏ ထိန်းချုပ်စနစ်များမှာ မိမိထင်သည့်ထက် ပို၍အဆင့်မြင့်နေပြီပဲ။ စတင်တပ်ဆင်စဉ်ကပင် အော်တိုလော့စ်ခေါ် အလိုအလျောက်သော့ပိတ်စနစ် ထည့်သွင်းတပ်ဆင်ခဲ့ခြင်းဖြစ်သည်။





ဤဗုံး၏ လျှို့ဝှက်ချက်ကို ဗုံးတပ်ဆင်သူသာ သိဝေလိမ့်မည်။ ဤကဲ့သို့သော ဗုံးမျိုးတိုင်းတွင် ပြုလုပ်နိုင်လောက်အောင် ရူပဗေဒ၊ ဓာတုဗေဒ၊ အီလက်ထရွန်နစ်ပညာနှင့် ယမ်းဖောက်ခွဲမှုလက်နက်ပညာ စသည်တို့ကို စွယ်စုံတတ်မြောက်သူ။

တဖန် ဤမျှအန္တရာယ် ကြီးမားသော ဗုံးကိုတီထွင်တပ်ဆင်ပြီး ဆရာနတ်လို လူမျိုးလက်ထဲ ထည့်ပေးရဲလောက်အောင် မိုက်လုံးကြီးလှသူ။ ဤပုဂ္ဂိုလ်မှာ မည်သူဖြစ်မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၆)



www.burmeseclassic.com

www.burmeseclassic.com



အထူးရဲကွန်မန်ဒို ပထမအုပ်စုမှ ကွန်မန်ဒိုခြောက်ယောက်သည် မီးမှောင်ကျသွားသည်နှင့် သူ့တို့ပခုံးတွေပေါ်မှာ စတစ်ကာတိပ်တစ်မျိုးကို ကပ်လိုက်ကြ၏။

ထိုစတစ်ကာသည် အမှောင်တွင်းမှာ သာမာန်မျက်စိဖြင့် ကြည့်လျှင် ဘာမျှမမြင်ရ။ သို့သော် အထူးညကြည့်မှန်ပြောင်းတွင်းမှာတော့ မီးစုန်းပမာ အရောင်တောက်ပနေပေလိမ့်မည်။

ကွန်မန်ဒိုခြောက်ယောက်သည် အုပ်စုနှစ်ခုခွဲလိုက်ကြသည်။ ပထမသုံးယောက်က ဒုက္ခသည်တွေရှိရာ ဟောခန်းထဲ





ဝင်သွားကြ၏။

ထိုသုံးယောက်သည် ဓားစာခံခရီးသည်တွေကြားထဲ ရောဝင်ကာ အနီးကပ်အကာအကွယ် ပေးမည်ဖြစ်၏။ သူတို့သုံးယောက်ကို ဆေးဆရာ ရက်ဂျက်လီက ကြိုဆိုကာ ခရီးသည်တွေကြားမှာ ဖျောက်ပေးထားလိုက်၏။

ကျန်သုံးယောက်ကတော့ ဟောခန်းနှဘေးမှ ပတ်ကာ ပွဲစင်ဘက်ကိုသွားနေလေသည်။ ရဲတပ်ကြပ်ကြီးနှင့်အဖွဲ့ကတော့ မီးအင်ဂျင်စက် ပိတ်မသွားခင်က ကြည့်ထားသည့် လမ်းအတိုင်း မာလိန်စင်ပေါ်တက်ကာ အမြင့်ဆုံးကြည့်စင်ပေါ်ကိုသွားကြသည်။

ထိုကြည့်စင်ကလေးပေါ်မှကြည့်လျှင် သင်္ဘောတစ်ခုလုံးကိုမြင်နေရသည်။ ရဲတပ်ကြပ်ကြီးနှင့်အဖွဲ့သည် ကျောပိုးလွယ်လာသောမှန်ပြောင်းထူထူထုပ်ကြီး တစ်ခုကိုထုတ်ယူလိုက်ကြသည်။

နောက်တစ်ယောက် လွယ်လာသည့် ကျောပိုးအိတ်အတွင်းမှ သတ္တုဗုံးကြီးတစ်ခုကို ထုတ်ယူကာဖွင့်ပြီး အတွင်းမှ သေနတ်အစိတ်အပိုင်းများကို ပြန်လည်တပ်ဆင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုအတွင်းမှာ ကွန်မန်ဒိုနှစ်ယောက် ကျွမ်းကျင်စွာ တင်ဆင်လိုက်သော သေနတ်မှာ အထူးညတိုက်ပွဲဝင် ရိုင်ဖယ် ဖြစ်သည်။

ဤရိုင်ဖယ်၏ ပတ်ခတ်မှုတိုင်းတွင် မီးပွင့်လွတ်ခြင်းကို ရန်သူဘက်က မမြင်ရအောင် အပိုပြောင်းရှည်တစ်ခုတပ်ဆင်၍ ထား၏။ ဤရိုင်ဖယ်မှာ အသံတိတ်စနစ် တပ်ဆင်ထားသဖြင့် လုံးဝနီးပါးအသံမထွက်။

ရိုင်ဖယ်၏စနတ်ပါချိတ်ခွက်မှာ အင်ဖရာရက်ခေါ် အနီအောက်ရောင်ခြည်သုံး ညကြည့်မှန်ပြောင်း တပ်ဆင်ထား၏။ ထိုအနီအောက်ရောင်ခြည်မှာ ဆယ်လက်မထုသော အကာအကွယ်ကိုပင် ဖောက်ထွင်းမြင်နိုင်လောက်အောင် အားကောင်းပြီး အလင်းရောင် တစ်စက်လေးမျှမရှိ ပိန်းပိတ်အောင်မှောင်သောညအမှောင်တွင်လည် ကိုက်တစ်ထောင်အကွာအဝေးထိ ကောင်းစွာမြင်နိုင်သည်။

**ရဲကွန်မန်ဒို အကြမ်းဖက်သမားနှိမ်နင်းရေး အထူးတပ်ဖွဲ့ဝင်များအားလုံး ဤညတိုက်ပွဲဝင်စပယ်ရှင် ရိုင်ဖယ်ကိုပိုင်နိုင်စွာ ပစ်ခတ်လေ့ကျင့်ထားကြသည်။**





ယခုတာပ်ကြပ်ကြီးလက်တွင်းက မှန်ပြောင်းကြီးမှာလည်း အနီအောက်ရောင်ခြည်သုံး ညကြည့်မှန်ပြောင်းပင်ဖြစ်သည်။ ထောင့်ကျယ်ကိရိယာတပ်ပြီး ဖွန်းမှန်ဘီလူးပါတွဲထားသော ရေအောက်မှာ သုံးသည့်ကင်မရာထူထူကြီးနှင့် သဏ္ဌာန်တူ၏။

ရဲတပ်ကြပ်ကြီးက ထိုမှန်ပြောင်းကြီးဖြင့် အောက်ဘက်ကုန်းပတ်ပေါ်ကိုကြည့်၏။

ပခုံးမှာ လျှို့ဝှက်စတစ်ကာကပ်ထားသော မိမိ ကွန်မန်ဒိုသုံးယောက် ပွဲစင်ဘက်သွားနေသည်ကို တွေ့၏။ ပွဲစင်ပေါ်ကိုကြည့်ပြန်သည်။ ပွဲစင်ပေါ်မှာ လျှို့ဝှက်စတစ်ကာကပ်ထားသူတစ်ဦးနှင့် မီးစုံးလျှို့ဝှက်စတစ်ကာကပ်ထိုးသည့် ဧရာမဗုံးကြီးကို တွေ့လိုက်ရပြီး မျက်လုံးပြူးသွားသည်။

နောက် ပွဲပိုင်းသွားနေသူ သုံးယောက်အား ရေကူးကန်ငယ်ကလေးနားမှာ ပုန်းစောင့်ကာဝိုင်းချတော့မည့် ရန်သူ၏ လှုပ်ရှားမှုတွေကို တွေ့ရပြန်၏။

မိမိညတိုက်ပွဲဝင် ရိုင်ဖယ်သမားကို ညွှန်ကြားလိုက်၏။

" ထုတ် ၊ . ထုတ် . . ထုတ် "



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုး ခပ်ငြိမ့်ငြိမ့်အသံတိတ် ရိုင်ဖယ်သံပေါ်ထွက်လာပြီး လူဆိုးနှစ်ယောက် ရေကူးကန်ထဲပြုတ်ကျသွားကြသည်။ ဤမျှ အစွမ်းထက်သော ရန်သူကို သူတို့တစ်ခါမျှ မကြုံတွေ့ဖူးသေးပါ။ အမှောင်တွင်းမှာပင် နတ်မျက်စိတပ်ထားသလို ဖောက်ထွင်းမြင်နိုင်ကာ ထိမှန်အောင်ပစ်နိုင်နေလေသည်။

သူတို့တွေမှာ အရေးပေါ်သုံးရန် ဘတ်ထရီအားသုံး ဝေါကီတော့ကီစကားပြောစက် ကလေးတွေရှိသည်။

" ဆရာနတ် . . ဆရာနတ် "

" ဟေ့ . . ဘယ်သူလဲ မိုက်ကယ်လ်လား၊ မင်းတို့ဘယ်မှာလဲ ဘာဖြစ်နေလဲကွ ဟေ "

" ကျွန်တော်တို့ ခံနေရတယ်ဆရာ၊ ကျွန်တော်တို့ အကြီးအကျယ် ခံနေရတယ် . . မှောင်ထဲမှာကိုပဲ ဘယ်လိုမြင်နေတယ်မသိဘူး၊ တစ်ယောက်ပြီးတစ်ယောက် ပစ်ချခံနေရတယ် "

" နေဦး မိုက်ကယ်လ် မင်းတို့ ဘာကြောင့်မီးဖြတ်လိုက်တာလဲ "

" ဟာ ကျွန်တော်တို့ ဖြတ်လိုက်တာ မဟုတ်ဘူးဆရာ၊





းက သူ့ဘာသာ သူပြတ်သွားတာ "

ဆရာနတ်ခဏ စဉ်းစားနေသည်။ ဆရာနတ်သည် အလွန်ဉာဏ်များသူဖြစ်ပြီး အခြေအနေအရပ်ရပ်ကို ရိပ်မိသွားသည်။

" ဟေ့ . . မိုက်ကယ်လ် မီးက သူ့ဘာသာ သူပြတ်တာ မဟုတ်ဘူး။ ဒီကောင်တွေဖြတ်လိုက်တာ ဖြစ်မယ် . . ဒီကောင်တွေမှာ ညကြည့်မှန်ပြောင်းတပ် ရိုင်ဖယ်တွေပါလိမ့်မယ် "

" ဟာ . . ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ရမလဲ ဆရာ "

" ကုန်းပတ်ပေါ်မှာ ဘာမှမလှုပ်ရှားနဲ့ "

" ကောင်းပြီ ဆရာ "

" မင်းတို့ အင်ဂျင်ခန်းကိုဆင်း မီးစက်ကိုပြန်နှိုးမှ မီးပြန်လာအောင်လုပ်ကွာ "

" ဟာ . . မှောင်မှောင်မည်းမည်းကြီးထဲမှာ စက်ခန်းထဲကို ဘယ်လိုလုပ် ဆင်းရမလဲဆရာ "

" ဟေ့ကောင် မိုကယ်လ်၊ ခရီးသည်တွေ ဟော်ခန်းထဲမှာ လက်နှိပ်ဓာတ်မီးတွေနဲ့ သွားနေတာကွ၊ မင်းတို့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်နိုပ်မီးတွေယူသွားကွာ ”

“ ကောင်းပြီ ဆရာ ”

“ ဩော် . . မိုက်ကယ်လ် ”

“ ဗျ . . ဆရာ ”

“ မင်းတို့ ပုံပိုင်းကိုလုံးဝမသွားနဲ့၊ ပုံပိုင်းမှာတိုက်ပွဲဖြစ်ရင် ဗုံးကြီးကိုသွားမှန်တာနဲ့ ချက်ချင်းထကွဲပြီး အားလုံးသေကုန်မှာ ကြားလား ”

“ ကောင်းပါပြီ ဆရာ ”

“ အေး ဒါပဲ . . မင်းကို အင်ဂျင်ခန်းထဲဆင်း မီးပြန်လင်းအောင် မြန်မြန်လုပ်ကြားလား ”

“ ကောင်းပါပြီ ဆရာနတ် ”

မိုက်ကယ်လ်ဟူသော ဆရာနတ်၏ ညာလက်ရုံးသည် နတ်ပြောသလိုလုပ်ဖို့ အကာအကွယ်နောက်မှ ကုန်းပတ်ပေါ်လေးဘက်ထောက်ကာ ဟောခန်းဆီသွားနေလေသည်။

မိုက်ကယ်လ်နောက်က လူဆယ်ယောက်လေးဘက်ထောက်လျက်ကပ်လိုက်လာလေသည်။





. . . . . . . . . . . . . . . . . . . . . . . . . . . . .

အလွန်သဘောမနော ကောင်းလှပြီး၊ လူမှုရေးစိတ်ဓာတ်ပြည့်လှသူ စက်ဝပ်နိုင်ငံသား တရုပ်ဘယဆေးဆရာ မစ္စတာရက်ဂျက်လီသည် မှုန်မွှားမွှား အလင်းရောင်အောက်မှာ တိရစ္ဆာန်တွေလို လေးဘက်ထောက်ဝင်လာသော လူဆိုးတွေကိုတွေ့၏။

‘ဘယ်သူတွေလဲ ’ဟု အသံကျယ်ကျယ်ဖြင့်မေးသည်။

ခရီးသည်တွေကြားမှာ ဝင်ခိုနေသော ကွန်မန်ဒိုတွေကြားသွားပြီး တိုက်ခိုက်ဖို့ အသင့်ပြင်ထားလိုက်သည်။ ခရီးသည်တွေကို အန္တရာယ်ပြုလာလျှင် သူကိုရှေ့ဆုံးက အသက်ပေးသွားလိမ့်မည်။

“ ရှူး . . တိုး တိုး . . ခင်ဗျားတို့မှာ လက်နှိပ်ဓာတ်မီးတွေရှိတယ်မဟုတ်လား ”

“ ရှိတယ် . . ဘာလိုလဲ ”

“ ကျုပ်တို့ အသုံးလိုလို့ နစ်ခုလောက်ပေးပါ ”

“ အင်း . . ရမယ် ”



www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်စရာမလိုသော ကိစ္စဖြစ်သဖြင့် မစ္စတာလီသည် သုံးဖွဲ့နေသော လက်နှိပ်ဓာတ်မီးတွေထဲက နှစ်ခုကိုယူဖေးလိုက်၏။

မိုက်ကယ်လ်က ထွက်သွားမည့်ဆဲဆဲ စကားတစ်ခွန်းပြောသွားသည်။

"မီးပြန်လာအောင် ကျုပ်တို့လုပ်ပေးမယ် ခဏစောင့်ကြတဲ့"

မစ္စတာ ရက်ဂျက်လီ ကွန်မန်ဒိုသုံးယောက်အားထိုသတင်းကို သွားပေး၏။ မိုက်ကယ်လ်တို့လူစု ဓာတ်လှေခါးသုံးမရသဖြင့် ရိုးရိုးလှေခါးမှဆင်းရမည်။ မီးအင်ဂျင်ထဲက လောင်စာဆီကို ချိန်၍ထည့်ထားခဲ့သဖြင့် ဆီကုန်ပြီး အလိုလိုရပ်သွားခြင်းဖြစ်ရာ ထိုအင်ဂျင်ကို ပြန်နိုးနိုင်ရန်ဆီရှာထည့်ရမည်။

ကျွမ်းကျင်သော စက်ဘက်အင်ဂျင်နီယာမပါလျှင် အချိန်အတော်ကြာကြာ နိုးယူရမည့်ကိစ္စဖြစ်နေ၏။ နာရီကြည့်လိုက်တော့ ညနှစ်နာရီနှင့် မိနစ်ငါးဆယ် . . သို့မဟုတ် သုညနှစ်ငါး သုညနာရီ။





နေအလင်းရောင်လာဖို့ နောက်နှစ်နာရီသာ လိုတော့သည်။ ကွန်မန်ဒိုတွေမှာ ဖိုက်ပွဲအစီအစဉ်ကို အသေးစိတ်ရေးဆွဲထားသူတွေဖြစ်ရာ ကိုရယ်လ်ကွင်း သဘော်သားတွေနှင့်ညှိပြီး စက်ခန်းဆီဆင်းသွားသော မိုက်ကယ်လ်တို့လူစု ပြန်တက်မလာနိုင်အောင် တံခါးတွေကို အပေါ်ကသော့ချကာပိတ်ထားလိုက်ကြ၏။

ခုတော့ ဆရာနတ်၏လူခြောက်ဆယ် အင်အားမှာ တစ်ဝက်လောက် လျော့နည်းသွားကာ ထိုတစ်ဝက်လောက်မှာလည်း အမှောင်ထုထဲမှာပင် မလှုပ်ရှားရဲတော့ပဲ . . အကာအကွယ်နောက်မှာ ငြိမ်နေကြရသည်။ ငြိမ်မနေပဲ လှုပ်ရှားနေသူတွေကတော့ ကွန်မန်ဒို ပထမအုပ်စုမှ ပုံပိုင်းဆီသွားနေသော လူသုံးယောက်ဖြစ်၏။

ပုံစင်ဆီ သူတို့ရောက်သွားပြီးနောက် . .။

"ဟော့ ရပ် ဘယ်သူလဲ"

မြန်မာလို အော်ဟစ် စစ်မေးသံပေါ်လာ၏။

'ကြယ်ပျံ'ဟု ချက်ချင်းပြန်ဖြေကြသည်။

"တက်ခဲ့ အပေါ်မှာ ဝံပုလွေမရှိဘူး ငါ ထွေးအောင်"



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်လား . . ဆရာ လမ်းမှာတော့ ကျွန်တော်တို့ကို ချမယ့်ကောင်တွေ အတော်များတယ် . . ။ အပေါ်က ကျွန်တော်တို့လူတွေ ဝိုင်းပစ်ပေးလို့သာပေါ့ "

" အင်း . . မင်းတို့ ရောက်လာတာအတော်ပဲ . . ငါ လုပ်ရှားစရာရှိနေတယ် "

" ဆိုဆရာ . . ကျွန်တော်တို့ ဘာလုပ်ရမလဲ "

" ဒါကြီးကို စောင့်ကွာ "

" ဟာ . . ဆူပါဖုံးကြီးပါလား ဆရာ "

" အေး ဟုတ်တယ် . . အီလက်ထရွန်နစ် ကွန်ထရိုးလ်ကွ၊ ဒါပေမယ့် ကျည်ဆံတွေဘာတွေ မှန်ရင် ချက်ချင်းထကွဲမှာ "

" ရှိအဆမ်ဘယ်လ် ပြန်ဖြုတ် . . လုပ်လို့မရဘူးလား ဆရာ "

ရဲအထူးတပ်ဖွဲ့ ကွန်မန်ဒိုကလေးတွေမှာ ခေတ်ပညာ တတ်ကလေးတွေဖြစ်နေရာ ဖောက်ခွဲရေးသင်တန်းဆင်းတွေ လည်းဖြစ်၏။

" မရဘူးကွ . . အော်တိုလော့ . . အလိုအလျောက်





သော့ပိတ်စနစ်တပ်ထားတာ မထိနဲ့ထိတာနဲ့ထကွဲမှာ "

" ဟာ "

" ဒါကြီးကို ဒီဖြူစ်စနတ်တံဖြုတ်ဖို့ ဝိုင်ကျီနဲ့တိုင်ပင်ရမယ် . . ငါ ဝါယာလက်စခန်းဆီသွားမယ် "

" ဆရာတစ်ယောက်ထဲလား "

" အေး "

" ကျွန်တော်တို့ကို လာတိုက်ရင် ဘာလုပ်ရမလဲ ဆရာ "

" ဒီဖိုးနားကသာ မခွာနဲ့ကွာ၊ ဒါကြီးထိမှာစိုးလို့မင်းတို့ကို လှမ်းပစ်ရဲမှာ မဟုတ်ဘူး၊ အေး . . ခလုတ်တွေလာချိန်မယ့်ကောင်၊ ဖုံးကြီးကို အမိန့်ပေးမယ့်ကောင်လာရင်တော့ အသေခံဆော်ပေတော့ "

" စိတ်ချဆရာ "

" ငါ သွားမယ် "

ထက်အောင် ပွဲစင်ပေါ်မှ ရိပ်ခနဲ ခုန်ဆင်းကာ အမှောင်ထုအတွင်း ပျောက်ကွယ်သွား၏။ ထိုအချိန်တွင် ရီဘတ်ကား အိမ္မွန်နှင့် ခင်ညိုအေးတို့သုံးယောက်မှာ ချူပ်ဟာဝမ်နှင့်အတူ အခန်းတစ်ခန်းထဲတွင် ပိတ်မိနေရာက လေသံဖြင့်တီးတိုးတိုင်ပင်

www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။

"ပစ်သံခတ်သံတွေ ကျဲသွားပြီ ညို ဘယ်လိုလုပ်ကြမလဲ" ဟု အိမ္ဗွန်ကမေး၏။

"တစ်ချက်ခြင်း ပစ်ခတ်သံတွေ တိုးတိုးကြားနေရသေးတယ်၊ ဆိုင်းလင့်ဆာနဲ့ ပစ်နေတာ" ဟု ရိဘတ်တာကဝင်ပြောသည်။

ခင်ညိုအေး 'အဲဒါ ကိုယ်တို့အဖွဲ့တွေ .. မှောင်ချလိုက်ပြီး ညကြည့်ရိုင်ဖယ်နဲ့ ပစ်နေတာ ..'

"နတ် မာလိန်စင်မှာ ထင်တယ်"

"ဟုတ်လိမ့်မယ်"

"နတ်ကို ဖမ်းမိရင် ကိစ္စအားလုံး ပြီးပြီ"

"ဘယ်လိုလုပ်မလဲ"

"တံခါးဝက ဟိုကောင်ကြီးချပြီး ထွက်မယ်"

ရိဘတ်တာက သတိပေးသည်။

"သူကိုယ် ကိုယ့်သိတယ်၊ ချူဟာဝမ်တဲ့ ဂရိတ်ကစ်ဘောက်ဆာကွ၊ ကြိုးဝိုင်းထဲမှာကို လူသတ်ဖူးတယ်"

အိမ္ဗွန် မာနခဲကလေး ပြုံးပြီပြန်ပြော၏။





"ဒါ ကြိုးဝိုင်းထဲမှာ မဟုတ်ဘူးလေ .. ပြီး .. တို့က သုံးယောက် သူကတစ်ယောက်ထဲ"

ရိဘတ်တာက အကြံပေးပြန်သည်။

"ချမယ်ဆိုရင် သူ့ကိုလှည့်စားရအောင်"

"ဘယ်လို"

"မိန်းမမာယာသုံးရအောင်လို့ ကိုယ် လုပ်ပါ့မယ်"

"မင်းတစ်ခုခု ဖြစ်သွားမယ် ရိဘတ်ကာ"

"ဒီတော့လဲ မင်းတို့ဝိုင်းဆော်ပေါ့ အရေးကြီးတာတာသူ အငိုက်မိသွားဖို့ပဲ မဟုတ်လား"

"အေး .. ကိုင်း ကြည့်လုပ်ကွာ"

အိမ္ဗွန်တို့ဆီက သဘောတူသွားလျှင် ရိဘတ်ကာ ချူဟာဝမ်ဆီ ကပ်သွား၏။

"ဟေ့ ဘာလဲ"

"ကျွန်မ ပျင်းလို့ပါ ချူ"

"ဟိုနှစ်ယောက်ရော"

"အိပ်ပျော်နေကြပြီ"

"မင်း ရိဘတ်ကာလား"



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် "

" လာ ဒီအနားမှာထိုင်ပါ . . ဒီနားက လေရတယ် "

" ကျေးဇူးပဲ မှောင်လိုက်တာနော် "

ရှိဘတ်ကာ ချူပဟာဝမ်အားမှာ ကပ်ထိုင်ချလိုက်၏။

. . . . . . . . . . . . . . . . . . . . . . . . . . . .





## အခန်း(၁၇)



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှာ တစ်ယောက်တည်း ငြိမ်နေရစဉ်၊ လက်မှာပတ်ထားသည့် စီတီဇင်ကွတ်ဇ်နာရီက အချက်ပေးသံမြည်၍လာ၏။

ဖန်ဆရာနတ် . . ရေဒီယိုဆက်သွယ်ရေးခန်းထဲမှာ ထိုင်နေခြင်းဖြစ်သည်။ သုညလေး သုညသုညနာရီ။ မနက်လေးနာရီ။

သင်္ဘောကြီး သူ့လက်တွင်း ရောက်လာသည်မှာ နာရီလေးဆယ်ခန့်ရှိပြီ။ ဒါပေမယ့် မူလသူ့ရည်ရွယ်ချက်ဖြစ်သော





အစ်ကိုဖြစ်သူ ဆရာဆတ်ကို ကယ်တင်ရန်အစီအစဉ်မှာ အလွယ်တကူဖြစ်မလာခဲ့ပါ။

ယခုပင်လျှင် နေ့တစ်နေ့အစအဖြစ် မကြာခင်ရောက်လာတော့မည်။ သင်္ဘောပေါ်ရောက်နေသော ရဲကွန်မန်ဒို အကြမ်းဖက်မှုနှိမ်နင်းရေး အထူးတပ်ဖွဲ့ဝင်များ လက်ချက်ဖြင့် သူ့လူတွေ အတော်လျော့ပါးသွားရပြီ။

ကျန်ရှိနေသော ထက်ဝက်ခန့်သာရှိသည့် အင်အားဖြင့် ခရီးသည်တွေကို ထိန်းထားဖို့၊ ရဲကွန်မန်ဒိုတွေကို ရင်ဆိုင်တိုက်ဖို့ မလွယ်တော့ဟု သူထင်သည်။

ဆရာနတ်ဆိုတဲ့နာမည်ကို တော့ဖြင့် သိက္ခာအကျမခံနိုင်။ လက်လျော့အရှုံးပေးခြင်းဟူ၍ သူ့ရာဇဝင်မှာမရှိ။

ဆတ်ကိုမကယ်တင်နိုင်လျှင် . . လက်စားချေသည့်အနေဖြင့် ဤသင်္ဘောကြီးကို ဖောက်ခွဲပစ်လိုက်သည်။ ဆရာနတ်ရှေ့စားပွဲပေါ်က ရေဒီယိုဆက်သွယ်ရေးစက်များမှာ မည်သည့်ဝစ္စည်းမှမဖြည့်တင်းရပဲ တစ်နှစ်ဝ၁၂၅ သုံးနိုင်သော ဘက်ထရီအိုးများကိုတပ်ဆင် အသုံးပြုထားသည်ဖြစ်ရာ မီးပျက်နေသော်လည်း ကောင်းစွာအလုပ်လုပ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာနတ် စက်တစ်လုံးကို ဖွင့်လိုက်၏။

" ဟဲလို . . ဝိုင်ဂျီ . . ဟဲလို ဝိုင်ဂျီ ဘယ်လိုလဲ ကျုပ်တောင်းဆိုတာက မဖြစ်နိုင်ဘူးလား . . မနိုးစပ်ဘူးလား၊ ကျုပ်စိတ်မရှည်တော့ဘူး . . မနက်မိုးလင်းတာနဲ့ ကျုပ် ဒီသဘော်ကြီးကို ခွဲပစ်လိုက်တော့မယ် "

ဆရာနတ်ဆက်သွယ်လိုက်သည့် စကားကို ဝိုင်ဂျီအုပ်စု၏ ရေဒီယိုနားမှာ တစ်ညလုံး ငုတ်တုတ်ထိုင်ကာ တက်တက်ကြွကြွစိုးရိမ်စိတ်တွေနှင့် စောင့်ကြည့်နေသော ဆရာဒွေးကြားသွား၏။ ချက်ချင်း ပြန်ထူးသည်။

" ဖန်ဆရာနတ် . . မမိုက်စမ်းပါနဲ့ကွာ မိုးမလင်းမီမင်းအစ်ကို ဆတ်ရောက်လာမှာပါ . . အေး . . သဘော်ကြီးတစ်ခုခုဖြစ်ရင် မင်းအစ်ကိုဆတ်ကို မင်းဘယ်တော့မှ ပြန်တွေ့ရလိမ့်မထင်နဲ့ "

ဆရာဒွေးစကားကြောင့် နတ်ရှုးရှုးရှဲရှဲ ဒေါသတွေကြီးလို့။

" ဟာ . . ခင်ဗျားတို့က ကျုပ်ကိုပြန်ခြိမ်းခြောက်နေတာလား၊ ကောင်းပြီ ခင်ဗျားတို့ ကြိုက်သလိုလုပ် . . ကျုပ်လည်း





သဘော်ကြီးကိုရော ခရီးသည်တွေကိုပါ ရေအောက်သင်္ချိုင်းပို့ပစ်မယ် . . ဟင်း "

" ဖန်ဆရာနတ် . . မင်း ဒီလိုမလုပ်နဲ့လေ . . ငါတို့ပြောတာရှင်းနေတာပဲ . . မိုးလင်းတာနဲ့ ဆတ်ရောက်လာမယ်၊ င်းဆီကို လွှတ်ပေးမယ် . . မင်းတို့လွှတ်ရာကျွတ်ရာကို ပြေးကြပေါ့ . . ဟုတ်လား "

" ကောင်းပြီ၊ ကျုပ် နောက်ထပ်တစ်နာရီ စောင့်မယ်၊ အဲဒီကကျော်ရင် တာဝန်မယူဘူး "

နတ်စက်ကို ပိတ်၍ထရပ်လိုက်သည်။ ထိုစဉ် ရေဒီယိုခန်းတွင်းသို့ လူရိပ်တစ်ခုဝင်လာ၏။

" ဟော့ . . ဘယ်သူလဲ " ဟု နတ်ကမေးသည်။

" ခွပ် "

အဖြေစကားအစား လက်သီးတစ်လုံးသာ ဘန်းခနဲဝင်လာသည်။ နတ်ထိုင်ကျသွားပြီး ခါးကြားက ပစ္စတိုလွင့်ထွက်သွားသည်။ လက်တစ်ဘက်သည် ကျင်ခနဲနာသွားသည်။

နတ်အတော်လန့်သွားပြီး ရေဒီယိုခန်းအပြင်ကို ဂုန်းခနဲလစ်ပြေးသွား၏။ အမှောင်တွင်းမှာ ရောက်လာသူကား



www.burmeseclassic.com

www.burmeseclassic.com



ထက်အောင်။ ထက်အောင်သည် သူတိုက်ခိုက်လွတ်လိုက်သူမှာ ဖန်ဆရာနတ်ကိုယ်တိုင် ဖြစ်ကြောင်းမရိပ်မိလိုက်။ နတ်ဖြစ်မှန်း သာသိလျှင် ပြေးပေါက်မပေး။ အသေအကြေ တိုက်ခိုက်ပစ် လိုက်မည်ဖြစ်၏။

ခု ထက်အောင် ရေဒီယိုကိုဖွင့်ပြီး ဝိုင်ဂျီအုပ်စုကိုခေါ်၏။

"ဟဲလို ဝိုင်ဂျီ . . ဟဲလို . . ဝိုင်ဂျီ . . ကြယ်ပျံခုနစ်ပွင့် လင်းနေတယ် . . ဟဲလို . . ဝိုင်ဂျီ ကြယ်ပျံခုနစ်ပွင့်လင်းနေတယ်"

ဆရာဒွေး ဝမ်းသာအားရပြန်ဖြေ၏။

"ဟာ . . ထက်အောင် . . နတ်ကို ဖမ်းပြီးပြီလား"

"ဆရာနတ်ကို ရှာမတွေ့ဘူး"

"ဟေ့ . . ခုနက သူစက်ပေါ်မှာ ငါနဲ့ ပြောနေသေး တယ်ကွာ"

"ဟင်"

ထက်အောင် သိလိုက်ပေမယ့် နောက်ကျသွားပါပြီ။

"ဆရာ"

"ပြော ထက်အောင် . . အခြေအနေဘယ်လိုလဲ"

"ဗုံးကြီးကိုတွေ့ထားပြီ ဆရာ၊ ဒါပေမယ့် ဖျက်ဆီးလဲ





လွယ်တဲ့ အမျိုးအစားဖြစ်နေတယ်၊ အော်တိုလော့ခ်လုပ်ထား တာ ဆရာ . ."

"ဟေ့ . . တိုင်းမ်ဆက်တင်အချိန်ကိုက်ထားတာရော တွေ့လား"

"မတွေ့သေးဘူးဆရာ ရီမုလ်ကနတ်ဆီမှာပဲ ရှိနေပုံရ တယ်၊ ဗုံးရဲ့ လျှို့ဝှက်ချက်ကိုသိမှဖြစ်မယ် ဆရာ"

"ဘယ်လိုလုပ်ရမလဲကွာ၊ မင်းမှာ အိုင်ဒီယာရှိသလား"

"ရှိတယ်ဆရာ . . ဒီလိုလုပ်ပေးပါ"

ထက်အောင် ဆူပါဗုံးကြီးနှင့် ပတ်သက်ပြီး သူစဉ်းစား ထားသော လက်သည်တရားခံအမည်နှင့် ရှိနိုင်မည့်နေရာကို ပြောပြလိုက်၏။ ဆရာဒွေး အသေအချာ နားထောင်မှတ်သားပြီး နောက် . .

"ကောင်းပြီ ထက်အောင်၊ မင်းပြောတဲ့အတိုင်း ငါတို့ ချက်ချင်းလုပ်မယ်၊ နောက်တစ်နာရီကွာ ငါးနာရီတိတိမှာ အဖြေကိုသိရမယ်" ဟုဆိုလေသည်။

ထက်အောင် ဆက်သွယ်ရေးစက်ကို ပိတ်လိုက်၏။ ဤ ခန်းအနီးအနားတွင်ရှိမည့် ဖန်ဆရာနတ်ကို ရှာဖွေဖမ်းဆီးဖို့



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသည်။ နတ်ကိုဖမ်းမိပြီး သူ့လက်တွင်းက ရီမုလ်အဝေး ထိန်းကိရိယာကို ယူလိုက်နိုင်လျှင် ဗုံးကြီးကိုဘယ်သူမှ ဖောက်ခွဲနိုင်တော့မည် မဟုတ်ချေ။

ထက်အောင် ရေဒီယိုအခန်းတွင်းမှာ တစ်စုံတစ်ခုရှာ၏။ နံရံတွင် မှန်ဘီရိုဖြင့်ထည့်ထားသော လက်ဆွဲအရေးပေါ်ဆက်သွယ်ရေးစက်နှစ်လုံးကို တွေ့သည်တွင် တစ်လုံးကိုထုတ်ယူလိုက်သည်။

မှောင်မည်းနေသဖြင့် ခလုတ်တွေကို စမ်းသပ်ပြီးဖွင့်ကြည့်သည်။ ကောင်းစွာ အလုပ်လုပ်ကြောင်း အချက်ပြမီးလေး တစ်ပွင့်လင်းလာပြီးပြသသည်။

စက်ကိုဆွဲယူကာ ထွက်လာပြီး . .

" ရှစ် . . ရှီး . . ရှစ် . . ရှီး "

ဝရံတာတစ်ခုမှာရပ်၍ လက်ခေါက်မှုတ် အချက်ပေးလိုက်သည်။ ခဏအကြာတွင် ရဲတပ်ကြပ်ကြီး လှေခါးတစ်ခုပေါ်က ဆင်းလာပြီး လေသံဖြင့်လှမ်းခေါ်သည်။

" ဆရာထက်အောင် . . "

" လာ . . ဆရာကြီး ဓေယျရော . . ဒီစက်ကိုယူ ပွဲစင်





ဘက်ကိုသွား အဲဒီမှာ ကျုပ်တို့လူတွေရှိတယ် . . အဲဒီမှာသွားစု"

" နတ်ကို လက်ရဖမ်းဖို့ကရော ဆရာ "

" ဝိုင်းဖမ်းရင် နတ်က ဗုံးခလုတ်ကို နှိပ်လိုက်လိမ့်မယ်"

" ဟင် . . ဘာဗုံးလဲ ဆရာ"

" ဆွပါဗုံး . . ကဲ ကျုပ်ပြောတဲ့အတိုင်းလုပ် . . ပွဲစင်ဘက်ကသွားစောင့် "

" ကောင်းပြီ ဆရာ "

ရဲတပ်ကြပ်ကြီးနှင့်အဖွဲ့ ရေဒီယိုဆက်သွယ်ရေး စက်ကိုယူကာထွက်သွားသည်။ ထက်အောင် မာလိန်စင်ပေါ်တက်လာခဲ့သည်။ မာလိန်စင်ပေါ်မှာ ရှင်းလို့မည်သူမျှရှိမနေ။

နတ် ဘယ်မှာ ပုန်းနေသလဲ . . .။

. . . . . . . . . . . . . . . . . . . . . . . . . .

ချူ . . ဟော့ . . ချူ . . ချူ တံခါးဖွင့်ပါဦး ငါပါကွ"

" ဟင် "

ချူဟာဝမ် ရီဘတ်ကာကိုဖက်၍ထားရင်း အပြင်ထ



www.burmeseclassic.com

www.burmeseclassic.com



နတ်၏အသံ ပေါ်လာ၏။

" နတ်လား ဘာဖြစ်သလဲ "

" အရေးကြီးတယ်ကွ တံခါးမြန်မြန်ဖွင့်စမ်းပါ "

ချူဟာဝမ် သက်ပျင်းကိုချပြီး . . ရီဘတ်ကာကိုအသာ တွန်းလှုတ်ကာ တံခါးကိုဖွင့်၏။ နတ်အခန်းတွင်း ဝင်လာပြီး တံခါးကိုချက်ချင်း ပြန်၍တွန်းပိတ်သည်။

" ချူ . . ငါတို့အရေးနိမ့်နေပြီကွ "

" ဟင် ဘာဖြစ်လို့လဲ "

" ရဲတွေနဲ့တိုက်ရင်း တို့လူတွေ တစ်ဝက်လောက်ကုန် ပြီ "

" ဟာ . . ဟုတ်လား "

" အေး . . ငါစိတ်မရှည်တော့ဘူးကွာ "

" ဘာလုပ်မလို့လဲ ဆရာနတ် ခရီးသည်တွေထဲက ကံဆိုးသူမောင်ရှင်ရွေးပြီး သတ်ပြလိုက်မလား "

" ဘာလုပ်မှာလဲကွာ . . ထိရောက်မယ့်နည်းလမ်း မဟုတ်ပါဘူး "

" ဒါဖြင့် ခင်ဗျား ဘာလုပ်ချင်လဲ "





" တို့သဘောကြီးကို စွန့်ခွာမယ်။ ဒါပေမယ့် လက်မြှောက်အရှုံးပေးသွားမှာ မဟုတ်ဘူး။ ဗုံးကြီးကိုအချိန်ကိုက် ဖောက်ခွဲပစ်ခဲ့မှာ "

" ကောင်းတယ် "

ထိုခဏတွင် နတ်၏ခါးမှာချိန်ထားသော ဝေါကီတောကီကလေးမှ အသံထွက်ပေါ်လာသည်။

" ဆရာနတ် . . ဆရာနတ် "

" ဟေ့ . . ဘယ်သူလဲကွ "

" မိုက်ကယ်ပါ ဆရာ . . ကျွန်တော်တို့ စက်ခန်းထဲမှာ ပိတ်မိနေပြီ "

" ဟေ . . ဘယ်လို "

" ဆရာခိုင်းတဲ့အတိုင်း မီးစက်ပြန်မောင်းဖို့ မှောင်ကြီးထဲမှာ ဆင်းကြတာဆရာ၊ ချော်ကျပြီး ကျွန်တော့်ကောင်တစ်ယောက်လက်ကျိုးသွားတယ် "

" ဟာ . . ဟုတ်လား "

" မီးစက်ကလဲ မောင်းလို့မရဘူး ဆရာ၊ ဘာဖြစ်နေမှန်း မသိဘူး . . ကျွန်တော်တို့လဲ နားမလည်ဘူး . . အဲဒါ ခု မြန်



www.burmeseclassic.com

www.burmeseclassic.com



တက်လာကြတော့ ရေလုံတံခါးတွေကို အပြင်ကအသေပိတ်ထားကြတယ် . . သင်္ဘောသားတွေပဲဖြစ်မှာပဲ ဆရာ ”

“ အင်း ”

“ ကျွန်တော်တို့ကို လာကယ်ပါဦးဆရာ ”

“ အေး . . ငါ လူလွှတ်လိုက်မယ် ”

“ ဒီမယ် ဆရာ ”

“ ဘာလဲ မိုက်ကယ် ”

“ ဆရာတို့ ဗုံးကြီးကို ဘယ်တော့ခွဲမှာလဲ . . ကျွန်တော်တို့ပိတ်မိ ကျန်ခဲ့ပါ့မယ်ဆရာ ”

“ အေးပါကွာ . . ငါ လူလွှတ်လိုက်ပါ့မယ်၊ မင်းတို့လဲ တစ်ခြားလမ်းရှာကြည့်ဦး။ ကဲ . . ဒါပဲမဟုတ်လား မိုက်ကယ်၊ ငါ ဒီမှာ စီစဉ်စရာရှိသေးတယ်ကွ ”

နတ်ဝေါကီတော်ကီ ခလုတ်ကိုပိတ်ကာ စက်ကလေးကိုပါ ကြမ်းပြင်ပေါ်ပစ်ချလိုက်ရာ ခွမ်းကနဲကွဲကျေသွား၏။

လူမဆန်သောနတ် ရက်စက်ပြီ . .။ သူ့ကိုယ်ထဲက ချော့ကလက်ပြားတစ်ပြား အရွယ်သာရှိပစ္စည်းကလေး တစ်ခုကို ထုတ်ယူလိုက်၏။





ဆူပါဗုံးကြီး၏ ရီမုလ်ကွန်ထရိုးကလေးဖြစ်သည်။

“ ဘယ်နှစ်နာရီကို ချိန်မလဲ ဆရာ ”

“ အခု လေးနာရီခွဲပြီကွ၊ ငါတို့ ငါးနာရီမှာထွက်မယ် . . ခြောက်နာရီမှာ ချိန်ထားလိုက်မယ် ”

“ ကောင်းတယ် ဆရာ ”

“ ဗုံးကြီးရဲ့ တိုင်မာအချိန်မှတ်စက်ကို စဖွင့်လိုက်တာ မင်းရယ် ငါရယ်ပဲသိမယ်၊ ကဲ . . လာစမ်းကွာ သေကြစမ်း . . ဘာလဲ ကိုရယ်လ်ကွင်း ကမ္ဘာပေါ်မှာ အကောင်းဆုံးအပျော်စီး သင်္ဘောဟုတ်လား၊ ဟား ဟား . . သွား ရေအောက်သချိုင်းကို သွား . . ရေအောက်သချိုင်းကိုသွား ”

အရူးတစ်ယောက်လို ပြောရင်းက နာရီဒိုင်ခွက်ကို ခြောက်နာရီလို့ ချိန်ကာခလုပ်နှိပ်ပစ်လိုက်၏။

“ ပြီးပြီ . . ပြီးသွားပြီပဲ ဒီဗုံးကြီးကို မဖောက်အောင် ဘယ်သူမှ မတားနိုင်တော့ဘူး။ ဒီရီမုလ်လဲ ဘာမှလုပ်လို့မရတော့ဘူး . . သူကဝမ်း ကွန်မင်းအမိန့်တစ်ခုပဲ ပေးရတာ ကဲ သွားကွာ မင်းတာဝန်ကျေပြီ ”

အမှောင်ထုထဲ ရီမုလ်ကလေးကို ပစ်ပေါက်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်ကို သွားထိသည်။

" အင့် "

" ဟော . . ဘယ်သူလဲ အဲ ဒါ ဘယ်သူလဲ ချ "

" ဟိုကောင်မလေး သုံးယောက်ဆရာ "

" ဟင် . . မင်းတို့ သူတို့ကိုဘာလို့ ခေါ်ထားတာလဲ "

" ဟာ. . . ဆရာပဲ အမိန့်ပေးထားတာလေ "

" ဩော် . . . အေး မင်းတို့က ဘယ်အဖွဲ့အစည်းက တိုတာ စစ်ပြီးပြီလား "

" စစ်လို့ဆေးလို့ မရဘူးဆရာ "

" ကောင်းပြီ . . သူတို့ကို ငါတို့နဲ့အတူ ခေါ်ခဲ့ကွာ "

" ဟာ . . သူတို့ကိုထိန်းဖို့ မလွယ်ဘူးထင်တယ်ဆရာ သူတို့ကလဲ ဖိုက်တာတွေ၊ လစ်တာနဲ့ ကျွန်တော်တို့ကို ပြန်ဆော်မှာ "

" မဟုတ်ဘူးလေကွာ . .၊ အရေးအကြောင်းဆို သူတို့ကို ဓားစာခံအဖြစ် သုံးရမှာပေါ့၊ ရအောင်ထိန်းကွာ ကြိုးနဲ့တုတ်ခေါ်ခဲ့ "

" ရပါတယ် . . ကျွန်မ တာဝန်ယူတယ် "





" ဟင် "

အခန်းတွင်း ဝင်လာသူမှာ ဂျူလီပေါင်း။ ဂျူလီတစ်ယောက် ရီဘတ်ကာ၊ အိမွန်၊ ခင်ညိုအေးတို့ သုံးယောက်ကဝိုင်းတိုက်သောဒဏ်ရာတွေဖြင့် ပွန်းပဲ့စုတ်သွားရာတခ ယခု မောင်းပြန်သေနတ်တစ်လက်ကို ကိုင်ကာဝင်လာသည်။

" ဒီသုံးယောက်ကို ကျွန်မတာဝန်ထား . . ရှုတ်ရှုတ်လုပ်ရင် ပစ်သတ်မယ် "

ဂျူလီ. အငြိုးကြီးစွာဆိုလေသည်။

အာရှမှာ လူကြိုက်အများဆုံးဆိုသော အဆိုတော်ကောင်မလေးသည် လူမိုက်လူရမ်းကားကလေး ဖြစ်နေလေပြီး

ရီဘတ်ကာတို့ဆီ လျှောက်ဝင်လာ၏။ လက်တစ်ကမ်းအကွာမှာရပ်ကာ သေနတ်ဖြင့်ချိန်ထားရာမှ အိမွန်အနားကပ်ကာ မျက်နှာကို လက်ပြန်လွှဲရိုက်လိုက်သည်။

ဖျန်းကနဲ . .။

အိမွန်မျက်နှာကလေး လယ်ထွက်သွားသည်။ ဒါပေမဲ့ တောင် မကျေနပ်။ ဂျူလီက ကျိန်းမောင်းနေလေ၏။

" ဘယ်သူက ပိုအစွမ်းထက်တယ်ဆိုတာ နင့်ကိုလက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြုရဦးမယ် ”

ဆရာနတ်က တားလိုက်၏။

“ ဂျူလီဝေါင်း တော်ပြီ . . အချိန်မရှိဘူး . . တို့မှာ လုပ်စရာတွေ ရှိသေးတယ်ဟေ့ . . ချူ ရသမျှတို့ကောင်တွေ အမြန်စုစမ်းကွာ မြန်မြန်လုပ် ”





## အခန်း(၁၈)



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဆီက ရောင်နီသန်းလာလေပြီ။

ကိုရယ်လ်ကွင်းပေါ်မှာ လှုပ်ရှားမှုမရှိ ငြိမ်သက်၍နေ၏။ သုညငါး သုညသုညနာရီ။ မာလိန်စင်ပေါ်က ထက်အောင် ဆရာနတ်၏ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေသည်။

ပထမကုန်းပတ်၏ ဝဲယာဘေးနှစ်ဘက်တွင် လူလေးဆယ်စီးနှင်းနိုင်သည့် အသက်ကယ်လှေ တစ်ဘက်ဆယ့်နှစ်စီး စုစုပေါင်း အသက်ကယ်လှေနှစ်ဆယ့်လေးစီး ချိတ်ဆွဲထား၏။

အသက်ကယ်လှေတွေရှိနေသော ပလက်ဖောင်းအဆင့်





တစ်နေရာမှာ ဆရာနတ်လူတွေ ပေါ်လာပြီး စက်သေနတ်များ၊ မောင်းပြန်များ၊ လောင်ချာများဖြင့် အကြီးအကျယ် ခုခံကာကွယ်ရန် ပြင်ဆင်၍နေသည်။

ထက်အောင် မာလိန်စင်ပေါ်က ပုံစင်ဆီဆက်သွယ်သော စပီကာခလုတ်ကိုဖွင့်ပြီး ရဲတပ်ကြပ်ကြီး ဖေယျူဆီလှမ်းပြောသည်။

" ဆရာကြီး ဖေယျူ . . အဲဒီပေါ်မှာ သုံးယောက်ထားခဲ့ပြီး ခင်ဗျားတို့ ခြောက်ယောက်တက်ခဲ့ . . အသက်ကယ်လှေတွေထားတဲ့ ဒက်ခ်ပေါ်မှာ ဟိုကောင်တွေ နေရာယူထားတယ်၊ အသက်ကယ်လှေနဲ့ ဆက်ပြေးကြလိမ့်မယ်ထင်တယ် "

" ကောင်းပြီဆရာ . . ကျွန်တော်တို့ တက်လာခဲ့မယ် . . ရအောင်တားပါ့မယ် "

ရဲတပ်ကြပ်ကြီးနှင့် လူငါးယောက် ချက်ချင်းဆိုသလို ပုံစင်ပေါ်မှ ခစ်သွက်သွက်လာပြီး ပထမကုန်းပတ်ဆီ ဦးတည်တက်လာနေကြ၏။ ဆရာနတ်လူတွေ တွေ့သွားပြီးအပေါ်စီးမှ ဆီးကြိုပစ်ခတ်၏။

ဗာလ်တန်အမျိုးအစား ချက်ကိုစက်သေနတ်ကြီး အသံ



www.burmeseclassic.com

www.burmeseclassic.com



သည် အလွန်လှပသောနေ့သစ်၏ အရှက်ကို အရုပ်ဆိုးအကျည်းတန်စေသည်။ ကွန်မင်ဒိုများသည် ကိုရယ်လ်ကွင်း၏ ဖွဲ့စည်းတည်ဆောက်ပုံကို သိထားကြပြီးဖြစ်ရာ၊ ဒုတိယကုန်းပတ်ပေါ်မှ ရုတ်ချည်းကွယ်ပျောက်သွားသည်။

ထိုစဉ် အသက်ကယ်လှေတစ်စီးပေါ် ဆရာနတ်၊ ချူဟာဝမ်၊ ဂျူလီဝေါင်းနှင့် ရီဘတ်ကာ၊ အိမ့်မွန်၊ ခင်ညိုအေးတို့ သုံးယောက်တက်နေသည်ကို မြင်းရသည်။

ရီဘတ်ကာတို့ သုံးယောက်မှာကြိုးဖြင့် တုတ်ထားခံရ၏။ သေနတ်ဖြင့်ချိန်ထား ခြင်းလည်းခံရသည်။

သူတို့တက်ပြီးသည်နှင့် အသက်ကယ်လှေကလေးကို တဖြည်းဖြည်း သင်္ဘောကြီး၏ ဝမ်းနဘေးမှ နိမ့်ချပေးသည်။ ကရိန်းကြိုးများကို မောင်းနေသူအနားမှာ လက်နက်ကိုင်လူဆိုးတွေဝိုင်း၍ ကာဗာလုပ်ပေးနေ၏။

ထက်အောင် မာလိန်စင်၏တစ်ဘက်စကြံပေါ်မှာ မိကျောင်းတွားသွား၍ နတ်တို့လူစုနှင့်နီးရာ အပေါ်တည့်တည့် ဆီသွားနေ၏။ ထောင့်ချိုးတစ်ခုမှ ရဲတပ်ကြပ်ကြီးနှင့် အဖွဲ့ပေါ်လာပြီး ဗာလ်တန်စက်သေနတ်ကြီးဆီ တန်း၍ပစ်ကြသည်။





နတ်လူတွေကလည်း ဝိုင်းပစ်ကြ၏။ ကွန်မင်ဒိုတွေဘက်ကလည်း ပြန်ဖိပစ်သည်။ မနက်နေရောင်မမြင်ရသေးခင် မောင်းပြန်သေနတ်သံမျိုးစုံကို ဆူညံအောင်ကြားရလေသည်။

နတ်လူတစ်ယောက် လောင်ချာတစ်လက်ဖြင့် ကွန်မန်ဒို အုပ်စုဆီလှမ်းချိန်လိုက်စဉ် အပေါ်ဆင့်က မြင်နေရသော ထက်အောင် သံကြိုးခွေကြီးတစ်ခွေ လောင်ချာပေါ်ပစ်ချလိုက်၏။ လောင်ချာဗုံးသီးကျည်ဆံမှာ ကွန်မန်ဒိုတွေဘက် မရောက်ပဲ ပယ်လယ်ထဲကျသွားသည်။

ကြိုးဖြင့်လျှောချပေးနေသော ဆရာနတ်တို့လှေမှာ သင်္ဘောကိုယ်ထည်ကြီးနဘေးတွင် တွဲလောင်းကြီးဖြစ်နေ၏။ ရေပြင်နှင့်လည်း ပေခြောက်ဆယ်လောက် ကွာနေသေး၏။ အပေါ်သို့ ပြန်တက်၍လည်း မရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကောင်မြို့လယ် တစ်နေရာ။

ဒုစရိုက်သမားအများစု နေထိုင်ပြီး ဥပဒေလက်လှမ်း မမှီသည့် တားမြစ်ထားခြင်းခံရသော တစ်နေရာ။

ရဲတပ်ဖွဲ့ဝင်များ၊ အေရှဗိုလ်စုံထောက်အဖွဲ့ဝင်များ၊ ကားတွေဖြင့် မောင်းဝင်လာကြကာ ဆယ့်နှစ်ထပ်တိုက်ကြီးတစ်လုံး ကိုဝိုင်းလိုက်ကြ၏။

ကောင်းကင်ယံမှ ရဲရဟတ်ယာဉ်ကြီးနှစ်စီး ရောက်လာ ပြီး တိုက်ကြီး၏ခေါင်မိုးပေါ်တွင် ဝဲကာစုံထောက်တစ်ချို့နှင့် ရဲအရာရှိတစ်ချို့ ကြိုးဖြင့်လျှောဆင်းလာကြသည်။

ဆယ့်နှစ်ထပ်တိုက်ကြီး၏ ခေါင်းမိုးထပ်တစ်နေရာကို ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ ဝိုင်းအုံပိတ်ဆို့ထားလိုက်ကြ၏။ အချိန်က သုညငါးသုညသုညနာရီ။

ခုခံသူဆိုးသွမ်းရာဇဝတ်ကောင် တစ်ချို့၊ အကြမ်းဖက် လုယက်ခါးပိုက်နှိုက်သူ တစ်ချို့ဆုတ်ခွာသွားကြစဉ် အေရှပိုလ် စုံထောက်အဖွဲ့ဝင်များသည် ဆယ်နှစ်ထပ်တိုက်အိုကြီး၏ ခေါင်မိုးထပ်တစ်နေရာက အခန်းဟောင်းကလေးတစ်ခန်း





အတွင်း မောင်းပြန်သေနတ်တွေကို ချိန်ရွယ်ကာဝင်လိုက်ကြ သည်။

အခန်းကလေးအတွင်းမှာတော့ အဆင့်မြင့် အီလက် ထရွန်နစ်ပစ္စည်းများဖြစ်သော ဒက်စ်တော့ပ်စားပွဲတင် ကွန်ပြူတာများ၊ လျှပ်စီးပတ်လမ်းတိုင်း ကိရိယာများ၊ ကွန်ပျူ တာအသေးစားလေတွေ ထုတ်လုပ်နိုင်သော ပရိဆက် ဆာကိရိယာများ ရှိနေသည်ကို အံ့သြစရာတွေ့နေရ၏။

သူတို့အား သတင်းပေးသူ မြန်မာပြည်က အေးဂျင့် ထက်အောင်မှန်နေပေပြီ။ ဤတိုက်ခန်းကလေးသည် ပရော် ဖတ်ဆာဖုရှင်း၏အခန်း ဖြစ်နေသည်။

ဖုရှင်းက ကာဂိုးရှိုးပညာရှင်ဖြစ်သည်။ အတတ်ပညာ တစ်ရပ်ကို တစ်နေရာရာမှာ စနစ်တကျ သင်ယူခြင်းမဟုတ်။ မိမိဘာသာ လေ့လာသင်ယူပြီး တတ်မြောက်လာသူ။

ပရော်ဖတ်ဆာဟူသည့် ဘွဲ့ကလည်း နောက်ပြောင်ပေး ထားခြင်းသာဖြစ်သည်။ ဒါပေမယ့် ဖုရှင်းသည် မာစကာဘာရိန်း ခေါ် ပညာဉာဏ်ကြီးရှင်ဖြစ်၏။

အီလက်ထရွန်းနစ်ပညာ၊ ဓာတု ဗေဒပညာ၊ ရူပဗေဒ



www.burmeseclassic.com

www.burmeseclassic.com



စသော ပညာရပ်တွေမှာ ပါရဂူမြောက် တတ်ကျွမ်းနေသည်။

အေရှုပိုလ်စုံထောက်တွေ အခန်းထဲမှာလှည့်ပတ်ရှာ၏။ ရှုပ်ပွနေသောပစ္စည်းတွေကြားမှာ စက်ရုပ်ကြီးတစ်ရုပ်ကလွဲလို့ ဘယ်လို့ ဘယ်သူမှမတွေ့။

စုံထောက်တစ်ယောက်က စဉ်းစားမိပြီး စက်ရုပ်ကြီး အတွင်းသို့ စီးကရက်မီးခိုးတွေ မှုတ်သွင်းလိုက်သည်။

" အဟွတ် . . အဟွတ် . . အဟွတ် "

စက်ရုပ်ကြီးထဲက ချောင်းဆိုးသံတွေ ပေါ်လာပြီး ဝင်ပုန်းနေသော ဖုရှင်းထွက်လာလေ၏။ ဖုရှင်းကို ဝိုင်းစစ်ကြလျှင် ဖန်ဆရာနတ်အတွက် ဆူပါဗုံးကြီး လုပ်ပေးလိုက်ကြောင်းဝန်ခံလေသည်။

အေရှုပိုလ်အေးဂျင့်များက ဖုရှင်းအနေဖြင့် ဤဗုံးကြီးကို မပေါက်ကွဲမီ မည်သို့ဖျက်ဆီး ထိန်းချုပ်ရမည်ဟူသည်ကို ပြောမည်ဆိုပါက အပြစ်ဒဏ်မှ သက်ညှာစွာ စဉ်းစားမည်ဖြစ်ကြောင်း၊ အကယ်၍ ဗုံးကြီးပေါက်ကွဲလျှင် ခရီးသည်ပေါင်းများစွာ အသက်ဆုံးရှုံးရမည်ဖြစ်ကြောင်း ပြောသည်။

ဖုရှင်း မျက်ရည်တွေကျကာ ခေါင်းကိုချ၏။ သူ၏





ဗုံးကြီးမှာ ဖျက်ဆီး၍မရအောင် အထူးတည်ဆောက်ထားကြောင်း ဖျက်ဆီးဖို့မပြောနှင့် အချိန်မှတ်ပြီးနောက်ပိုင်း နေရာရွှေ့လျှင်ပင် ထ၍ပေါက်ကွဲနိုင်ကြောင်းပြောပြသည်။

အေးဂျင့်တစ်ယောက်မှာ မိုက်လုံးကြီးလှသော ဖုရှင်းအပေါ်ဒေါသထွက်ကာ နားအုံပွင့်ထွက်လောက်အောင် နားရင်းကိုရိုက်ပစ်လိုက်သည်။

. . . . . . . . . . . . . . . . . . . . . . . . .

ရဲတပ်ကြပ်ကြီးအပါအဝင် ကွန်မန်ဒိုခြောက်ယောက်နှင့် ဆရာနတ်၏ ဗာလ်တန်စက်သေနတ်ကိုင် လူဆိုးတစ်ဖွဲ့တိုက်ပွဲမှာ မပြတ်မသားဖြစ်နေဆဲ။

ရဲတပ်ကြပ်ကြီးအမိန့်အရ အတင်းဝင်အတင်းပစ်သော ကွန်မန်ဒိုနှစ်ယောက်ပင် ထိမှန်ဒဏ်ရာရသွားပြီး လူဆိုးတွေဘက်ကလည်း တတွေးကြီးထိမှန်လဲကျသွားသည်။

သို့သော် စက်သေနတ်သံ မရပ်သေး။ ရပ်၍နေသော ကရိန်းကြီးကို ကိုင်တွယ်သူမှာ ပြန်၍ကြိုးစားနေသော စက်သီး

www.burmeseclassic.com



ကြိုးတွေ လှုပ်ရှားလာပြီး နတ်တို့အသက်ကယ်လှေမှာ အောက်ထပ်ကျသွားပြန်သည်။

ထိုစဉ် ရဲကွန်မန်ဒိုတစ်ယောက် ပြေးတက်လာပြန်၏။ လက်တွင်းမှာ လက်ပစ်ဗုံးနှစ်လုံးကိုင်ထားသည်။ နတ်လူတွေ သူ့ကို လှမ်းမပစ်နိုင်အောင် ရဲတပ်ကြပ်ကြီးနှင့် နှစ်ယောက်က ကာပစ်ပစ်ပြေးထားသော်လည်း ကျည်နှစ်ချက် သူ့ကိုယ်ကိုထိမှန်သည်။

ထို့နောက် သတ္တိခဲကွန်မင်ဒို၏ လက်တွင်းမှာ လက်ပစ်ဗုံးနှစ်လုံး၊ လူဆိုးတွေရှိနေရာနေရာကို တစ်လုံးပြီးတစ်လုံးဝင်၍ သွား၏။

" ဝုန်း "

" ဝုန်း "

ပေါက်ကွဲသံနှစ်ချက်၊ ဆရာနတ်လူတွေ လွင့်စင်ထွက်သွားသည်။ စက်သေနတ်ကြီးမှာ ဝရံတာလက်ရန်းတစ်ခုကို ကျော်ကာ ပယ်လယ်ထဲထိုးကျသွားလေပြီ။ လက်ပစ်ဗုံးပေါက်ကွဲမှုအရှိန်ကြောင့် ကရိန်းကြိုးရစ်စက်သည် လီဗာကလစ်ပြုတ်ပြီး နောက်ပြန်လည်သွားလေရာ . . . .





နတ်တို့ပါလာသောလှေမှာ ဆက်၍နိမ့်ကျနေရာက အပေါ်ပြန်တက်လာပြီး၊ သင်္ဘောကိုယ်ထည်ကြီး၏ နံဘေးလေထဲတွင် တန်းလန်းကြီးဖြစ်၍ နေသည်။ မောင်းမရ . .။

ထက်အောင်အနီးက ကြိုးလုံးကြီးတစ်ချောင်းကို ဆွဲယူပြီး တန်းလန်းကျနေသောကြိုးမှ ခိုကာအသက်ကယ်လှေပေါ် ဆင်း၏။ ထက်အောင်ဆင်းလာတာ မြင်လျှင် ဆရာနတ် သေနတ်ကိုင်ထားသော ဂျူလီအား လက်ညှိုးထိုးပြ၏။

ဂျူလီအပေါ်ကိုမော့ပြီး ထက်အောင်ကို ဓားမြှောင်ဖြင့် ဆွဲပစ်၏။

" ဝေါ . . ဒက် . . ဒက် . . ဒက် "

ရီဘတ်ကာ ရုတ်တရက်ထပြီး ဂျူလီကို ဝင်တိုက်လိုက်သဖြင့် ကျည်ဆံတွေက လွဲချော်ကုန်သည်။ ရီဘတ်ကာ ချူပီဆီက သေနတ်ကိုဆွဲလု၏။

ချူပဟာဝမ် ရီဘတ်ကာအား နောက်မှထိုးနှက်ချင် အိမ့်မွန်ရှန်းကန်ထ၍ ကန်သည်။ ခင်ညိုအေးကလည်း သည်အတိုင်းမနေ။ ပစ္စတိုတစ်လက်ကိုထုတ်ယူနေသော နတ်အား ခုန်၍အုပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်ချည် အလစ်မှာ တစ်ယောက်နဲ့တစ်ယောက်လှုပ်ရှား၍ရသော လက်ကလေးများဖြင့် ကြိုးဖြည်ပေးထားခြင်းဖြစ်သည်။

လှခြောက်ယောက် နှစ်ယောက်တစ်တွဲစီ အပြင်းအထန်သတ်ပုတ်နေကြသောကြောင့် လေထဲတွဲလောင်းဆွဲထားခံရသော အသက်ကယ်လှေကလေးမှာ လှုပ်ရှားယိမ်းခါ၍နေသည်။

လှေအားချိတ်ဆွဲထားသည့် သံမဏိကြိုးကို မနီလာကြိုးဖြင့်ရစ်ပတ်ကာ နိုဆင်းလာသော ထက်အောင်မှာလည်း ပင်လယ်ထဲခြေလွတ်လက်လွတ် ပစ်ကျတော့မလို ဖြစ်နေရာလျှောတိုက်ဆင်းလာပြီး လှေကလေးထဲပစ်ကျ၏။

ထက်အောင် ပထမဆုံးတိုက်ကွက်က ချူဟာဝမ်။

ချူမှာ အိမွန်နှင့်ယှဉ်နေရာက နှဘေးရောက်လာသော ထက်အောင်ကို သူ၏လှုသတ်ပွဲကြီးဝင် ခြေဖဝါးစောင်းဖြင့် လှမ်း၍ကန်၏။

သူရပ်နေသော နေရာလှေကလေးက မတည်ငြိမ်သောကြောင့် ဟန်ချက်ပျက်ပြီး ကန်ချက်အားပျော့အသွား၊ ထက်အောင်၏ ဗယ်လက်မောင်းက သူ့ခြေသလုံးကို





ဖမ်းညှပ်ကာ၊ ညာတံတောင်ဖြင့် ဒူးအထက် ရှစ်လက်မအကွာကို စောင်းပစ်လိုက်၏။

ဖွတ်ကနဲ မြည်သံအဆုံး ချူဟာဝမ်ခွေကျသွားသည်။ သူ့အလွန်အားကိုးသော လှုသတ်ခြေထောက်သည် ဘဝတစ်သက်တာအတွက် အနားယူသွားရလေပြီ။

ထိုခဏမှာပင် ရီဘတ်ကာသည်လည်း ဂျူလီဓဝါင်းလက်ထဲက သေနတ်ကို လုယူရသွား၏။ အိမွန် ခုန်ဝင်လာပြီး . . ဗယ်ညာလက်သီးချက် များဖြင့် ဂျူလီဝေါင်းကို ထိုးနှက်သည်။

တကယ်တန်းကျတော့ ဂျူလီ အိမွန်တို့ မယှဉ်နိုင်ရှာ။ အိမွန်၏ ဗယ်ညာလက်သီးတွဲများ ရပ်လိုက်ချိန်မှာ လှေဝမ်းထဲခွေကျသွား၏။ နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။

ခင်ညိုအေးမှာတော့ နတ်၏ခုခံမှုကို ခံရပြီးသဲကျသွားသည်။ နတ်ကအားလုံးကို ပစ္စတိုဖြင့်ချိန်ရွယ်ပြီး . . . ။

"သောက်ရူးတွေ ဗုံးကြီးပေါက်တော့မယ် . . ။ မခြေးရဲ့အသေခံကျ . . ဟား ဟား ဟား"

အရူးတစ်ယောက်လို ရယ်မောရာက နတ် ပေကြာတဲ့ဆယ်အမြင့်မှ ပင်လယ်ပြင်အတွင်း ခုန်ဆင်းသွားလေသည်



www.burmeseclassic.com

www.burmeseclassic.com



ထက်အောင် နတ် နောက်လိုက်မည်ဟန်ပြင်စဉ် ရီဘတ်ကာက . .။

" ဒေါက်တာ နတ် ပြောတာ မှန်တယ် . . သူ ရီမုလ် ခလုတ်နှိပ်ထားပြီးပြီ၊ ဗုံးကြီး တကယ်ကွဲတော့မှာ" ဟုပြောလေသည်။

ထက်အောင် စိတ်တွေလှုပ်ရှားသွား၏။

" ဟင် . . ဒါဖြင့်ခရီးသည်တွေကို အမြန်ဆုံးကယ်တင်မှဖြစ်မယ်၊ လာလာ "

အပေါ်ပြန်တက်ဖို့ ကြိုးစားနေစဉ် အသက်ကယ်လှေကလေးသည် တအိအိပြန်၍ တက်သွားနေသည်။ အောက်ကို ငုံ့ကြည့်လိုက်တော့ လှိုင်းတွေကြားမှာ ကူးခတ်နေသော နတ်ကို တွေ့လိုက်ရသည်။

ရီဘတ်ကာက အပေါ်မှ မောင်းပြန်သေနတ်ဖြင့် လှမ်းအပစ်မှာ ရေထဲငုပ်သွားသည်။ ရီဘတ်ကာသေနတ်ကိုင်ကျွမ်းကျင်နေပုံကို ထက်အောင် အံ့သြနေစဉ် . . ရီဘတ်ကာက လက်ခလယ်၊ လက်ညှိုး၊ လက်မသုံးချောင်း အချင်းချင်းထိ၍ အေအမှတ်အသားဟု လုပ်ပြ၏။





ရီဘတ်ကာသည်လည်း အေရှုပိုလ်မှ အဆင့်မြင့်အေးဂျင့်တစ်ယောက်မှန်း ထက်အောင်သိလိုက်ရသောအခါ ပထမအံ့သြနေသည်များအားလုံး ပျက်ပြယ်သွားလေသည်။

အသက်ကယ်လှေကလေး မူလနေရာဆီ ပြန်ရောက်လာ၏။ စက်သီးကြီးကို ပြုပြင်ပေးပြီး လူအားဖြင့်ဆွဲတင်ပေးနေသော သင်္ဘောအင်ဂျင်နီယာနှင့် သင်္ဘောသားများကိုတွေ့လိုက်ရသည်။ ထက်အောင်၊ ခင်ညိုအေး၊ အိမွန်၊ ရီဘတ်ကာတို့ ကုန်းပတ်ပေါ်ခုန်တက်လိုက်ကြ၏။

ထိုစဉ် . . . .

. . . . . . . . . . . . . . . . . . . . . . . . . . .

ထက်အောင်၊ ခင်ညိုအေး၊ အိမွန်၊ ရီဘတ်ကာတို့ လေးယောက် ပထမကုန်းပတ်ပေါ် လှမ်းတက်လိုက်ပြီးချိန်မှာ ဂျူလီဝေါင်းသည် အသက်ကယ်လှေအား ချိတ်ဆွဲထားသော ကြိုးကိုတိုင်မှ ဆွဲဖြုတ်ချလိုက်၏။

တက်ချက်တည်းနှင့် အရေးပေါ်ဖြုတ်၍ရအောင်



www.burmeseclassic.com

www.burmeseclassic.com



တပ်ဆင်ထားသော ချိတ်များဖြစ်ရာ ဂျူလီဆွဲဖြုတ်လိုက်သည်နှင့် အသက်ကယ်လှေကလေးသည် ဂျူလီနှင့် ချူဟာဝမ်တို့ကို တင်လျက်သား အောက်သို့တည့်တည့်ကျသွားလေသည်။

ပေရှစ်ဆယ်အမြင့် လှိုင်းတွေပေါ်သို့ ဝုန်းကနဲပစ်ကျခြင်းဖြစ်သည်။ ဂျူလီရော ချူဟာဝမ်ပါ မှောက်တက်သွားပြီးမှ လှေဝမ်းထဲ ပြန်ပြုတ်ကျသွားကာ ရုတ်တရုတ် မထနိုင်ကြ။

" ကိုင်း . . သင်းတို့ကို ပစ်ထားလိုက် . . ဗုံးက ဘယ်နှစ်နာရီချိန်ထားလဲ ရီဘတ်ကာ "

" သုညခြောက် သုညသုညနာရီ "

" ဟာ မိနစ်သုံးဆယ်နဲ့ လေးမိနစ်ပဲလိုတယ် "

ထက်အောင်ရှေ့မှာ ကိုရယ်လ်ကွင်းမှ ချိဖ်အောဖစ်ဆာ ကုန်းပတ်အရာရှိချုပ် ဂျိဖ့်အင်ဂျင်နီယာ၊ စက်ဘက်အင်ဂျင်နီယာတို့ရောက်နေ၏။

ထက်အောင်က မေးသည်။

" ချိစ် . . ခရီးသည်တွေအားလုံးကို အသက်ကယ်လှေတွေပေါ်ချပေးဖို့ အချိန်ဘယ်လောက်ကြာမလဲ "

" တစ်နာရီခွဲကြာမယ် "





" ဟာ . . မဖြစ်ဘူး။ ဒီလောက် အချိန်မရဘူး . . ကဲ လုပ်ဖျာ အသက်လှေတွေအားလုံး ရေချ . . သင်္ဘောရဲ့ဘေးနှစ်ဘက် အဝေးဆုံးကို မောင်းခိုင်း "

" ကောင်းပြီ ကိုထက်အောင် "

ကုန်းပတ်အရာရှိသည် သင်္ဘောသားများ အကူအညီနှင့် ခရီးသည်တွေထဲမှ သက်ကြီးရွယ်အိုများ၊ ကလေးများ၊ မိန်းမများကို ဦးစွာအသက်ကယ်လှေများဖြင့် ထွက်ခွာစေ၏။

ခရီးသည် ယောက်ျားတစ်ချို့က နိုင်ငံကြီးသားဝိသနွှာအားနဲ့သူများကို ကူညီနေသည်။ သင်္ဘောသားများနှင့်ပူးတွဲလုပ်ဆောင်နေ၏။ ထိုအထဲမှာ စက်ဘုဆေးဆရာ ရက်ဂျက်လီ ထပ်ဆုံးကပါဝင်သည်။

ထက်အောင်၊ အင်ဂျင်နီယာချုပ်၊ ကုန်းပတ်မှူးတို့နှင့် အတူ ပွဲစင်ဆီလာခဲ့သည်။

ပွဲစင်ပေါ်မှာ မည်သူမျှမရှိ . . ကွန်မန်ဒိုသုံးယောက် ဗုံးကြီးအနားမှာ မကြောက်မရွံ့ ထိုင်စောင့်နေကြ၏။

မလှမ်းမကမ်းမှာ ထက်အောင်လက်ချက်ဖြင့် ဒဏ်ရာရနေသော ချွန်း ငြီးငြူနေဆဲ။ ထက်အောင်သင်္ဘောသားတွေ



www.burmeseclassic.com

www.burmeseclassic.com



အား အကူအညီတောင်းပြီး . . ချွန်းကို အသက်ကယ်လှေတစ်စီး နှင့် တင်ပေးလိုက်စေ၏။

ရီဘတ်ကာ၊ အိမ္မွန်၊ ခင်ညိုအေးတို့ သတိပေးသဖြင့် စက်ခန်းထဲပိတ်မိနေသော မိုက်ကယ်လ်ခေါင်းဆောင် လူဆိုး ဆယ်ယောက်ကို လက်နက်ချစေပြီး အသက်ကယ်လှေဖြင့် ထွက်ခွာစေသည်။

ခရီးသည်တွေထဲက မိန်းကလေးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများအားလုံး ထွက်ခွာပြီးချိန်မှာ အချိန်က မနစ် နှစ်ဆယ်သာ လိုတော့သည်။

ခရီးသည်ယောကျ်ားများ စတင်ထွက်ခွာနေပြီ။ ပွဲစင် ပေါ်အသင့်ယူထားသော ဆက်သွယ်ရေးစက်မှ ဆရာ့ခွေးအသံ ပေါ်ထွက်လာသည်။

" ထက်အောင် . . ခရီးသည်တွေ ကုန်ပြီလား "

" ယောကျ်ားတွေချည်းပဲ ကျန်တော့တယ် ဆရာ "

" ဟောင်ကောင်က မတ်ဆေ့ချ်ပြန်လာမယ်။ ပရော် ဖက်ဆာ ဖရှင်းကိုဖမ်းမိပြီ။ ဒါပေမယ့် သူ့ဗုံးက ရီမုဒ်နှိပ်ပြီး ပြီဆိုရင် နေရာတောင် ရွှေ့လို့မရဘူးတဲ့ကွာ "





" ဟင် . . ဟုတ်လား . . ဆရာ "

" မင်းတို့ ထွက်ခဲ့ဖို့လုပ်တော့ "

" ဆယ့်ငါးမိနစ်နေလို့ ရသေးတယ် ဆရာ "

" ထက်အောင် မင်းကို ငါအမိန့်ပေးနေတယ် . . ဗုံး အချိန်ကိုက်နာရီရဲ့ ဆယ်မိနစ်အလိုမှာ သင်္ဘောသားတွေအားလုံး နဲ့အတူ မင်းလူတွေရော မင်းရော သင်္ဘောကြီးကို စွန့်ခွာဝါ ကြားလား . . ဒါ အမိန့်ပဲ "

" ဟုတ်ကဲ့ ဆရာ "

ထက်အောင် ကွန်မန်ဒိုတစ်ယောက်အား အမိန့်ပေး သည်။

" ဟေ့ . . မင်းက နာရီကြည့်နေပြီး တစ်မိနစ်ပြည့် တိုင်း ဘယ်နှယ် မိနစ်ပဲကျန်တော့တယ်ဆိုတာ အားလုံးကြား အောင် အော်နေကွာ ကဲစ . . "

" နှစ်ဆယ့်ရှစ်မိနစ်ပဲ လိုတော့တယ် "

ထက်အောင် ဗုံးကြီးအား ပြန်လှေလာပြန်၏။ လှုပ်ရှား သယ်မသည်နှင့် ပေါက်ကွဲစေနိုင်သော စနစ်မှာ ပြဒါးဖိအားသုံး သောစနစ်ဖြစ်မည်။ ပြဒါးဖိအားသုံး ဆက်စမိုပရက်ရှာကိရိယာ



www.burmeseclassic.com

www.burmeseclassic.com



ကိုရှာ၏။ ယူပုံသဏ္ဌာန်ဖန်ပြွန်ကလေးဖြင့် ထည့်ထားသော ပြဒါးများနှင့် ပရက်ရှာကိရိယာဖြင့် ဆက်ထားသော ဆားကစ်တစ်ခုကိုတွေ့သည်။

ပြဒါးဖိအား လယ်ဗယ်လ်ပြင်ညီမှတ်ကို ကြည့်သည်။ လှိုင်းပုတ်သော ဒဏ်ကိုခံနိုင်အောင် ခပ်မြင့်မြင့်လုပ်ထား၏။

ထက်အောင် ဝမ်းသာသွားသည်။

ဟုတ်ပြီ . . ဤဗုံးကြီး ကို ဘယ်ညာသုံးဆယ်ဒီဂရီအထိ ဘိမ်းစောင်း၍ရမည်။ သုံးဆယ် ဒီဂရီကျော်မှ ပြဒါးတွေ တစ်ဆက်ဆက်ဖိအားများကာ လျှပ်စီးလမ်းမှ ဗုံးကွဲစေနိုင်သော လျှပ်စစ်ခါတ်ကူးမှုပြုလုပ်မည်ဖြစ်၏။

ပွဲစင်၏သံလက်ရန်းဝရံတာကိုကြည့်ပြီး အင်ဂျင်နီယာချုပ်အားမေးသည်။

“ ချိမ် . . အဲဒီ ဝရံတာဖြုတ်လို့ရမလား ”

“ မရနိုင်ဘူး ”

“ ဖြတ်ချရင်ရော ရမလား ”

“ တစ်မိနစ်အတွင်း ဖြတ်လို့ရတယ် ”

“ ကောင်းပြီ . . ဒီဗုံးကြီးကို ဖယ်ရှားပစ်မယ် ”





“ ရွှေ့ရင် ပေါက်ကွဲမယ်ဆို ”

“ သုံးဆယ်ဒီဂရီထက်ပိုပြီး မတိမ်းစောင်းရင် မပေါက်ကွဲနိုင်ဘူး။ ကဲ . . ကျွန်တော်လိုတာ ပြောမယ်နော် ”

“ ပြော ”

“ အဲဒီဝရန်တာလက်ရမ်းကို ဗုံးတစ်လုံးစာဖြတ်ပေးပါ။ ဗုံးကိုရွှေ့ဖို့ ဒလိမ့်တုံးတွေယူလာပါ၊ စက်ခန်းထဲဆင်း ရေကို မိုင်ကုန် မောင်းထားပါ ”

အင်ဂျင်နီယာက သင်္ဘောသားတွေကို ဆင့်ကဲညွှန်ကြားသွား၏။ စည်းကမ်းရှိသော သင်္ဘောသားတွေမှာ တုန်လှုပ်ကြောက်ရွံ့ခြင်းအလျဉ်းမရှိ။

ညွှန်ကြားချက်အတိုင်း အပြေးအလွှားလုပ်ဆောင်ကြ၏။ ခါတ်ငွေ့အိုးများယူလာပြီး ဝရံတာသံပန်းကို ခါတ်ငွေ့မီးလျှံဖြင့် ဖြတ်နေကြစဉ် . .

“ ဘော် . . ဘော် ”

ကိုရယ်လ်ကွင်းသည် ပြန်လည်အသက် ဝင်လာပြီး ဥဩကိုဆွဲ၏။ မီးခိုးခေါင်းတိုင်မှာ ဒီဇယ်မီးခိုးပါးပါးကလေးတစ်အုပ်ထွက်လာပြီး သင်္ဘော၏ကျောက်ဆူးများနှုတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကိုရွှေ့လားစပြုသည်။

" မိနစ်နှစ်ဆယ်ပဲ လိုတယ် "

အချိန်မှတ်သူက သတိပေးနေပြီ။ အရေးထဲ ဝိုင်ဂျီက ခေါ်နေပြန်၏။

" ထက်အောင် မွန်းဘာတွေလုပ်နေလဲ . . " တဲ့။

ဆရာဒွေးရဲ့အသံ။

ရဲတပ်ကြပ်ကြီးက ထက်အောင်ကိုယ်စား အခြေအနေကိုရှင်းပြနေသည်။

ဆရာဒွေးမကျေနပ် ' တော်တော်ခက်တာပဲ တစ်ခုခုဖြစ်ရင် ရှင်းရခက်မယ် "

ရီဘက်ကာ၊ အိမ့်မွန်၊ ခင်ညိုအေးတို့သုံးယောက် ခုထိသင်္ဘောကြီးမှ မခွာသေးပါ။ မှန်ပြောင်းတစ်လက်ဖြင့် မျှောနေသော အသက်ကယ်လှေကလေးတစ်စီးကို ကြည့်နေ၏။ သင်္ဘောကြီး၏နောက်နားမှာ မျှောနေသော အသက်ကယ်လှေကလေးပေါ်တွင် ချူပြာဝမ်နှင့် ဂျူလီဝေါင်းရေထဲက လူတစ်ယောက်ကို ဆွဲတင်နေတာတွေ့ရသည်။

ဖန်ဆရာနတ်။ သူတို့ဆွဲတင်နေတာ နတ်ဖြစ်သည်။





ထိုစဉ် ဒလိမ့်တုံးငွေသယ်လာသော သင်္ဘောသားတွေရောက်လာသည်။

ထက်အောင်ပြောသလို ဒလိမ့်တုံးတွေ စီခင်းနေစဉ် . ,

" ဆယ့်ငါးမိနစ်ပဲ လိုတယ် " ဟု သတိပေးသံပေါ်လာသည်။

ဝရံတာလက်ရန်းကို ဓာတ်ငွေ့မီးဖြင့် ဖြတ်ပြီးသွားပြီ။ ပွဲစင်သံပြားမှ အကာအရန် မဲ့ ဟင်းလင်းပွင့်သွား၏။

" အားလုံး ဦးဘက်ကိုပြေးကြပါ "

ထက်အောင် ပြောလိုက်၏။

အင်ဂျင်နီယာချုပ်က မကျေမနပ် ' ဘာဗျ ' ဟုမေးသည်။

" ငြင်းဆန်နေဖို့ အချိန်မရဘူး ချိစ်၊ အန္တရာယ်အကြီးဆုံး အချိန်ရောက်လာပြီ . . ကျွန်တော်ပြောသလို လုပ်ပါ . . ဗုံးကို တွန်းချဖို့က လူလေးယောက်ပဲလိုတယ် . .၊ ကျွန်တော်နဲ့ ကျွန်တော့်လူတွေ လုပ်မယ် "

" ဟင် "

ချိစ်အင်ဂျင်နီယာမှာ သက်ပြင်းကိုချကာ သင်္ဘောသား



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုခေါ်ပြီး ပွဲစင်ပေါ်ဆင်းသွားကြသည်။ ဒါပေမယ့် လွတ်ရာလွတ်ကြောင်း ကသုတ်ကရုတ် ပြေးသွားခြင်းမဟုတ်။ ထက်အောင်တို့လေးယောက်ကို စိတ်မချသလို လှည့်ကြည့်လှည့်ကြည့်နှင့် ဖြည်းဖြည်းခြင်း သွားနေခြင်းသာ။

" ကိုးမိနစ်ပဲလိုတယ် "

သတိပေးသံပေါ်လာပြီးချိန်မှာ ဖုံးကြီးကိုမ၍ ဒလိမ့်တုံးပေါ်တင်၏။ နှစ်ယောက်က ဝဲယာနှစ်ဘက် မထိန်းကိုင်ထားပြီး နှစ်ယောက်မှတွန်း၏။

ရီဘတ်ကာ၊ အိမွန်၊ ခင်ညိုအေး ရေကူးကန်ကလေးနဘေးမှာဝပ်ပြီး မှန်ပြောင်းဖြင့်ကြည့်နေသည်။ ဖုံးကြီးမှာ ပြင်ညီအနေအထားအတိုင်း ရွေ့လျားလာရာမှ ဝရံတာနားရောက်လာပြီးနောက် . . .

" တွန်း "

ထက်အောင် အမိန့်သေးသံအဆုံးတွင် ကုန်းပတ်သံပြားအဆုံးမှတအား တွန်းချလိုက်သည်။ လျောကနဲကျသွား၏။ ရေလှိုင်းတွေထဲ ဝုန်းကနဲမြုပ်သွားသည်။

ထိုအချိန်တွင် သင်္ဘောကြီးက တစ်နာရီရေမိုင်သုံးဆယ်





နှုန်းမောင်းနေသည်ဖြစ်ရာ၊ နားကွဲလုမတက် ပြင်းထန်လှသောပေါက်ကွဲမှုကြီးပေါ်မလာမီ၊ ဖုံးကြီးရေငုပ်သွားသော နေရာနှင့် ကိုက်တစ်ရာခန့်အကွာ ရောက်သွားပြီဖြစ်၏။

သို့သော် . . .

ပွဲစင်ပေါ်က ထက်အောင်တို့အားလုံး နားကွဲလုမတတ်ပေါက်ကွဲသံကြီးနှင့်အတူ လေထဲမြောက်တက်သွားကြ၏။

သင်္ဘော၏နောက်ဘက် ကိုက်တစ်ရာအသွာက ရေလုံးကြီးတစ်လုံး ဘွားကနဲပေါ်ထွက်လာကာ ပေငါးဆယ်ခန့်မြင့်တက်သွားသည်။ သင်္ဘောပွဲပိုင်းသည် လှိုင်းတွေပေါ်က လွတ်ပြီးဆယ်ပေလောက် လေထဲမြောက်ပါသွားရာ လည်နေသောရေမပန်ကာကြီးနှစ်လုံးကိုပင် မြင်လိုက်ရသည်။

ဧည့်မြို့ကြီးမားလေးလံသော သင်္ဘောကြီး၏ ပွဲပိုင်းသည်ပင် ဆယ်ပေလောက် မြောက်တက်သွားသည်ကို တောက်လျှောက်ဆူပါဖုံး၏ ပြင်းထန်လှသော အင်အားကိုတွေးဆနိုင်လေသည်။

ထက်အောင်တို့အားလုံးမှာ ပွဲစင်ကြမ်းပေါ် လဲကျပြီး၊ ပွန်းပဲ့ရုတ်ပြတ်သော ဒဏ်ရာ နောက်စိမ့်ဖူးသွားသောဒဏ်ရာ၊ ချိုးစောင်းကွဲသွားသော ဒဏ်ရာများရသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အားလုံးပြုံးဖြဲဖြဲမျက်နှာကလေးတွေဖြင့် ထရပ်လိုက်ကြသည်။ အင်ဂျင်နီယာချုပ်ကြီးနှင့် သင်္ဘောသားများ၊ ရီဘက်ကာ၊ အိမ္မွန်၊ ခင်ညိုအေးတို့ သုံးယောက် သူတို့အားလုံးလည်း လဲကျသွားကြ၏။

လဲရာကပြန်ထပြီး ပွဲစင်ပေါ်လှမ်းကြည့်လိုက်သည်။ ပွဲစင်ပေါ်မှာ ထက်အောင်တို့ လေးယောက်ထရပ်နေသည်ကို မြင်သော သင်္ဘောသားများက လက်ခုပ်သြဘာပေးလိုက်ကြလေသည်။

ကပ္ပတိန်ကြီးဘစိုးထွန်းထွန်း ပတ်တီးတွေအဖွေးသားနှင့် ရောက်လာကာ ထက်အောင်ကိုအားပါးတရ လက်ဆွဲနှုတ်ဆက်ပြီး . . .

" မစ္စတာထက်အောင် ယူဆော့ဗ်မိုင်ရှစ်ပ် . . ခင်ဗျား ကျုပ်ရဲ့ သင်္ဘောကြီးကို ကယ်တင်လိုက်တာပဲ . . သိပ်တော်တယ် ဒေါက်တာ ခင်ဗျား သိပ်တော်တယ် "

ထက်အောင် ခပ်တိုးတိုး ဝန်ခံလိုက်၏။

" ကျွန်တော်က တကယ့်ဒေါက်တာ မဟုတ်ဘူး။ ကပ္ပိတိန် ကျွန်တော် အထူးရဲတပ်ဖွဲ့ အကြမ်းဖက်မှုတားဆီးနှိမ်





နင်းရေးဖြူရှိက အေးဂျင့်ထက်အောင်ပါ "

" ဟာ ဟုတ်လား . . ဂုဏ်ယူပါတယ် ကိုထက်အောင် . . ကိုရယ်လ်ကွင်း သင်္ဘောကြီးပေါ်က ခရီးသည်တွေကိုရော သင်္ဘောကြီးပါ ကျွန်တော်တို့ မြန်မာတာဝန်ရှိသူတွေနဲ့ ဥဝဒေဘက်တော်တွေက ကယ်တင်လိုက်နိုင်ဆိုတာ ဂုဏ်ယူစရာပါပဲ"

ရီဘက်ကာ၊ အိမ္မွန်၊ ခင်ညိုအေးတို့ သင်္ဘောကြီး၏ နောက်ဘက်သို့ မှန်ပြောင်းဖြင့် လှမ်းကြည့်နေရာက . . .

" သူတို့လှေကို တိုက်ရိုက်ထိသွားပုံရတယ်တယ် . . ကိုထက်အောင် " ဟုဆို၏။

ဂျူလီဝေါင်း၊ ချူဟာဝမ်၊ ဆရာနတ်တို့ သုံးယောက်ပါသွားသော အသက်ကယ်လှေကလေးသည် ကားတိုက်ခံရသော သံဖြူပုံးကလေးလို စုတ်ပြတ်ပိန်လိန်ပဲ့ရွဲ့ကာ တဖောင်နစ်မျှော ပါနေလေသည်။

ပြီးပါပြီ

ဇော်ထက်အောင်



www.burmeseclassic.com